www.burmeseclassic.com

# ကိုရွှေတောသား ရောက်တီး ရောက်ကောက်

( ကျေးလက်ပျော်ဟာသလုံးချင်းဝတ္ထုစစ်စစ် )



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် – ၅၀၀၈၈၅၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၉၄၀၀၇၀၉

စီစဉ်သူ – ကိုပြိုး

မျက်နှာဖုံးပန်းချီ – သန်းဇော်သစ်

ထုတ်ဝေသူ – ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ် ၂၊ ချွန်း(၁) လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်။

မျက်နှာဖုံးနှင့် – ဦးကျော်စိန်(ကျောက်စိမ်း)
အတွင်းပုံနှိပ် ၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတား။

ကွန်ပျူတာစာစီ – တင်မိုးနိုင်

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀

ကိုရွှေတော်သား ၈၉၅.၈၃
နောက်တီးနောက်တောက် / ကိုရွှေတော်သား။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၀၉။
၁၆၀-စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊
(၁) နောက်တီးနောက်တောက်

စိန်မိုးယံ စာပေ


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ကိုရွှေတောသား

# နောက်တီးနောက်တောက်

(ကျေးလက်ပျော်ဟာသလုံးချင်းဝတ္ထုစစ်စစ်)

စိန်မြိုးယံ ဆပေ

www.burmeseclassic.com

www.burmeseclassic.com

လူ့လောကဝိဘုံစလေ့မှာဖြင့်
ကြုံတွေ့ရကြောင်းခြင်းရာ။

ပုထုဇဉ်ဉာဏ်မှုတာကောင်းရယ်မို့
ရပ်ရှုစ်ခွင်နယ်တစ်ကြော
သောမှုယ်ချည်းသာ။

အမြီးအမောက်မတည့်လျှင်ဖြင့်
အမြီးမြောက်သကွယ်ပ္ပာသပါ
ရယ်သုံ့မှာအသက်ရှည်ခေ။

ပြောင်သူပြောင်နောက်သူနောက်
နောက်သူနောက်ပြောင်သူပြောင်တဲ့
ဤလူ့ဘောင်ဇနပုဒ်တောကိုလ
လွမ်းမောရှင်စိတ်ကြည်နူးစေဖို့
ရည်ရွယ်ကာစာတစ်အုပ်
ရေးထုတ်မိသေ။ ။

ဖြိုးမေတ္တာခံယူမယ့်

**ကိုရွှေတောသား**

၁၆–၄–၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာ ဘုန်းတော်ကြီးကျောင်းသည် ဆောင်းဟေမာန်၏ နက်ခင်းကာလ၌ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

သို့သော် ဘာမျှ မကြာလိုက်။

တစ်မိုးသောက်တော့မည့်၊ အရုဏ်လာတော့မည့်အချိန်၌ နှင်းမောင်းခေါက်သံသည် 'တုံ တုံ တုံ တုံ'ဖြင့် လေးလေးမှန်မှန် ထွက်လာလေသည်။ ထိုရောအခါဝယ် ကျောင်းရှိသံဃာများ ချောင်းအိပ်ကျောင်းစား ဘုန်းကြီးကျောင်းသားများသာမက ဆွမ်း ဆောင်တွင် နေထိုင်သော ကပ္ပိယဦးဝကြီးလည်း အိပ်ရာမှထကြ လာသည်။ ကပ္ပိယကြီးက ဆွမ်းချက်ဆောင်အတွင်း၌ ရေနွေးအိုး

www.burmeseclassic.com

www.burmeseclassic.com



ကျိန်နေသလို ကျောင်းအိပ်ကျောင်းစား ဘုန်းကြီးကျောင်းသားများ ဖြစ်ကြသော မောင်သိုက်၊ ငပိန်၊ ကျွဲသိုး၊ ငပြူးနှင့် ထုံကြီးတို့ ငါးဦးမှာလည်း အရုဏ်ဆွမ်းချိုင့်ချထားသော ရွာထဲရှိအိမ်များသို့ သွားရောက်ယူကြရန် ပြင်ဆင်ကြလေ၏။

ကျောင်းထိုင်ဘုန်းတော်ကြီး အပါအဝင် လက်ထောက်ဦးဇင်း၊ ခန်းနေဦးဇင်းတို့မှာလည်း ကိုယ်လက်သန့်စင်ပြီးသကာလ ကျောင်းဆောင်အပေါ်ထပ်ရှိ စကျင်ကျောက်ဖြင့် ထုထားသည့် ရုပ်ပွားတော်မြတ်ကြီးအား ပန်းရေချမ်း ဆီမီးတို့ကပ်လှူကာ ရှိခိုးဝတ်ပြုနေကြလေတော့သည်။

သည်လိုမျိုး သက်ဝင်လှုပ်ရှားနေမှုသည် တစ်နေ့လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်ရာသီလည်းမဟုတ်၊ နိစ္စဓူဝ လိုဖြစ်နေရာ ကျောင်းအတွက်လည်း ဘာမျှဆန်းမနေသလို ထန်းပင်စုရွာအတွက်လည်း ဘာမျှ အဆန်းမဟုတ်တော့။

ထိုစဉ်မှာပင် ကပ္ပိယဦးဝကြီး မွေးထားသော စစ်တကောင်းကြက်ဖကြီးသည် ထင်းရုံနံဘေးရှိ ခံတက်ပင်ကိုင်းဖျားပေါ်မှ တောင်ပံနှစ်ဖက်ကို တဖြန်းဖြန်း ရိုက်ရင်း ကြက်မ မဒါန်း၊ ကြက်မအပျိုစင်၊ ကြက်မတစ်ခွလပ်၊ ကြက်မုဆိုးမတို့နှင့် မကြာခင် ကျရောက်လာမည့် နေ့တစ်နေ့၏ ကာလအတွင်း 'အာဝါဟဝိဝါဟ' ပြုရန်အတွက် ကြိုးဝါးသည့်အနေဖြင့်

"အောက် အိ အီး အွတ်" လိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ကျောင်း

# ၅

သံဃာတော်များ အားလုံးပင် အရုဏ်ဆွမ်း သာကမ၊ နေ့ဆွမ်းပါ ဘုဉ်းပေးပြီးခဲ့ပြီပင်။ ထိုအခါဝယ် စကြံလျှောက် သော ကိုယ်တော်က စကြံလျှောက်၏။ ရွာထဲ ဒေသစာရီလှည့်သော ကိုယ်တော်က လှည့်၏။ ကျောင်းထိုင်ကိုယ်တော်ကြီးသည်ပင်လျှင် တျက်သရေခန်းထဲသို့ဝင်ကာ တစ်ရေးတစ်မော ကျိန်းစက်နေပြီပင်။

ကျောင်းထိုင်ကိုယ်တော်ကြီးက အသက်အရွယ် ဇရာပိုင်းသို့ ရောက်နေပြီမို့ အစစအရာရာ ကိစ္စမှန်သမျှ လက်ထောက်ဖြစ်သော ဦးပဉ္ဉင်း ဦးစန္ဒိမာကို အုပ်ချုပ်ရန် လွှဲအပ်ထားလေသည်။ ဦးပဉ္ဉင်း ဦးစန္ဒိမာသည် ဤထန်းပင်စုရွာ၏ ချက်မြှုပ်ဇာတိဖြစ်ပြီး ကိုရင်ဘဝမ ဏောဘဝမှ ရဟန်းဘောင်သို့ တက်ခဲ့သော ငယ်ဖြူကိုယ်တော်ဖြစ် သည်။ စာပေဗဟုသုတ ကျမ်းဂန်တို့ကို လေ့လာလိုက်စားသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ရပ်ရွာသူရပ်ရွာသားများအပေါ် သြဇာတည်ကာ လေးစားကြည်ညိုခြင်းကို ခံရသော ပုဂ္ဂိုလ်တစ်ပါးလည်းဖြစ်၏။

သည့်အတွက်ကြောင့်ပင် ထန်းပင်စု ရွာသူရွာသားများထဲမှ အမျိုးသမီးများက ၎င်းတို့၏သားများ လိမ္မာရေးခြားရှိစေရန်အတွက် ထန်းပင်စုဘုန်းကြီးကျောင်းရှိ လက်ထောက်ကျောင်းထိုင် ဦးပဥ္စင်း စန္ဒိမာထံ လာရောက်အပ်နှံထားကြ၏။ အလုပ်အကိုင်ပေါ်လျှင် ပြန်ခေါ်သွားတတ်ကြ၏။ သည့်အတွက် ထန်းပင်စုကျောင်းသည် ဘုန်းကြီးကျောင်းသားများနှင့် စည်ကားလှချေ၏။

သို့သော် အမြဲတမ်းတော့ မဟုတ်ပေ။

အင်အား များသည့်အခါများ၊ အင်အား နည်းသည့်အခါ နည်းနှင့်။

၎င်းတို့ ဘုန်းကြီးကျောင်းသား အမာခံဟု ဆိုရမည့်သူမှာ ငါးဦးဟူ၍သာ ပြောရတော့မည်ဖြစ်၏။ ရွာထဲ၌ တေလွန်းရှုပ်လွန်း၍ပေပဲလား၊ အလုပ် လက်ကြောမတင်းသောကြောင့်ပေပဲလား၊ ဆန်ကုန်မြေလေးသဖြင့် ကျွေးမထားနိုင်တော့သည်လား။ အကြောင်းတရား တစ်ခုမဟုတ် တစ်ခုခုနှင့်ငြိလျက် ငါးဦးသား လောင်းကျော်ကြကုန်သော မောင်သိုက်၊ ငပိန်၊ ကျွဲသိုး၊ ငပြူးနှင့် ထုံကြီးတို့မှာ ရာသက်ပန် ဘုန်းကြီးကျောင်းသားတွေအလား မြဲနေကြလေတော့သည်။

ဦးပဥ္စင်း ဦးစန္ဒိမာသည် ခါးမဆန့်နိုင်သေး။

သည်နှစ် တပေါင်းပွဲတော်ရောက်လျှင်ဖြင့် ထန်းပင်စုရွာ ဘုရားပွဲ၌ မည်သည့်အငြိမ့်၊ မည်သည့်ဇာတ်အဖွဲ့ကို သွင်းရပါမည်နည်းဟု စဉ်းစားလျက် ဇာတ်သဘင်ကြော်ငြာပါသည့် စာစောင်ကလေးများကို လှန်လှောကြည့်ရှုနေလေ၏။

"ကုန်းဘောင်ခေတ် စာပေပညာရှင်ကြီး စိုးကျော်သူ



www.burmeseclassic.com

www.burmeseclassic.com



လား၊ မာန်လည်ဆရာတော်ကြီးလား တစ်ဦးဦးတော့ တစ်ဦးဦးပဲ။ 'တစ်နှစ်တစ်ခါ၊ ငရဲရွာ၊ လူ့ရွာဘုရားပွဲ'လို့ ဆိုထားတယ်။

ဘုရားပွဲလုပ်တာ ငရဲကြီးတယ်တဲ့။ ဒါလည်း ဟုတ်တာ ပါပဲလေ။ လောကီအာရုံ ကာမဂုဏ်တွေက များပေသကိုး။ ဒါပေမဲ့ 'မကြည့်တတ်ရင် တဏှာ၊ ကြည့် တတ်ရင် ဘာဝနာ'တဲ့။ ဘာဝနာဖြစ်အောင် ကြည့် တတ်၊ဆင်ခြင်တတ်ရင် ငရဲမကြီးနိုင်တဲ့အပြင် ကုသိုလ်တောင်ရသေး''

သူ့ဘာသာသူ တစ်ဦးတည်း ရေရွတ်နေမိတော့သည်။ ထို စဉ်မှာပင် သူ့ထံပါး မောင်သိုက်ရောက်လာသည်။ သူ့ပုံကို ကြည့်ရ သည်မှာ ကြောင့်ဟိုသင်းကို မီးမြိုက်ခံထားရသည်နှင့်မခြား မသက် မသာ၊ မကြည်မလင်။ ရုပ်ကိုက 'ကြောင်မြီးပူ'ရုပ်။

''ဟကောင် ကြောင်မြီးပူ၊ အဲ မောင်သိုက်။ ဘာကိစ္စလဲ ဆိုစမ်း''

''ဦးဇင်းကို တပည့်တော် တိုင်စရာ ရှိလို့ပါ ဘုရား''

''ကိုင်း ဆိုစမ်း ဘာများတိုင်ချင်လို့လဲ''

''ဒီလိုပါဘုရား တပည့်တော်အိပ်တဲ့နေရာရဲ့ အနောက် ဘက် ပစ္စည်းထားတဲ့နေရာမှာ ပွဲလမ်းသဘင်ရောက်ရင်စီးဖို့ အတွက် တပည့်တော်ရဲ့အစ်မ ပဲနွတ်ခရတဲ့အထဲက ဝယ်ပေး ခဲ့တဲ့ ရာဘာဖိနပ်အသစ်ကလေး မရှိတော့ဘူးဘုရား။ မနက် အရုဏ်တက် ဆွမ်းချိုင့်ယူမယ် လုပ်တုန်းကတောင် ရှိပါသေး တယ်ဘုရား။ အဲဒါ ပစ္စည်းပြန်ရအောင် လုပ်ပေးဖို့ ဦးဇင်း ကို လာတိုင်တာ ပါဘုရား''

''အေး အေး ငါ လာခဲ့မယ်။ ကပ္ပိယဦးဝ ကြီးကိုလည်း ကျောင်းအောက်မှာ အဆင်သင့်စောင့် နေလို့ပြော။ ငါ ယ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားမှ အပြင်မသွားစေနဲ့လို့ပြော ကြားလား"

"တင်ပါ့ ဘုရား"

ကြောင်မြီးပူ မောင်သိုက် ကျောင်းအောက်ပြန်ဆင်းသွားတော့ ဦးစန္ဒိမာလည်း သူ့တပည့်ကျောင်းသားများ၏ အနေအထားကို သုံးသပ်နေမိသည်။ ဖိနပ်ပျောက်မှုကိစ္စနှင့် စပ်လျဉ်းပြီး စဉ်းစားခန်းဝင်မိသည်။

ပစ္စည်းရှင်မောင်သိုက်ကား ကြောင်မြီးပူဟု ဘွဲ့ထူးပေး ရလောက်အောင် သူ့ပစ္စည်းတစ်ခုခုများ မယိလိုက်လေနှင့်။ ပွစိ ပွစိနှင့် မီးခိုးကြွက်လျှောက် ပြဿနာရှာ၍မဆုံးတော့ပြီ။ ပြီးတော့သူ့ပစ္စည်းမှ သူ့ပစ္စည်း။ ပစ္စည်းချင်း အမျိုးတူစေဦးတော့ သူ့ပစ္စည်းသာလျှင် အကောင်းဆုံး။ သူများပစ္စည်းဆိုလျှင်တော့ တစ်စက်ကလေးမျှ သုံးစား၍မရတော့လောက်အောင် မှိုချိုးမှျစ်ချိုးပြောတတ်သည်။

ကျန်တပည့် ကျောင်းသားတွေဖြစ်ကြသော ငပိန်၊ ကျွဲသိုး၊ ငပြူးနှင့် ထုံကြီးတို့မှာလည်း စင်စစ်မတော့ သူတစ်ပါးပစ္စည်းကို ခိုးဝှက်ယူလောက်သည့်အထိ စာရိတ္တမဆိုးကြ။ နောက်ပြောင်တာလောက်တော့ ကိုယ့်ချင်းကိုယ့်ချင်း ရှိပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ခုဟာက နောက်ပြောင်ခြင်း မဟုတ်တော့။

စည်းကျော်လာပေပြီ။ ဒါမျိုးတော့ ကိုယ့်ကျောင်းမှာ အဖြစ်မခံ။ ရာဇဝင်အကြီးအကျယ် ရှိင်းပေလိမ့်မည်။ ကျောင်းလည်းနာမည်ပျက်သလို၊ ရွာလည်းနာမည်ပျက်မည်မှာ မုချကေန်။ သည်တော့ သည်ကိစ္စကို ပြတ်ပြတ်သားသားရှင်းလင်းမှ ဖြစ်မည်ဟု ဦးစန္ဒိမာ ဆုံးဖြတ်ထားလိုက်ပါ၏။

ကျောင်းအောက်သို့ ဦးစန္ဒိမာရောက်တော့ ကပ္ပိယဦးကြီး အပါအဝင် သကောင့်သား ငါးယောက်ကိုပါ မျက်နှာငယ်လေးတွေနှင့် တွေ့လိုက်ရချေ၏။

www.burmeseclassic.com



မျက်နှာငယ်ပေမပေါ့။ ဦးစန္ဒိမာ၏လက်ထဲမှာ သုံးပင်ပူးထားသော ထားဝယ်ကြိမ်လုံးကို ကိုင်ထားသည်မဟုတ်လား။

ဦးစန္ဒိမာက ပြတ်သားသည်။

အကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာလျှင် ကျောသားရင်သား မခွဲခြား။

ချီးမွမ်းစရာရှိလျှင် ချီးမွမ်း၏။

ကျွေးမွေးစရာရှိလျှင် ကျွေးမွေး၏။ ဘာမျှ မတွန့်တို။

အဲ အပြစ်ရှိလာလျှင်လည်း အပြစ်နှင့်လျော်ညီသည့် အပြစ်ဒဏ်ကို ပေးတတ်စမြဲပင်။ ထို့ကြောင့်လည်း ကျောင်းသားအပေါင်းက ဦးစန္ဒိမာအား လေးစားချစ်ခင် ခန့်ညားကြသကဲ့သို့ ဒူးတုန်အောင်လည်း ကြောက်လန့်ရသည်သာတည်း။

''အဟမ်း အဟမ်း''

''ဖြောင်း ဖြောင်း''

ချောင်းဟန့်သံဖြင့် အခမ်းအနားကိုစဖွင့်ကာ ကျောင်းနံရံကို ထားဝယ်ကြိမ်နှစ်ချက် ရိုက်နှက်ခြင်းဖြင့် တစ်လှန့်လိုက်ရာ ငပိန်တို့အုပ်စု တွန့်ခနဲဖြစ်သွားရသည်။

''ခု မင်းတို့ကို ဒီမှာ စုစုစည်းစည်း ခေါ်ထားရတဲ့ ကိစ္စကို မင်းတို့ သိပြီးဖြစ်ကြလိမ့်မယ်ထင်တယ်။ မသိရင်လည်း ပြောပြရသေးတာပေါ့။

ကိစ္စကတော့ မောင်သိုက်ရဲ့ ဖိနပ်အသစ်ကလေးတစ်ရံဟာ ဒီကနေ့ ဆွမ်းခံချိန်လောက်မှာ ပျောက်ချင်းမလှ ပျောက်နေတယ်။ အဲသည်ဖိနပ်ဟာ မနက်အရုဏ်ဆွမ်းချိုင့်သွားယူတုန်းကတောင် ရှိသေးသတဲ့''

ဦးစန္ဒိမာ၏ ရှင်းလင်းပြတ်သားသောစကားကြောင့် ငပိန်တို့ ငချဲသိုးတို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ကျောင်းသားထဲက တစ်ယောက်ယောက် သစ္စာမဲ့လို့ ပျောက်ချင်းမလှ ပျောက်ရတာပဲ။ ဒီလိုမျိုး သစ္စာမဲ့တာ ကောင်းသလား၊ မကောင်းဘူးလားဟေ့"

"ဘယ်ကောင်းပါ့မလဲ ဘုရား၊ ခုဆိုတပည့်တော်မှာ"

"တော်စမ်းကွာ မောင်သိုက်၊ မင်းကို 'ကြောင် မြီးပူ' လို့ နာမည်ပေးကြတာ တကယ်လည်း ပေးချင်စရာပဲ။ ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲ ဆိုသလိုဖြစ်နေပြီ"

"ကိုင်း ဒီကိစ္စဟာ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလားဟေ့"

"မဖြစ်သင့်ပါဘူး ဘုရား"

"ဒါပေါ့ လုံးဝဆို လုံးဝ မဖြစ်သင့်တဲ့ကိစ္စ။ မင်းတို့ ကျောင်းအိပ်ကျောင်းစား ငါးယောက်ဆိုတာ တကယ့် သွေးသောက်ညီအစ်ကိုတွေလို ဖြစ်နေကြရမယ့်ဟာတွေ။ တစ်ဦးပစ္စည်းကိုတစ်ဦး အလွဲသုံးစား ပြုဖို့နေနေသာသာ စောင့်ရှောက်တန်စောင့်ရှောက်၊ ကာကွယ်တန် ကာကွယ်ပေးကြရမယ် မဟုတ်လား"

"တင်ပါ့ ဘုရား"

"ဒီတော့မောင်သိုက်ရဲ့ဖိနပ်ကို ဘယ်သူ ယူထားမိကြသလဲ ပြောစမ်း"

တစ်ယောက်မှ အသံထွက်မလာ။

"အေးလေ အားလုံးရှေ့တော့ ဘယ်ပြောမလဲ၊ ကိစ္စမရှိပါဘူး။ ဗျို့ ကမ္ပိယကြီး ဦးဝကြီး"

"ဘုရား "

"ခင်ဗျားအခန်းထဲ ကျုပ်သွားနှင့်မယ်။ ခင်ဗျား ဒီက

www.burmeseclassic.com

www.burmeseclassic.com



နေပြီး 'ကြောင်မြီးပူ' ကလွဲလို့ ကျန်လေးယောက်ကို တစ်ယောက်ချင်းလွှတ်ပေး"

"တင်ပါ့ ဘုရား"

"မင်းတို့အနေနဲ့ ဒီမှာက အများရှေ့မှာ ဖွင့်ပြောဖို့ရာ မရဲဘူးဆိုတာ သဘောပေါက်တယ်။ ဒါကြောင့် နှစ်ယောက်ချင်းတွေ့အောင် စီမံလိုက်တာပဲ။ အဲဒီကျရင် ယူမိရင် ယူမိတဲ့အကြောင်း ရဲရဲသာပြော။ ငါ့စိတ်ထဲပဲ မှတ်ထားလိုက်မယ်။ ဘယ်သူ ယူထားပါတယ်လို့ ငါပြောမှာမဟုတ်ဘူး စိတ်ချ။ အဲသလို ဝန်ခံပြောဆိုလို့လည်း လူမသိအောင် ယူရပါ့မလားဆိုပြီး ကြိမ်နဲ့မဆော်ဘူး။ အပြစ်မပေးဘူး။ ခွင့်လွှတ်လိုက်မယ် ဟုတ်ပလား။

ကဲ ဦးဝကြီး၊ ကျုပ် ရောက်သွားတာနဲ့ တစ်ယောက်ချင်း လွှတ်ပေတော့"

"တင်ပါ့ ဘုရား"

ဦးစန္ဒိမာက သူ့အကြံအစည် အထမြောက်မည်၊ အောင်မြင်မည်ဟု မှတ်ယူထားခဲ့သည်။ သို့ရာတွင် အချည်းနှီးသာတည်း။

တစ်ယောက်မျှ သူယူသည်၊ ငါယူသည်ဟု ဖွင့်မပြောကြ။ ည်တော့ ဦးစန္ဒိမာ နည်းနည်းတင်းလာသည်။

"မဟုတ်သေးပါဘူး။ မဟုတ်ကြသေးပါဘူး။ မင်းတို့ ကျောင်းသားချည်း စုနေကြတဲ့အခန်းက ပစ္စည်းပျောက်တာ မင်းတို့လက်ချက် မဟုတ်ရင် ငါတို့ လက်ချက်လို့ပြောမလား တောက်"

အားလုံးသည် ရင်တထိတ်ထိတ်နှင့်။

ပစ္စည်းပျောက်သော ကြောင်မြီးပူ မောင်သိုက်မှလွဲ၍ ကျန် ယောက်ျားလေးကောင်အား မတ်တတ်ရပ်ခိုင်းသည်။ က်မြောက်

www.burmeseclassic.com



နိုင်းသည်။ နည်းနည်းကလေးမှ ထိမထင်။ ဘုန်းကြီးကျောင်းပရိဝုဏ်ကို ပတ်ပြေးခိုင်းသော်လည်း အေးအေးဆေးဆေး။

ငင်းတို့ နေထိုင်ရာဝန်းကျင်ကို ကပ်ပွဲယကြီးအား စေ့စေ့စပ်စပ် ရှာဖွေခိုင်း၏။ ခြေရာလည်းပျောက်၊ ရေလည်းနောက်။ ဦးစန္ဒိမာအဖို့ သည်အမှုကိစ္စလေးလောက်ကတော့ဖြင့် သိပ်ခဲခဲယဉ်းယဉ်းမဟုတ်ဘဲ အလွယ်ပင် ပေါ်နိုင်လိမ့်မည်ဟု တွက်ဆထားရာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ လွဲချော်သွားခဲ့တော့ ကျွဲမြီးတိုချင်ချင်ဖြစ်သွားရလေသည်။ ဒေါသလည်း ဖြစ်ရပါချေသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

ကျောင်းနံရံကိုပဲ အသားလွတ် ကြိမ်သုံးချက် ဆော်ထည့်လိုက်၏။

"ကိုင်း မင်းတို့ငါးကောင်စလုံး သမ်တလင်းမှာ ဒူးထောက်လိုက်ကြစမ်း"

သည်ကတည်းက ဦးစန္ဒိမာအဖို့ ဗျူဟာတစ်ခုကို ပြောင်းတော့မည် ဖြစ်ကြောင်း နားလည်ရိပ်စားရပါသည်။

"ကိုင်း ငါက မင်းတို့ကို သနားလို့ သက်ညှာပြီး ဘယ်သူမှ မသိနိုင်တဲ့ အခွင့်အရေးတွေ ပေးခဲ့ပေမဲ့ မင်းတို့ဘက်က မရိုးသားကြဘူး။ ငါ့စေတနာနဲ့လုပ်ရပ်ကို အသိအမှတ်မပြုကြဘူး။

ဒီတော့ ငါ့အနေနဲ့ ဒီကျောင်းကို အုပ်ချုပ်လာတာကြာပြီ။ စန္ဒိမာရဲ့ ရာဇဝင်ဟာ ဘယ်တော့မှ မရှိုင်းခဲ့ဘူး။ ကြောင်မြီးပူရဲ့ ပစ္စည်းတန်ဖိုးဆိုတာ ဘာရှိမှာလဲ။ ခုချက်ချင်း ငါ့အနေနဲ့ ဖိနစ်တစ်ရန်တောင်မကဘူး၊ ဆယ်ရန်မက ဝယ်ပေးလို့ရတယ်။

ခုတော့ မင်းတို့က စန္ဒိမာရဲ့ရာဇဝင်ကို ရှိုင်းအောင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေကြပြီဆိုတော့ ငါ့ဘက်က ထားရှိတဲ့ သနား မေတ္တာဆို တာအကြောပြတ်ပြီ။ ရက်စက်တန်ရက်စက်ရတော့မယ်''

ဦးစန္ဒိမာ၏ နှုတ်ဖျားမှ 'ရက်စက်ရတော့မယ်' ဆိုသော စကားကြောင့် ငပိန်တို့အုပ်စု မျက်လုံးကလေးတွေ ကလယ်ကလယ် ဖြစ်သွားကြချေ၏။ ပြီးတော့ အချင်းချင်း တစ်ယောက်မျက်နှာကို တစ်ယောက် မသိမသာကြည့်မိကြရင်း ဦးခေါင်းတို့အား ဖြည်းညင်း စွာ ခါယမ်းနေကြလေတော့သည်။

''အမှန်မတော့ ဘာမှအဖိုးမတန်တဲ့ ကိစ္စလေးအတွက် နဲ့ ရက်ရက်စက်စက် မလုပ်သင့်တာအမှန်ပဲ။ ဒါပေမဲ့လည်း ခုဟာက အချင်းချင်းပေါ် သစ္စာမရှိတာ။ ကိုယ့်ရွာကိုယ့် ကျောင်းရဲ့ ဂုဏ်သိက္ခာကို မထောက်၊ အများကဲ့ရဲ့စရာ ဖြစ်အောင်လုပ်တဲ့ ခြပုန်းလိုကောင်မျိုးကို သနားနေလို့ မရ တော့ဘူး။ သနားတာနဲ့ တစ်ခါတည်း မြွေပွေးခါးပိုက် ပိုက် သလို ဖြစ်တော့မှာပဲ။

ဒါကြောင့်ငါ့အနေနဲ့ ငါ့ရဲ့ရာဇဝင် မရိုင်းရလေအောင် ငါ့ကျောင်းရဲ့ဂုဏ်ကို ဆောင်နိုင်ရလေအောင် သွေးဆိုး သွေးပုပ်တွေကို ခြေထိပ်လက်ထိပ် ဖောက်ထုတ်သလိုမျိုး ဖောက်ထုတ်ရတော့မှာပဲ။ အဲဒီကျရင် ဦးစန္ဒိမာဟာ သိပ်ရက် စက်တာပဲလို့ မပြောကြနဲ့။ မရက်စက်ချင်လို့လည်းဘဲ မြွေမသေတုတ်မကျိုးအောင် လုပ်ခဲ့ပြီးပြီ။ ဘယ်မှာရလို့လဲ။ ဒီတော့ ကပ္ပိယကြီး''

''ဘုရား''

''ပြီးရင် ဥပသကာကြီး ဦးအေးသန့်ကို ခေါ်သွား''

''ဘယ်ကို ခေါ်သွားရမှာလဲ ဘုရား''

''ပြောမယ်လေ။ ခင်ဗျားနဲ့ ဖိုးသာစုတို့ ပေါ်ဟို



www.burmeseclassic.com

www.burmeseclassic.com



ကုလားတန်းရွာကို သွားရမယ်။ အဲဒီမှာ 'မူစကီး'ဆိုတဲ့ ကုလားဆရာတစ်ယောက် ရှိတယ်။ အထက်လမ်းလား၊ အောက်လမ်းလားတော့ မမေးနဲ့။ သိစရာလည်း မလိုဘူး။ အဲသည်ရောက်ရင် ကျုပ် လွှတ်လိုက်တယ်လို့ပြော။ ပြီးရင် ပေါ်ဒီကြောင်မြီးပူ မောင်သိုက်ရဲ့ မွေးနေ့ကိုပြောပြီး သူ့ဆီက ဆေးမှုန့်ရအောင် တောင်းခဲ့ကြားလား"

"တင်ပါ့ ဘုရား"

ငပိန်တို့ လေးယောက်သား မျက်နှာမှာ ဆီးရွက်ကလေးတွေအလား သေးငယ်သွားကြလေသည်။ ဒူးတွေလည်း မသိမသာ တုန်ယင်လာကြသလိုလို။

"အဲဒီဆေးမှုန့်ရလာရင် ပန်းကန်လုံးထဲ ပျစ်ပျစ်ဖျော်ပြီး မင်းတို့ တစ်ဦးစီရဲ့ နဖူးမှာလိမ်းပေးရမယ်။ အာ မကြောက်ကြပါနဲ့ကွာ။ ဘာမှ မကျူးလွန်လို့ ကတော့ ဘာမှမဖြစ်ပါဘူး။ အဲ ကျူးလွန်ရဲ့သားနဲ့ ဝန်မခံတဲ့ကောင်ကတော့ ဆေးလူးပြီး သိပ်မကြာခင်မှာ စအိုကနေ အူတွေထွက်ကျပြီး သေမှာအမှန်ပဲ။

ကိုင်း ကပ္ပိယကြီး၊ အချိန်ရှိတုန်း ပီပြင်အောင် ဆောင်ရွက်ခဲ့ဗျာ၊ သွား သွားတော့"

ထိုစဉ်မှာပင် စတင်လှုပ်ရှားလာသူကား မောင်ပိန် ဖြစ်ချေ၏။

"ဦးဇင်းဘုရား၊ တပည့်တော်ကို လျှောက်ထားခွင့်ပြုပါဘုရား"

"ဘာများတုံး မောင်ပိန်၊ ပြော ပွင့်ပွင့်လင်းလင်းသာပြော"

"ဦးဇင်းရဲ့ စိစဉ်မှုက ကောင်းပါတယ်။ ခိုးတဲ့သူလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မယ်။ ပေါ်ရုံမက စအိုကနေ အူတွေထွက်ကျပြီး သေရမယ်မဟုတ်လား"

"ဒါ အမှန်ပေါ့ကွ။ အဲဒီ ကုလားဆရာက တော်တော်လေးကို စွမ်းတာ"

"ဦးဇင်းလုပ်တာဟာ လက်သည်ပေါ်ရုံမက လက်သည်လည်း သူ့အပြစ်သူ ခံရမှာသေချာပေမဲ့ ကြောင်မြီးပူရဲ့ ပစ္စည်းကတော့ ပြန်ရလိမ့်မှာ မဟုတ်ဘူး"

"အေး အဲဒါတော့ ဟုတ်တယ်။ ကိုင်း ကြောင်မြီးပူ၊ မင်း ဘယ်လို ဖြစ်ချင်သလဲ။ သူခိုးမိ, သူခိုးထိတာ ကြိုက်သလား၊ သူခိုးမမိ,သူခိုးမထိဘဲ ကိုယ့်ပစ္စည်းကိုပဲ ပြန်ရတာ ကြိုက်သလား"

ဆရာတော်က အမေးရှိလာပေပြီ။ သည်နေရာမှာတော့ ကြောင်မြီးပူက တကယ့်ကိုလူလည်။ သူခိုးမိ၊ သူခိုးသိလို့ ဘာ အကြောင်းထူးမှာတဲ့နည်း။ သည်သူခိုးခမျာ ဆေးတော်အစွမ်းကြောင့် စအိုဒွါရမှ အူထွက်ပြီး မာလကီးယားသွားလျှင် ရောယောင်ပြီး အမှုပတ်နိုင်သေးသည်။ ကာယကံရှင်များကလည်း သူ့ကြောင့်ဖြစ်ရသည်ဆိုပြီး ကြည်ကြမှာမဟုတ်။ အငြိုးအတေးတွေ ထားနိုင်သည်။ ပြန်၍ လက်စားချေနိုင်သည်။ ထို့ကြောင့်လည်း

"တပည့်တော်ကတော့ ကိုယ့်ပစ္စည်းပဲ ကိုယ်ပြန်ရချင်ပါတယ် ဘုရား"

"ဩော် မင်းဆန္ဒက ဒီလိုလား။ ကောင်းပါပြီ။ ကိုင်း ငပိန်၊ မင်းက ကြောင်မြီးပူရဲ့ပစ္စည်းကို ပြန်ရအောင် စွမ်းဆောင်နိုင်လို့လား"

"ဒါက ဒီလိုရှိပါတယ်ဘုရား။ ဒေါ်ကောင်းမြတ်ဆိုတဲ့ တပည့်တော်ရဲ့ ကြီးတော်ကြီးတစ်ယောက်ဟာ ဆနောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ဘက်မှာ အင်မတန်နာမည်ကြီးတဲ့ နတ်ကတော်ပါဘုရား။ တပည့်တော်ကို ချစ်လွန်းလို့ဆိုပြီး ငယ်ငယ်တုန်းက နဖူးထိပ်မှာ နတ်ဆေးတော်ကို စုတ်ထိုးပေးခဲ့ပါတယ်ဘုရား။ ပစ္စည်းဥစ္စာပျောက်ရင် ပင့်ပြီးမေးနိုင်တယ်လို့ ဆိုခဲ့ပါတယ်။ ခု ဟုတ်မဟုတ် စမ်းကြည့်ရင် အကျိုးတစ်ခုမဟုတ် တစ်ခုတော့ ထူးနိုင်ပါတယ်''

''ဟုတ်သားပဲ အရှင်ဘုရား။ ငပိန်ပြောသလို လုပ်ကြည့်ရင် သင့်မယ်ထင်ပါတယ် ဘုရား''

ကုလားတန်းရွာ မသွားချင်သော ကပ္ပိယဦးဝကြီးက ဝင်၍ ချော်လဲရောထိုင်လိုက်သည်။

''ကိုင်းကွာ စမ်းကြည့်တာပေါ့''

ဦးစန္ဒိမာက လိုလိုလားလားခွင့်ပြုလိုက်လေသောအခါ ငပိန်လည်း ကျောင်းရေတွင်းသို့ ပြေးသွားပြီး မျက်နှာခြေလက်တို့ကို သန့်စင်လေသည်။ ထို့နောက် အားလုံး၏ရှေ့မှောက်တွင်ပင် လက်အုပ်တလေးအား ဘုရားကျောင်းဆောင်ရှိရာဘက်သို့ လှည့်ကာ လက်အုပ်ချီ ပူဇော်လိုက်သည်။ ပြီးနောက်

''ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ ကျွန်တော်မျိုးရဲ့ ခန္ဓာကိုယ်ထဲဝင်ရောက်ပြီး အခက်အခဲတွေ ကူညီဖြေရှင်းပေးဖို့ရာ အန္တူးအညွတ် တောင်းပန်ပါတယ်ဘုရား''

သည်သို့ ပြောဆိုပင့်ဖိတ်ပြီး မျက်စိစုံမှိတ်ကာ လက်အုပ်ချီထား၏။ မကြာခင်မှာပင် ချီထားသောလက်အုပ်သည် နဖူးပြင်အား တဆတ်ဆတ်တဖပ်ဖပ် ရိုက်ခတ်လေတော့သည်။ ပါးစပ်ကလည်း ဘာကွေ့ရွက်ဆိုနေမှန်းမသိ။ ပွစိပွစိနှင့်။

မကြာခင်မှာပင် တစ်ကိုယ်လုံးသည် ရှေ့တိုးနောက်ငင် ယိမ်းယိုင်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း အဟမ်း မောင်မင်းတို့ ငါ့ကို ဘာများ အလို ရှိလို့ ပင့်ဖိတ်ကြသလဲ"

ကြောင်မြီးပူတို့မှာ ဘာမှမလျှောက်တတ်။ သည်တော့ ဦးဝကြီးကပင် ကြည့်ကောင်းအောင် လျှောက်ရတော့သည်။

"ဟို ဟို ကျောင်းသားလေး မောင်သိုက်ခေါ် ကြောင်မြီးပူရဲ့ ဖိနပ်အသစ်ကလေးဟာ ဘယ်သူယူမှန်းမသိဘဲ ပျောက်နေပါတယ်။ အဲဒါ ဘယ်နေရာရောက် နေတယ်ဆိုတာ သိချင်ပါတယ် ငပိန်"

"တောက် ဘာ ဘယ်လိုခေါ်လိုက်တာလဲ။ ငါ ငပိန် မဟုတ်ဘူး။ ကိုယ်တော်ကြီးဟ ၊ကိုယ်တော်ကြီး။ ငပိန်လို့ ခေါ်ရင် နင့်ကို ကောင်းကောင်း ဖမ်းစားပစ်လိုက်မယ်။ ဟွန်း ငမိုက်သားကောင် ဝကြီး၊ နင့် ထင်းရုံ့ကဲက ထင်းခြမ်းတွေ မုဆိုးမ မြင့်မြင့်ရီကို ခိုးပေးနေတာ မသိဘူးများ မှတ်နေ သလား"

နတ်ဝင်သည်၏ စကားကြောင့် ကပ္ပိယဦးဝကြီးခမျာ အနာပေါ် တုတ်ကျခံရသည့်အလား မျက်နှာတစ်ပြင်လုံး ရှုံ့တွနေလေသည်။

"ငမိုက်သားနော် ကြပ်ကြပ်သတိထား။ 'မသာ ပစ္စည်းကိုဆောင်၊ ကျောင်းပစ္စည်းကိုရှောင်' တဲ့။ နောက်ဘဝ လူပြန်ဖြစ်ချင်ရင် အကျင့်ဆိုးတွေ ဖျောက်တော့"

"ဟုတ်_ဟုတ်ကဲ့ပါ ကိုယ်တော်ကြီး။ အခု ကြောင်မြီးပူရဲ့ပစ္စည်း ဘယ်မှာဆိုတာကို တိတိကျကျသိချင်ပါတယ်"

"အေး ပြောမယ်။ သေသေချာချာမှတ်ထား။ ဥပသကာဦးအေးသန့်တို့ ခြေရင်းဘက်ခြံစည်းရိုး ပုဏ္ဏရိက်ချုံတွေကြားမှာ ရောက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အယ် နေ့ နေဦး အဲသည့်ဖိနပ်ထုပ် ခွေးချီသွားပြီ။ ဟော ဟော တွေ့ပြီ။ စပါးကျီအောက်ထဲ ရောက်နေတယ်။ ကိုင်း ဒါပဲမဟုတ်လား။ ငါ့ကို ဘိလပ်ရည်ကပ်စမ်း"

ဦးစန္ဒိမာ၏ ခွင့်ပြုချက်ဖြင့် ထုံကြီးလည်း ကျောင်းတွင်ရှိနေသည့် ဘိလပ်ရည်ကို အလျှင်အမြန် စီမံပေးလိုက်ရသည်။ နတ်ဝင်သည်လည်း တစ်ပုလင်းလုံး ကုန်စင်အောင်မော့ပြီး "ဝါး လား လား လား" ဟု သမ်းကာ ထွက်သွားလေ၏။

မောင်ပိန်ကား မျက်လုံးကလေးကလယ်ကလယ်ဖြင့် ဘာမျှ မဖြစ်သလိုပင်။

"ဘာတွေထူးသလဲ ဘုရား"

"ဥပသကာကြီး ဘိုးအောင်မြတို့ စပါးကျီအောက်ကို ခွေးချီသွားတယ်တဲ့။ ကိုင်း ဟုတ်မဟုတ် ပြေပြူးနဲ့ထုံကြီး"

"ဘုရား"

"မင်းတို့နှစ်ယောက် ခုပဲ သွားရှာကြစမ်း"

"တင်ပါ့ ဘုရား"

သိပ်မကြာလိုက်။

ပြေပြူးနှင့် ထုံကြီးတို့ ပြန်ရောက်လာ၏။ လက်ချည်းဗလာ သက်သက်တော့မဟုတ်။ ၎င်းတို့လက်ထဲမှာ ပစ္စည်းတစ်ခုပါလာလေ၏။

ပစ္စည်းကား ကြောင်မြီးပူ မပျောက်သွားသည်ဆိုသော ဖိနပ်။

သည့်အတွက် အမှုကိစ္စတစ်ခုကတော့ အေးဆေးသွားသည်ဟု ဆိုနိုင်သည်။ ကာယကံရှင် ကြောင်မြီးပူမောင်သိုက်သည်း ဝမ်းသာအားရ ကျေနပ်ပီတိဖြစ်ကာ ၎င်း၏ဖိနပ်ကို လည်ပင်းဆွဲ ထားတော့မတတ် တယုတယနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစန္ဒိမာက တစ်စုံတစ်ခုကိုတွေး၍ ပြုံးလိုက်သည်။

ထိုအပြုံးကို ဘယ်သူမှ မရိပ်မိလိုက်။ အပြုံး၌ အနက် အဓိပ္ပာယ်များစွာ ပါဝင်၏။ ထိုအနက်အဓိပ္ပာယ်၏ လျှို့ဝှက်ချက်ကို ကိုယ်တော်မှသာ သိစွမ်းနိုင်လိမ့်မည်တကား။



www.burmeseclassic.com

www.burmeseclassic.com



....ကိုယ့်ဘက်က မှန်နေပါလျက်သားနှင့်
တစ်ဖက်သားအပေါ်
မို့ချိုးမှုစ်ချိုး ....ပြော
အမနာပ စွပ်စွဲပြောဆိုတာမျိုးကို
လက်သင့်မခံ။
တမာပင်ထိပ်များမှာ
ခွေးတောက်ညွန့်တွေ ယှက်လိမ်ရုံမက
ဆင်တုံးမနွယ်ကိုပါ အဖော်ခေါ်လျက်
ကြက်ဟင်းခါးသီးတွေ
သီးပြလိုက်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



# သည် ထန်း ပင် မှ

ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဘုန်းကြီးကျောင်းသား ကျောင်းအိပ်ကျောင်းစားအဖြစ် ကျောင်းဝေယျာ ဝစ္စလည်းလုပ်၊ စာလည်းသင်ရင်း နေထိုင်သွားကြကုန်သော ကျောင်းသားများ ရှိကြသည့်နက် ကြောင်မြီးပူမောင်သိုက်၊ ငပိန်၊ ကျွဲသိုး၊ ငပြူးနှင့် ထုံးကြီးတို့ ငါးယောက်အတွဲကိုတော့ ဦးပဥ္စင်းစန္ဒိမာသည် အခြားအခြားသော သူတွေထက် သံယောဇဉ်ဖြစ်မိသည်ကို မငြင်းဆိုပေ။ ဒါကလည်း သည်ငါးဦးအတွဲမှ တစ်ဦးစီတစ်ဦးစီ၏ အစွမ်းအစကလေးတွေက 'ဇ' မသေးသောကြောင့်လည်း ဖြစ်နိုင်ခြေရှိပါသည်။

ဦးပဥ္စင်းစန္ဒိမာက ငပိန်တို့အပေါ် သံယောဇဉ်ကြီးသလို



www.burmeseclassic.com

www.burmeseclassic.com



ငပိန်တို့ကလည်း ဦးဇင်းစန္ဒိမာအပေါ်တွင် သံယောဇဉ်ကြီးမားရပါ၏။ 'အတတ်လည်းသင် ပွဲပြင်ဆုံးမ'ဆိုသော လောကဓာတ် စာအချို့ကိုလည်း တတ်စွမ်းသလောက်သင်ကြားပေးခဲ့၏။ မကောင်းတာမှန်သမျှ မလုပ်မိစေဖို့ ပိတ်ပင်တားမြစ်ခဲ့၏။ သည်တော့လည်း ကျောင်းအိပ်ကျောင်းစားထားသော မိဘများအနေဖြင့် စိတ်ချမ်းသာကြသည်။

ဦးဇင်းကြီးစန္ဒိမာသည် သူမကျိန်းစက်မီတွင် သူ့အားလာရောက်ဝတ်ဖြည့်ပေးကြသည့် မောင်ပိန်တို့အား တစ်ညတစ်မျိုး မရိုးရလေအောင် သူကြားဖူးနားဝရှိသော၊ စာအုပ်ကျမ်းဂန်တွေမှ ဖတ်ရှုဖြစ်ခဲ့သော ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ အထူးသဖြင့် ပုံပြင်ဝတ္ထုကလေးများကို ပြောပြလေ့ရှိသည်။ ပြီးလျှင် သင်ခန်းစာထုတ်ပြသည်။ သည့်အတွက် ပုံပြင်များနှင့် လွှမ်းခြုံသောညများကို သူတို့ သူငယ်ချင်းငါးယောက် စွဲလမ်းနှစ်သက်နေကြပါပြီကော။

သည်တစ်ညမှာလည်း ဦးဇင်းကြီးထံမှ စိတ်ဝင်စားဖွယ်ရာတစ်ခုခု ကြားရပေတော့မည်။ သည့်အတွက် စေတနာပါပါဖြင့် ဦးဇင်းကြီး၏ အကြောအခြင်များကိုလျှော့ပေးကြလေ၏။ တံတောင်နှင့်ကြိတ်သူက ကြိတ်၊ ထုသူက ထု၊ ထောင်းသူက ထောင်း၊ အကြောလျှော့သူက လျှော့၊ အပူထုတ်သူက ထုတ်ပေးကြလေရာ ဦးဇင်းကြီးခမျာ ပေါ့ပေါ့ပါးပါးဖြစ်သွားရလေသည်။

"ကိုင်း မင်းတို့ လက်ကောက်ဝတ်ကနေရယ်၊ ဒူးဆစ်ကနေရယ် ရေတွေသွားလောင်းကြ။ ခြောက်သွေ့အောင် သုတ်ခဲ့ကြ။ ပြီးရင် ဒီကို ပြန်လာခဲ့။ မင်းတို့ကို မြန်မာ့ရိုးရာပုံဝတ္ထုလေးတစ်ပုဒ်ကို ပြောပြမယ်"

"ဟေး"

ပုံကြိုက်သော ကြောင်မြီးပူတို့တစ်သိုက် ပျော်ရွှင်သွားကြသည်။ ထို့ကြောင့် ခပ်သွက်သွက်ကလေး လုပ်ဆောင်စရာတွေ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီးသည့်နောက် ဦးဇင်းထံပါးသို့ ရှရုံးကာ ဝိုင်းဖွဲ့လိုက်ကြသည်။

"ဟိုး ရှေးရှေးတုန်းကပေါ့ကွာ။

နှစ်ပေါင်းဘယ်လောက်ဆိုတာတော့ ဖတ်ရတဲ့ စာအုပ်ထဲမပါလို့ အတိအကျ မပြောနိုင်ဘူး။ သေချာတာက နှစ်ပေါင်းမြောက်မြားစွာတုန်းက ဆိုတာပဲ။

အဲဒီကာလ မင်းတို့အလုပြင်တဲ့အခါ ကြည့်လေ့ရှိတဲ့ မှန်ကို သိတယ်မဟုတ်လား"

"တင်ပါ့"

"အေး အဲဒီ 'မှန်'ဆိုတာကြီးဟာ ပေါ်ကာစကာလပဲရှိသေးတယ်။ ခုလိုမျိုး လူတိုင်းသုံးနိုင်တဲ့၊ သုံးဖို့နေနေသာသာ မှန်ဆိုတာ ဘာလဲလို့ မေးရလောက်အောင် လုံးဝဆိုလုံးဝ မတွေ့ဖူး၊ မမြင်ဖူးတဲ့ ကာလတစ်ခုမှာပေါ့။

အဲဒီကာလမှာ လေယာဉ်တစ်စီးဟာ ကောင်းကင်ပေါ်က ဖြတ်အသွား မှန်တစ်ချပ်ပြုတ်ကျသွားတယ်။ အရွယ်က သိပ်ကြီးကြီးမားမားမဟုတ်ပါဘူး။ သုံးလေးလက်မလောက်ပဲ ရှိမယ်ဆိုတော့ မိန်းမသားတွေအတွက် ခရီးဆောင်မှန်လို့ ဆိုရမှာပေါ့။

ပြုတ်ကျတာက ရွာတစ်ရွာရဲ့ကောက်ရိုးပုံပေါ်ကို။ အင်းတခြားနေရာသာ ပြုတ်ကျလို့ကတော့ ဘာပြောကောင်းမလဲ။ ဂွမ်းခနဲဆို ကြေမွလွင့်စင်သွားမှာ။ ခုတော့ ကောက်ရိုးပုံပေါ်ကျတယ်ဆိုတော့ ကံကောင်းထောက်မစွာနဲ့ မှန်ကလေးဟာ မကွဲဘူးတဲ့ကွ။

အဲဒီမှန်ကလေးကို ကောက်ရိုးပုံပိုင်ရှင် မရွှေမိဟာ နွားကျွေးဖို့ ကောက်ရိုးအနှုတ်မှာ ကောက်ရသွားတယ်ပေါ့။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ရွာဟာ မြို့ကြီးပြကြီးနဲ့ အတော်ကလေး အလှမ်းဝေးရုံမက အဆက်အစပ်လည်း သိပ်မရှိ။ တစ်ရွာလုံးဆိုတာ နုံနုံအအ။ အသိဉာဏ်ကလည်း ခေါင်းပါးဆိုတော့ မှန်ကလေးတစ်ချပ်ရရှိလာခြင်းဟာ တစ်ရွာလုံးကို ပြောင်းဆန်စေတော့တာပဲဟော့''

“ဘယ်လိုများပါလိမ့် ဘုရား”

“အင်း အဖြစ်ကတော့ ဒီလိုဟော့ ဒီလို”

သို့ဆိုလျက် ဦးဇင်းစန္ဒိမာလည်း ထူးဆန်း၍ ရယ်ရွှင်ဖွယ်ကောင်းလှသော ‘မှန်’ ပုံဝတ္ထုလေးကို သတ္တုချလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# သစ်
# သား
# ဘောင်

ကလေးကွပ်လျက် မျက်နှာပြင် ကြည်ကြည် လင်လင်ရှိသော ပန္နည်းအပြားကလေး ကောက်ရလာ၍ ပိုင်ရှင်ပေါ် မလာပါစေနှင့်ဟု ဆုတောင်းကာ မရွှေမိလည်း ကောက်ရိုးပုံကြား ထိုးသွင်းလျက် ခြံထဲသို့ဝင်လာ၏။ နွားစားခွက်အတွက် ကောက်ရိုးအတန်အသင့် ကိုထည့်၊ ပဲမှော်များဖျော်ထားသည့်ရေကို လောင်းထည့်ပြီး ကောက်ရိုး ကြားအတွင်း ဝှက်လာသော ပန္နည်းအဆန်း ကလေးကိုယူကာ အိမ်ပေါ်သို့ လှမ်းတက်ခဲ့လေသည်။

အိမ်မှာက သူမတစ်ဦးတည်း။

ခင်ပွန်းဖြစ်သူ ကိုပေါက်စက နွားပွဲစားတစ်ဦးအား အခြား ရွာသို့လိုက်ပို့နေ၏။ သွားပို့ရမည့်ရွာက သိပ်မဝေး။ ထမင်းစားချိန်အမီ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာမှာပါဟုလည်း ပြောသွားသေး၏။

အိမ်ပေါ်မှာ မည်သူမည်ဝါမျှမရှိလေသည်မို့ လွတ်လပ်စွာပင် ထူးဆန်းသော ပစ္စည်းပြားလေးကို ထုတ်ကာကြည့်လိုက်သည်။ နောက်ဖက်မှာက သစ်သားဖြင့် အလုံပိတ်ထားလေရာ ပိတ်မထားသော ကြည်လင်သည့် အပိုင်းကိုပဲ ကြည့်ရလေသည်။

''ဟင် ''

ကြည်လင်သော အပြားချပ်ပေါ်၌ မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် မရွှေမိတော်တော်ကလေး အံ့သြသွား၏။ အထဲတွင် ပေါ်လာသော ရုပ်ပုံလွှာသည် သူမပင် ဖြစ်ကြောင်းမသိရှာ။ မသိဆို မှန်ကို တစ်ခါမျှမကြည့်ဖူးဘဲကိုး။

''ဟာ အင်မတန် ကျက်သရေရှိ၊ အင်မတန်ချောတဲ့လှတဲ့ မိန်းမတစ်ယောက်ပုံပါပဲလား။ ငါ့ယောကျ်ား ကိုပေါက်စ ပြန်လာရင်တော့ ဒီအထူးအဆန်းပစ္စည်း လေးကိုပြမှပဲ''

ထမင်းစားချိန်အမီ ပြန်ရောက်လာပါ့မည်ဟု ဆိုထားလင့်ကစား ပြန်မရောက်လာသေး၍ မရွှေမိခမျာ လည်တဆန့်ဆန့်နှင့်။ စိတ်ထဲမှာလည်း မရိုးမရွ။ လက်ထဲကိုင်ထားသော အပြားချပ်ကို ကြည့်လိုက်တော့လည်း ပေါ်လာသည့် မိန်းမရုပ်ပုံက မရွှေမိအတွက် ကြည့်မဝ၊ ရှုမဝ။

ထိုစဉ်မှာပင် လင်တော်မောင် ကိုပေါက်စသည် နှင်တံကို အသာမြှောက်လျက် နွားငေါက်သံလေးပေးကာ ခြံထဲသို့ လှည်းမောင်းလျက် ဝင်လာခဲ့တော့သည်။

''ကြာလိုက်တာ တော်''

''အရောင်းအဝယ်စကား ပြောဆိုနေရလို့ ရွှေမိရဲ့။ အလုပ်ဖြစ်တဲ့အခါ ကိုယ်လည်း ပွဲခလေးဘာလေး သုံးစွဲရတာပေါ့ကွာ။ ကိုင်း နွားတွေသိမ်းလိုက်ဦးမယ်။ ဗိုက်ဆာပြီ



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ချုးထားခပ်ထားတော့''

''အဆင်သင့်ပါပဲတော့။ အုပ်ဆောင်းထဲမှာ အားလုံး အဆင်သင့်''

ကိုပေါက်စက နွားတင်းကုပ်သို့သွားလျက် နွားများကိုနေရာချထားပေးလိုက်သည်။ ပြီးတော့ ခြေ၊ လက်တို့ကို ဆေးကြောပြီး အိမ်ပေါ်သို့ လှမ်းတက်လာခဲ့၏။

''တော် ထမင်းမစားခင် ပြရဦးမယ်''

''ဘာများလဲ ဟ''

''ကျုပ် ကောက်ရိုးပုံက ရလာတဲ့ ပစ္စည်းလေးတော့။ အဲဒီထဲက မိန်းမဟာလေ သိပ်ကိုလှတာပဲ။ သိပ်ပြီးတော့ ကျက်သရေရှိတာပဲ''

''ဒီမိန်းမ ဘာတွေ ပြောနေသလဲ မသိဘူး''

''အောင်မာ တော်က ကျုပ်ပြောတာ မယုံဘူးပေါ့လေ။ တော်မယုံရင် သေသေချာချာကြည့်''

ပြောပြောဆိုဆိုနှင့် သူတို့မသိသော၊ သူတို့သာမက တစ်ရွာလုံး ဘယ်သူမျှမသိသော၊ မရင်းနှီးသော၊ မထိတွေ့ဖူးသော၊ မမြင်ဖူးသော မှန်ချပ်ကလေးကို ထိုးပေးလိုက်လေသည်။

ကိုပေါက်စသည် မှန်ချပ်ကလေးအား ကြည့်ရင်း ရုတ်ချည်း မျက်နှာတင်းလာသည်။ မျက်နှာကြီးနီရဲလာသလို နှာခေါင်းကြီးကလည်း ပွတက်လာကာ ရှုးရှုးရှားရှား ဖြစ်သွားတော့သည်။

''ဟဲ့ ကောင်မရွှေမိ။ နင် ပလိစိချောက်ချက်တွေ ပြောမနေနဲ့။ ဘယ်မှာလဲ သိပ်ကိုလှတဲ့၊ သိပ်ကို ကျက်သရေရှိတဲ့ မိန်းမဆိုတာ။ ငါတွေ့တာကတော့ နင့်လင်ငယ်လို့ထင်ရတဲ့ အကောင်ပုံပဲ တွေ့ရတယ်။ နင် ငါမရှိတုန်းမှာ အဲဒီကောင်နဲ့ နောက်မီးပွင့်နေတာ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



မှန်၏သဘောကို လုံးဝမသိသော ကိုပေါက်စခမျာ မှန်ပြင်တွင် ပေါ်လာသော သူ့ပုံအားသူ့ပုံဟုမထင်ဘဲ ရမ်းသမ်း စွပ်စွဲနေတော့၏။

ဒါမျိုးတော့ ရွှေမိတို့က နည်းနည်းကလေးမှ ကြက်ခေါင်းဆိတ်မခံ။

ငယ်လင်ငယ်မယား ဖြစ်စေဦးတော့၊ ကိုယ့်ဖက်က မှန်နေပါလျက်သားနှင့် တစ်ဖက်သားအပေါ် မှိုချိုးမျှစ်ချိုးပြော၊ အမနာပ စွပ်စွဲပြောဆိုတာမျိုးကို ယက်သင့်မခံ။ တမာပင်ထိပ်ဖျားမှာ ခွေးတောက်ညွှန့်တွေ ယှက်လိမ်ရှုံမက၊ ဆင်တုံးမနွယ်ကိုပါ အဖော်ခေါ်လျက် ကြက်ဟင်းခါးသီးတွေ သီးပြလိုက်ဦးမည်။

"ဟဲ့ ပေါက်စ နင်က ငါ့ကို အဲ့ဒီလိုမျိုး မဟုတ်တမ်း တရား စွပ်စွဲရသလား။ ဒီလိုဆိုစတမ်းဆိုရင် ငါတွေ့တဲ့ ကောင်မရဲ့ပုံဟာ နင့်မယားငယ်ပုံပဲ ဖြစ်မှာပဲ။ နင် ခုတစ်လော ရှုပိုးထိုးနေတာ ငါမသိဘူးမှား မှတ်နေသလားမသိဘူး။ ကေန္တ ကောက်ရိုးပုံတိုက်ရင်းက နင်ပြုတ်ကျပြီး မေ့နေတာ ဖြစ်မယ်ဟဲ့ အယုတ်တမာကောင်ရဲ့"

"ဟာ ဒီကောင်မ၊ သူ့ဘာသာသူ ကြိတ်ပုန်းခုတ်နေပြီးတော့ လက်ဆုပ်လက်ကိုင်မိနေတာတောင် မုန်လာဥ လုပ်တယ်။ ငါ့ကို ရန်ထောင်တယ်။ သိကြရောပေါ့ကွာ"

"သိချင်ရင် ထိကြည့်လေ"

"ထိတယ်ကွာ ထိတယ်"

"ထိတော့ သိရပေမပေါ့"

"ခွပ်"

"ဘုံး"

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



"အား အမလေး ညှစ်တယ်ဗျ ညှစ်တယ်။ လည်ပင်းကို လည်ပင်းကို"

"အီး အမလေး ဆောင့်ပြန်ပြီ။ အား ကျောပြင်တော့ အဆုတ်ကွာပါပြီ။ ကယ်ကြပါဦး အရပ်ကတို့"

"ဝုန်း"

"ဒိုင်း"

"ဂွမ်း"

အနီးအပါးမှ လူများသာ ရောက်ရှိဖျန်ဖြေပေးခြင်းမရှိလျှင်တော့ သူတို့နှစ်ဦးထဲမှ တစ်ဦးဦးသော်လည်းကောင်း၊ နှစ်ဦးစလုံးသော်လည်းကောင်း အနိစ္စသဘောနှင့် ကိစ္စချောမှာ သေချာပေပြီ။

"ဟေ့ ပေါက်စတို့၊ ရွှေမိတို့။ ဒါမျိုးဆိုတာ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်လို့ရတာ မဟုတ်ဘူး။ အားလုံးအပေါ် ဩဇာညောင်းတဲ့၊ ရပ်ရွာအပေါ် ဩဇာညောင်းတဲ့ သူကြီးဦးဝေသာ ရှိနေတာပဲ။ သူ့ဆီသွားတင်ပြပြီး အဆုံးအဖြတ်ကို နာခံမှပေါ့"

"ဟုတ်တယ် ဟုတ်တယ်။ ဒါမှ နည်းလမ်းကျမယ်"

သို့ဖြင့် သက်သေခံ မှန်ချပ်ကလေးကို အဝတ်စဖြင့် ပတ်ပြီး ကိုပေါက်စတို့လင်မယားနှင့် ပရိသတ်ကြီးသည် သူကြီးအိမ်ဂေဟာသို့ ချီတက်ကြလေ၏။

ကံအားလျော်စွာ သူကြီးဦးဝေသာနှင့် သူကြီးကတော် ဒေါ်ဆိတ်မတို့ကို တွေ့ရလေသည်။

"ဟဲ့ ဘာဖြစ်လာတာလဲ ရွှေမိ၊ မျက်ကွင်းကြီးတွေလည်း ယောင်လို့"

"အို ပေါက်စ မင့်ခေါင်းမှာလည်း အာလူးသီးတွေဖူးလို့ဥလို့ပါလား။ ဘယ်လိုများ ဖြစ်ကြတာပါလိမ့်။ ဟင်

www.burmeseclassic.com



လိုက်လာကြတဲ့ လူအုပ်ကြီးကလည်း မနည်းမနော။ ကဲ ပြောစမ်း ပြောကြစမ်း၊ ဘာတွေဘယ်လို ဖြစ်ကြတာလဲ ဆိုတာ"

သည့်တော့ မရွှေမိကပင် ရှိုက်သံကလေးနှော၍ပြောသည်။ ဒေါ်ဆိတ်မက ခေါင်းတညိတ်ညိတ်ဖြင့် နားဆင်သည်။

"အဒေါ်ဆိတ်မ ကြည့်ပါ။ မိန်းမပုံမြင်ရဲ့သားနဲ့ ကျွန်မ ကိုပဲ လင်ငယ်နဲ့ဖောက်ပြန်သလေး ဘာလေးနဲ့။ မဟုတ် တမ်းတရားတွေ စွပ်စွဲတယ်။ ရော့ အဒေါ်ဆိတ် ကြည့် စမ်းပါ"

မရွှေမိက အဝတ်ဖြင့် ပတ်ထားသော မှန်ချပ်ကလေးကို ဒေါ်ဆိတ်မထံ ကမ်းလိုက်သည်။

"ဟယ် ညည်းပြောတာ အမှန်ပဲရွှေမိ။ မိန်းမပုံ ဟုတ် မိန်းမပုံ။ ရုပ်က တော်တော်လေး ဘာတေလန်တယ်။ ဒါ များ သင်းက ညည်းကို လင်ငယ်နေတယ်လို့စွပ်စွဲတယ်။ စွပ်စွဲခြင်းစွပ်စွဲ ပေါက်စကိုပဲစွပ်စွဲရမှာ။ အလကားကောင် ကုပ်ကမြင်း"

"ဟာ ဒေါ်ဆိတ်မ၊ အဲသလို ကျုပ်ကို ဗလာချည်စွပ် မပြောနဲ့ဗျ။ ကိုင်း သူကြီး လုပ်ပါဦးဗျာ။ ကျုပ်ကို မတရား ပြောနေပြီ"

သူကြီးကတော်နှင့် ကိုပေါက်စတို့မှာ အပြန်အလှန်။

"ဟဲ့ ငါက မဟုတ်မမှန်တာကို မပြောဘူး။ သက်သေ သက္ကာရနဲ့ မျက်ဝါးထင်ထင်တွေ့ရလို့ယုံတာ။ ကိုင်း ကျုပ် ပြောတာ မှန်မမှန်တော်ပဲကြည့်ပြီး ဆုံးဖြတ်ပါဦး။ ရော့ ဒင်းရဲ့ မယားငယ်ပုံကို"

ဒေါ်ဆိတ်မက ၎င်း၏လက်ထဲမှမှန်ချပ်ကို ခင်ပွန်းဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးဝေသာထံ ကမ်းပေးလိုက်သည်။

"ဟား ဆိတ်မ၊ နင်ပြောတာ ဘာဟုတ်ကမှာလဲ။ ယောက်ျားပုံကြီးပဲ။ မျက်နှာကြီးကလည်း ကျက်သရေမရှိလိုက်တာဗျာ။ တစ်လောကလုံး သူ့လုပ်စာ စားနေရတဲ့အတိုင်းပဲ။ ဒင်းသာ သူကြီးဖြစ်လို့က ရွာကျေအောင် မွှေမယ့်ရုပ်"

"တော် မဟုတ်တာ မပြောနဲ့"

"မင်းလည်း မဟုတ်တရုတ်တွေ မပြောနဲ့"

"မှန်တာပြောတာ"

"ငါလည်း မှန်တာ"

"ကဲ မှန်ဦးဟာ"

"ဟာ ချတယ် ဆော်တယ်"

"ဝုန်း"

"ဒိုင်း"

"ဂွမ်း"

ကိုပေါက်စနှင့် မရွှေမိတို့ ရန်ပွဲဖြစ်ခဲ့ပြီး မရှေးမနှောင်းမှာတော့ ရပ်ရွာအပေါ် ဩဇာညောင်းလှပါသည်ဆိုသော သူကြီး ဦးဝေသာနှင့် သူကြီးကတော်တို့ နောင်ဂျိန်ပလေးကြကုန်၏။ နဂိုကတည်းက ရပ်ရွာကခပ်ချဉ်ချဉ်မို့ ဆွဲမည်လွဲမည်သူမရှိ။ ခပ်လှမ်းလှမ်းက လူတွေဆိုလျှင် လက်ခုပ်ဩဘာတွေပင် ပေးကြ၏။ အနီးအပါးရှိ ခွေးတို့မှာ ဟောင်သည့်ကောင်ဟောင်၊ အူသည့်ကောင်အူနှင့် ဖွတ်လောကို ညံကုန်ကြသည်။ ထိုခဏ ခြူသံတလွင်လွင်ဖြင့် ကံဆုန်ဆိုင်းလာသော လှည်းတစ်စီးသည် သူကြီးအိမ်ရှေ့သို့ တုန့်ခနဲရပ်လိုက်၏။

"ဟော့ ဘာဖြစ်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အသံဩဩကြီးနှင့်အတူ တောင်ဝှေးကိုင်လျက် ကိုယ်တော်တစ်ပါး ဆင်းလာ၏။

"ဟာ ရှာဦးကျောင်း ကိုယ်တော်ကြီးပဲ"

အားလုံး ငြိမ်သက်ကာ ဝတ်ဖြည့်လိုက်ကြသည်။ တစ်ရွာလုံးအပေါ် သူကြီးထက်ပင် ဩဇာညောင်းသည့်မို့ မီးကိုရေနှင့် ဖျန်းလိုက်ဘိသည့်အလား သူကြီးနှင့် သူကြီးကတော်တို့မှာလည်း ရန်ပွဲဆက်နွှဲ၍မရတော့။

"ဘယ်လိုက ဘယ်လို ဖြစ်ကြတာလဲ ပြောစမ်း'

သည်တော့ မရွှေမိကပင် ဇာတ်စုံခင်း၍ လျှောက်ထားရတော့သည်။

"ပေးစမ်း အဲသည် ပစ္စည်း"

လက်ထဲရောက်တော့ ရှာဦးကျောင်းကိုယ်တော်ကြီးသည် မှန်ချပ်ကလေးကို စူးစမ်း၏။ စေ့စေ့စပ်စပ်ကြည့်၏။ ထို့နောက် ကြည်လင်သော မျက်နှာပြင်ကို စူးစူးစိုက်စိုက်ကြည့်ပါလေတော့၏။ ကြည့်ရင်းကြည့်ရင်းနှင့် ကိုယ်တော်ကြီး၏ မျက်နှာမှာ ပြုံးယောင်သမ်းလာ၏။ ထို့နောက်မှ မိန့်ဆိုစကား ပြောကြားလေတော့၏။

"မင်းတို့တစ်တွေအားလုံး မျက်မမြင်ပုဏ္ဏားတွေ ဆင်စမ်းတဲ့အတိုင်းပဲ။ ကိုယ်ထင်ကိုယ်မြင်ရာကိုပဲ လေ့နံတားထစ်မှတ်ပြီး ပြောချင်ရာပြောနေကြတယ်။

တစ်ခုဆို တစ်ခုမှမဟုတ်ဘူး။ အင်မတန် တုံးတဲ့ဟာတွေ။ ပုဏ္ဏန္တီးနောက်၊ တီကောင်ဦးနောက်တွေ။ ဒီမှာ မင်းတို့ မသေမချင်းမှတ်ထား။

ဟောဒီရုပ်ပုံဟာ အင်မတန် ကျက်သရေရှိတဲ့၊ ကြည်ညို ဖွယ်ရာကောင်းပြီး မကြာခင် တရားထူးရတော့မယ့် ဆရာတော်ကြီးပုံဗျ ဆရာတော်ကြီးပုံ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းကြီးထံမှ ကြားနာလိုက်ရသည့် ပုံဝတ္ထုကတော့ ဖြင့် သူတို့သူတို့အတွက် ရယ်လည်းရယ်ရ၊ သင်ခန်းစာလည်း ရဟု ဆိုလိုက်ချင်တော့တကား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ ....
ပျောက်ရမှာလဲကွာ ....
မင်း ....ငါ့အပေါ် လိမ်သွားတာကို
တအုံနွေးနွေးဖြစ်ရင်း
ဘယ်လိုပြန်လုပ်ရမလဲလို့ စဉ်းစားရာက
သည်ကနေ့မှ စိတ်ကူးပေါ်လာတာနဲ့
လုပ်လိုက်တာ ....
အကွက်ဆင်လိုက်တာ ...."



www.burmeseclassic.com

www.burmeseclassic.com



# တစ်
# ည
# နေ
# ခင်း...

ကြောင်မြီးပူတို့ ငါးယောက်သား ကပ္ပိယဦးဝကြီး၏ ဆွမ်းချက်ဆောင်နှင့်မနီးမဝေးရှိ မြေကွက်လပ်တွင် ဒိုးပစ်တမ်းကစားနေကြသည်။ သူတို့ကစား၍ ကောင်းနေစဉ်မှာပင် ကပ္ပိယကြီးက ကဖျက်သဖျက် လုပ်လာသည်။

"ဟေ့ မျောက်ငါးကောင် မင်းတို့ကို ဦးစန္ဒိမာ ခေါ်နေတယ်။ ကစားလက်စရပ်ပြီး သူ့ဆီ ငါးယောက်စလုံးလာခဲ့ကြဦးတဲ့ကွ"

"ဘာကိစ္စများတုံး ဦးဝကြီး"

"ဒါတော့ ငါ ဘယ်သိမလဲကွ။ ကိစ္စမရှိဘဲနဲ့တော့ မခေါ်ဘူး၊ ကိစ္စရှိလို့ ခေါ်တာပဲ။ ကိုင်း သွား သွား။ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့မယ်''

ဦးဇင်းစန္ဒိမာ ခေါ်သည်ဆိုတော့ ဘယ်မှာရှောင်ထွက်၍ရမှာပါတဲ့နည်း။ ဦးဇင်းထံပါးရောက်တော့ ဝတ်ဖြည့်လိုက်ကြသည်။

''မင်းတို့ကို ခေါ်ရတာ အကြောင်းရှိလို့ပဲဟေ့''

''တင်ပါ့ ဘုရား''

''အေး ငါ နေ့လယ်ဘက်၊ ရေတွင်းမှာ ရေချိုးတော့ ငါ့ရဲ့အိတ်ဆောင်နာရီလေးကို ရေတွင်းနံဘေးအုန်းမြစ်ပေါ်မှာ အသာကလေးတင်ထားခဲ့တယ်။ ရေချိုးပြီးတော့ ပြန်ယူဖို့မေ့သွားတယ်။ အဲ သင်္ကန်းတွေဘာတွေလဲပြီး စာကြည့်မယ်၊ အချိန်ဘယ်လောက် ရှိပြီလဲဆိုတာသိချင်လို့ စမ်းလိုက်တော့မှ နာရီမေ့ကျန်ခဲ့တာ သတိရလိုက်တယ်။ အဲဒါနဲ့ နာရီကို သွားပြန်ရှာကြည့်တော့ လုံးဝဆိုလုံးဝ မတွေ့ရတော့ဘူးကွ''

ဦးဇင်း၏ စကားသံက ဒေါသသံမပါ။ ခပ်အေးအေးပင်။ မအေးသည်က သူတို့ငါးယောက်သား။

အရင်တစ်ခါ ကြောင်မြီးပူမောင်သိုက် ဖိနပ်ပျောက်တုန်းက ဒဏ်ပေးခံခဲ့ရသည်များကို မမေ့။ အဲသည်တုန်းက သူတစ်ပါး၏ ပစ္စည်း၊ ခုဟာက ဦးဇင်း၏ ကိုယ်ပိုင်ပစ္စည်း။ တန်ဖိုးချင်းကလည်း ကွာမှကွာ။ သည်တော့ဖြင့် သည်တစ်ခါမချောင်ဟု စဉ်းစားမိကာ မျက်နှာကလေးတွေ ဆီးရွက်ဖြစ်သွားကြတော့၏။

''အဲဒါ မင်းတို့ထဲက ဘယ်သူများ ယူထားကြသလဲ''

''မယူပါဘူး ဘုရား''

''အဲဒီနားကိုတောင် မရောက်ပါဘူး ဘုရား''

ငြင်းဆန်ချက်တွေက မတုံ့မဆိုင်း။

''ဟုတ်ပါတယ်လေ။ ဘယ်လိုပဲမေးမေး ငါသိချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြေက ထွက်လာမှာမှ မဟုတ်ဘဲ။ လိုချင်လို့ ယူသွားပါတယ်ဆိုမှ ဘယ်လိုလုပ် ပြန်ပေးတော့မှာလဲ။ အရှင်းကြီးဟာကို"

"တပည့်တော်တို့ တကယ်မယူတာအမှန်ပါပဲ ဘုရား"

"မှန်ပါတယ် ဘုရား။ တပည့်တော်လည်း မယူမိပါဘူး ဘုရား"

"အေးလေ ဒီလိုပဲ ဖြစ်ကြပေမပေါ့။ ကိစ္စမရှိပါဘူးကွာ။ မယူတဲ့သူအဖို့ ဘာမှသောကရောက်စရာ အကြောင်းမရှိပါဘူး။ ငပိန်ရှိနေပြီပဲဟာ။ ဒီလိုမျိုး ပစ္စည်းအသေးအမွှားကလေးများ ပျောက်တာလောက်ကတော့ ငပိန် ကိုယ်တော်ကြီး နတ်ဝင်လိုက်တာနဲ့ ဒိုင်းခနဲ အဆင်ပြေသွားမှာပါ။ မဟုတ်ဘူးလား ငပိန်"

"အင်း အဲ တင် တင်ပါ့ဘုရား"

"ကိုင်း အချိန်တွေ ကုန်ပါတယ်ကွာ။ မင်းပဲ နတ်ဝင်ပြီး ငါ့ပစ္စည်းရှိမယ့် နေရာကို ဖော်ပေတော့ကွာ"

"တ တပည့်တော် ဝင်လို့မရဘူးဘုရား"

"ဟေ ဘာဖြစ်လို့၊ ကြောင်မြီးပူကိစ္စမှာတောင် ဝင်လို့ရသေးတဲ့ဥစ္စာ။ ငါ့ကျမှမရဘူးဆိုတော့ မဟုတ်မှလွဲရော၊ ဟော့ကောင် ငပိန်၊ မင်း မှန်မှန်ပြော။ ပြောရင်သက်သာမယ်၊ မပြောရင်တော့ ထားဝယ်ကြိမ်စာမိရုံအပြင် မင်းကိုကျောင်းမှာ လက်သင့်မခံတော့ဘူး"

"တင် တင်ပါ့ဘုရား တပည့်တော် ဝန်ခံပါ့မယ်ဘုရား။ ကြောင်မြီးပူရဲ့ ဖိနပ်ကိစ္စမှာ ခိုးချင်ဝှက်ချင်လို့မဟုတ်ပါဘူးဘုရား။ သူ့ကို နောက်ချင်တာနဲ့ တိတ်တိတ်ကလေးယူပြီး ဥပသကာကြီး ဖိုးသာဝတို့ ပုဏ္ဏရိက်ခြံမှာ ဝှက်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မြန်ယူပေးမယ်လုပ်တော့ ခွေးတွေက စပါးကျီအောက်ချို သွားပါတယ် ဘုရား။ ဒါနဲ့ နတ်ဝင်ချင်ဟန်ဆောင်ပြီး ဖော်ခဲ့တာပါ ဘုရား''

''ဟား ဟား ဟား ဟား''

ဦးဇင်းကြီး သဘောကျသွားသည်။ သည်တော့မှ ငပိန်တို့ငါးယောက်သား ရင်ချောင်သွားရသည်။

''အေး အဲဒါပဲကွ အဲဒါပဲ။ မင်းတို့မှတ်ထားကြ။ ငါဟာ မင်းတို့ထက်လည်လို့ မင်းတို့ရဲ့ဆရာ ဖြစ်နေတာ။ မင်းတို့အပေါ် အုပ်ချုပ်နေတဲ့ ဆရာသမားတစ်ဦးအနေနဲ့ မင်းတို့တစ်ဦးချင်းစီရဲ့ အမူအကျင့်၊ စရိုက်လက္ခဏာ ဘယ်လိုရှိတယ်ဆိုတာကို လေ့လာထားပြီးသား။ ဒါကို လေ့လာလို့ပြီးသွားတာနဲ့ သူ့နှပ်ကြောင်းနဲ့သူ ပြန်ဆင်လိုက်တာနဲ့ ကာယကံရှင်အဖို့ ငြင်းချက်ထုတ်စရာ မလိုတော့ဘူးပေါ့ကွာ''

''ဒါ ဒါဖြင့် ဦးဇင်းရဲ့နာရီ တကယ်မပျောက်ဘူးပေါ့နော်''

''ဘယ်ကလာ ပျောက်ရမှာလဲကွ။ မင်း ငါ့အပေါ် လိမ်သွားတာကို တအုံ့နွေးနွေးဖြစ်ရင်း ဘယ်လိုပြန်လုပ်ရမလဲလို့ စဉ်းစားရာက သည်ကနေ့မှ စိတ်ကူးပေါ်လာတာနဲ့ လုပ်လိုက်တာ။ အကွက်ဆင်လိုက်တာပါ။ ငါရေချိုးပြီးထားခဲ့တဲ့နာရီကို ဦးဝကြီးကသိမ်းပြီး တစ်နေရာရာမှာထားဖို့ စီစဉ်ညွှန်ကြားခဲ့ပြီးသား။ ခုတော့ ငါဖြစ်ချင်တာဖြစ်ရပြီမို့ ကျေနပ်တယ်။ ငပိန် လူလည်ကျတာကိုလည်း ဖော်ထုတ်နိုင်ခဲ့တယ်''

''တပည့်တော်က နောက်တာပါ ဘုရား။ ကိုယ့်ဆိုင်ယော်ချင်းရဲ့ ပစ္စည်းကို စိတ်နဲ့တောင်မပြစ်မှားပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှပေါ့ကွာ"

"တပည့်တော်တို့တော့ ဦးဇင်းနာရီ ပျောက်တယ်လည်း ကြားရော တင်ပါးတွေကို ကျိန်းနေတာဘုရား"

"မမှန်တဲ့သူသာ ကြောက်ရမှာပါကွာ။ ကိုင်း ဦးဝကြီးရေ ကျုပ် အိတ်ဆောင်နာရီကလေး ခင်ဗျားသိမ်းထားတဲ့ဆီက သွားယူပေတော့ဗျို့"

ကပ္ပိယကြီးလည်း ဦးဇင်းကြီးစန္ဒိမာ စေစားသည့်အတိုင်း ထွက်သွားသည်။ သိပ်မကြာခင်မှာပဲ မောကြီးပန်းကြီးဖြင့် ပြန်ရောက်လာသည်။ ဦးဇင်းကြီးမှာတော့ ဉာဏ်ကိုလွှာသုံးလိုက် သည့်အတွက် သူလိုလားရာတွေ ဖြစ်လာသည့်အပေါ် ပီတိတွေတဝေဝေ ဖြစ်နေတော့၏။

"ကဲ ဘယ်မလဲ ကျုပ်နာရီ"

"အဲ အဲ ဒီတစ်ခါတော့ ကုလားတန်းက ကုလားဆရာ မူစကီးဆီ သွားရတော့မယ် ဦးဇင်း"

"ဘာ ဘာဖြစ်လို့လဲ"

"ဦးဇင်းရဲ့နာရီ ငါးခြောက်ဘန်းထဲ ထည့်ထားတာ။ ကျီးကန်းတစ်ကောင်က ငါးခြောက်ထင်ပြီး သုတ်သွားတယ် ဦးဇင်း"

"သေဟဲ့ နန္ဒိယ"

ကပ္ပိယကြီး၏စကားကြောင့် ဦးဇင်းကြီးလည်း တပည့်ကျောင်းသားတွေရှေ့မှောက် ဖြစ်သည့်တိုင် ဣန္ဒြေမဆည်နိုင်တော့ဘဲ ခုင်း၏ နဖူးပြောင်ပြောင်ကြီးအား ဖတ်ခနဲ ရိုက်ထည့်လိုက်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတုပ်ပေါ်ရယ် ....
ပြီးတာတွေလည်း ပြီးပြီပဲဟာ
'ဆန်ဆုံတော့ စား၊ ကုံကုန်တော့သွား'တဲ့။
ဒီလိုပဲ ....
'မြူသူအသစ်၊ ဖြစ်သူအဟောင်း'
သံသရာစက်ဝိုင်းကြီးက
ကောင်းကောင်းကြီး လည်နေတဲ့ဥစ္စာ။
'သတ္တဝါတစ်ခု၊ ကံတစ်ခု'လို့သာ
သဘောထားလိုက်ပါရှင် ...."



www.burmeseclassic.com

www.burmeseclassic.com



# ကျောင်း
# ...
# ...ညီး

ခွင့်ပေးသဖြင့် မရောက်တာကြာပြီဖြစ်သော မိဘများအိမ်သို့ ...ပြန်ရောက်သည်။

ပြေျးရောက်တော့ သူ့အဘ ဦးတုပ်ပေါမရှိ။ ကိုင်းခုတ်ထွက် ...သည်ဆိုပဲ။ ပြေျးအမေ ဒေါ်သိန်းမေနှင့် ပြေျး ညီမလေး မိုးစိမ့် ...သာရှိသည်။ အမေနှင့် ညီမလေးမှာ မျက်နှာသိပ်မကောင်းကြ။ ...တွေဘယ်လို ဖြစ်နေကြသည်ကို အိမ်နှင့်ကင်းကွာသော ပြေျး ...တစ်ယောက် မသိရရှိးအမှန်ပါ။

မကြာခင် အဘဦးတုပ်ပေါတစ်ယောက် ကိုင်းခုတ်ဓားတစ် ...ချောင်းဖြင့် ပြန်ရောက်လာလေသည်။

"ဟ ငါ့သားကြီး ပြေျးတောင် ရောက်နေပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်လဲဟေ့ စာတွေ လိုက်နိုင်ရဲ့လား''

''လိုက်နိုင်ပါတယ် အဘ။ အခု ဆရာတော်က ခွင့်နှစ်ရက်ပေးလို့ အမေတို့၊ အဘတို့၊ ညီမလေးတို့တွေ့ရအောင် ပြန်လာတာ''

''အေးကွာ ရောက်တုန်း ပျော်ပျော်ပါးပါးပေါ့။ သြော် ဒါထက် မင်းအမေနဲ့မင်းညီမလေးရဲ့မျက်နှာ တယ်မကောင်းပါလား''

''ဟုတ်တယ် အဘ၊ ဘာတွေများဖြစ်ကြလို့လဲ မသိဘူး။ ကျွန်တော်လည်း မေးတော့မယ့်ဆဲဆဲ အဘရောက်လာတာ''

''အေး ဟုတ်ပြီ၊ ပြောစမ်း သိန်းမေ ပြောစမ်း။ ငါ့နှယ် အလုပ်ပင်ပင်ပန်းပန်းလုပ်ပြီး ပြန်လာ၊ အိမ်ရောက်တော့ လန်းလန်းရွှင်ရွှင် ရှိမလားအောက်မေ့ပါတယ်။ ဘယ့်နှယ်ဗျာ မျက်နှာတွေကလည်း မှိုင်တိမှိုင်တိုင်နဲ့။ ပြောစမ်း နင်တို့ကို ဘယ်သူတွေကများ စော်ကားမော်ကား လုပ်သလဲသိန်းမေ၊ ပြောလေ ပြော ပြော''

''ဟို ဟို''

''ဘာဟိုလဲ ''

''တော့်သမီးကို တော့်သမီးကို''

''ဟင် ဘာရယ် ငါ့သမီးကို ဟုတ်လား။ ရာရာစစကွာ၊ ဗိုင်းကောင်းကျောက်ဖိထားတဲ့ ငါ့သမီးကိုများ စော်ကားမော်ကား ပြုရဲတဲ့ကောင် ဘယ်ကောင်လဲ။ ငါ့သမီးတို့ စားသာကြည့်တဲ့၊ ကိုင်းခုတ်စားပေမဲ့ ဖက်ကောင်းလို့ကတော့ အသွားလည်း ကောင်းသဟေ့နော် တောက်''

''ဘယ်သူ ညီမလေးကို စော်ကားသလဲအမေ၊ ပြော



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ''

ပြေူးကလည်း မှိန်းတစ်ချောင်းကို ကိုင်ဆွဲလျက် ရင်ဆိုင်ရမည့်သူကို မေးလိုက်သည်။

''အို နေကြစမ်းပါဦး နေကြစမ်းပါဦး။ ဘာဖြစ်လို့များ စကားကို ရှေ့နောက်ဆင်ခြင်မစဉ်းစားဘဲ တရားမင်းမဲ့ လက်လွတ်စပယ် လုပ်ချင်ရတာတဲ့တုံး။ ငါးပါးတင်မကဘူး သံဃာ စင်ပါ မှောက်တော့မှာပဲ''

''မှောက်ချင်တာ မှောက်စမ်းကွာ။ ကိုယ့်အပေါ် လုံးကြီးလာမတင်နဲ့၊ တင်လို့ကတော့ ဆန်ခတ်ပြီးသားကို ဖြစ်သွားရမယ်''

''အဘအသက်ကြီးပြီ အသာနေ။ သားရင်ဆိုင်ပြီး စက်တိုင်တက်ပစ်မယ်။ ထောင့်အပြင်တန်းမရှိပါဘူး အဘရာ''

''အလို တော်တို့သားအဖ ကျုပ်စကားကို သေသေချာချာ နားမထောင်ဘဲ ဘာတွေလျှောက်လုပ်မလို့လဲ''

''ဟာ မင့်သမီးကို စော်ကားကြလို့ဆို''

''ဟုတ်တယ်လေ သမီးဆိုတာ 'မိုးစိမ့်' ကို ပြောတာ မဟုတ်ဘူး။ တော်တို့ ကျုပ်တို့ တင်နေတဲ့ ကြွေးတွေဆပ်ဖို့ရာအတွက် ရောင်းထုတ်လိုက်ရတဲ့ ဝက်မကလေး မဲတူလေ။ တော်တို့ ကျုပ်တို့ အမြတ်တနိုးနဲ့ 'သမီးကလေး' 'သမီးကလေးရေ' လို့ ခေါ်ဝေါ်နေတဲ့ မဲတူလေ''

''ဟာ စောစောက မဲတူလို့ ပြောလိုက်ရင် ကိစ္စပြတ်ရဲ့သားနဲ့''

''တော်တို့ကမှ ဆုံးအောင်နားမထောင်ဘဲ။ အလော သုံးဆယ်နိုင်တာကိုးရှင့်''

''အေး သမီးလေးမဲတူ ဘာဖြစ်ပြန်တာမို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲတော်၊ ဝယ်ဖို့လုပ်တုန်းကတော့ ပေါ်ဖို့ မဟုတ်ပါဘူး၊ ခမည်းအတွက် ဝယ်ထားပြီး သားပဲဖောက် မှာပါဆိုလို့ ရောင်းလိုက်ရတာ။ ခုတော့ ပေါ်ဖို့လုပ် တယ်လေ"

"ဟာကွာ အပြောတစ်မျိုး အလုပ်တစ်မျိုး"

"သူတို့က အပိုင်ဝယ်သွားပြီးပြီဆိုတော့ လုပ်ချင်ရာလုပ် မှာပေါ့။ အခု မဲတူကိုသတ်တာ မဲတူလည်း မသေမရှင် သွေးရူးသွေးတန်းနဲ့ အိမ်ကိုမှတ်မိနေလို့ ထင်ပါရဲ့။ ကျုပ် တို့အိမ်ကို တန်းတန်းမတ်မတ် ပြေးလာရှာသတဲ့တော်"

ပြောနေရင်း ဆိုနေရင်းမှပင် ဒေါ်သိန်းမေ၏ စကားသံထဲ၌ ရှိုက်သံများ စွက်လာလေသည်။ ကာလအတန်ကြာ လက်ပွန်းတတီး နေထိုင်ခဲ့တော့လည်း သံယောဇဉ်အနှောင်အဖွဲ့က ခိုင်မြဲနေဆဲ မဟုတ်ပါကလား။

"အခု အခု မဲတူ ဘယ်မှာလဲဟင်"

"သူနေခဲ့ဖူးတဲ့ ဝက်ခြံလေးထဲ ပြန်ရောက်နေတယ်"

"အို ဖြစ်မှဖြစ်ရလေဗျာ"

နံဘေးမှကြားရသော ပြေျူးပင်လျှင် စိတ်ထဲမကောင်း ဖြစ် သွားရသည်။ သည့်အတွက် ဖခင်နှင့်အတူပြေျူးလည်း ဝက်ခြံရှိရာကို သွားကြည့်သည်။ အို ဟုတ်ပါရဲ့။ မဲတူရထားသော ဒဏ်ရာ ဒဏ်ချက်တွေက မနည်းပါပဲကလား။ ဝက်မကလေး မဲတူသည် စားခွက်နံဘေးတွင် တုံးလုံးပက်လက်လဲကျရင်း အသက်ကို လု၍ရှူ နေရရှာသည်။ လက်ပတ်ချိုင်းကြားမှ သွေးတို့သည် တစ်စက်တစ် စက်နှင့်။

"တောက် အောင်ဟိဏ်းတို့ကတော့ကွာ။ ပြောတုန်းက တစ်မျိုး၊ လုပ်တော့တစ်လွဲ။ ဒီလိုသာလုပ်မယ်ဆိုရင် အခ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဘယ်လောက်ပေးပေး မရောင်းပါဘူး။ အကြွေးက အကျေမဆပ်နိုင်ရင် မသာကာအတိုးလောက်ဆပ်လည်း ရတဲ့ဥစ္စာပဲ''

ဝက်မကလေးမဲတူကား သခင်ဟောင်း၏ ရင်တွင်းစကားကို ကြားမှုကြားပါလေစ၊ နားမှုလည်ပါလေစ။

''အဘမှားပါတယ် သမီးလေးရယ် တကယ်တော့ သမီးလေးမဲတူဟာ အဟိတ်တိရစ္ဆာန်ဆိုပေမဲ့ အဘတို့ မိသားစုအတွက် တကယ့် သမီးအရင်းအချာလေးလိုပါပဲ။ သမီးရဲ့မမ ဘယ်သွားသွားဘယ်လာလာ လိုက်စောင့်ရှောက်တတ်တဲ့သမီး၊ ကျွေးတာလေးနဲ့ တင်းတိမ်အောင်စားပြီး ဘယ်တော့မှ ဆူဆူပူပူမလုပ်တတ်တဲ့သမီး၊ အိမ်မလည်တတ်တဲ့သမီး၊ အို ဒီသမီးလေးကိုမှ ကိုယ်သုံးထား၊ စွဲထားတဲ့ အကြွေးတွေအတွက် တစ်ကိုယ်ကောင်းဆန်ဆန် ရောင်းလိုက်မိတာ အဘမှားပါတယ် သမီးရယ်။ ဒီဘဝ ဒီမျှ သမီးလေးရဲ့ ဝဋ်ဒုက္ခဟာ တစ်ခန်းရပ်ပါစေတော့။ နောင်ဘဝရှိခဲ့ရင် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မတွေ့ကြုံရပါစေနဲ့၊ မခံစားရပါစေနဲ့ကွယ်''

''အဘ မဲတူကို ရောင်းထားတဲ့ ပိုက်ဆံ ပြန်ပေးလိုက်လို့ မဖြစ်ဘူးလား''

''အင်း ဒါတော့ သူတို့ ကျေနပ်မှု၊ မကျေနပ်မှုအပေါ်မှာ မူတည်တယ် ပြေပြူ။ သူတို့ကျေနပ်လို့ ထားခဲ့ရင်တောင်မှ မဲတူရဲ့ လက်ရှိအခြေနေက ကောင်းမယ်မထင်ဘူး။ အဘတို့ဆီမှာ တိရစ္ဆာန်ဆရာဝန်မရှိ ဘာမရှိနဲ့။ ဆေးဝါးဆိုလို့ နနွင်းမှုန့်လောက်ပဲ ရှိတာကလား''

ပြောဆိုနေတုန်းမှာပင် အောင်ဟိဏ်းတို့၊ [illegible]

www.burmeseclassic.com



အဖွဲ့ ရောက်လာကြသည်။ ရုန့်တွေမှာလည်း ချဉ်စူးစူး။ တောအရက်တွေ နင်းကန်သောက်ထားပုံရသည်။

"အောင်မာ ဒီဝက်မ၊ ဘယ်လစ်သွားသလဲလို့ ရှာနေတာ၊ လက်စသတ်တော့ ထင်တဲ့အတိုင်းပါပဲ။ ဒီကိုပဲ တန်းတန်းမတ်မတ် ရောက်လာခဲ့တာကိုး။ ဟော့ကောင်ကျော်သီဟ၊ ဆွဲလေကွာ ဆွဲ။ ဟို ရောက်ရင် ငါ တစ်ပိုင်းထပ်တိုက်ပါ့မယ်"

မဲတူခမျာ သည်ဘဝဝဋ်ကြွေးကို သည်မျှနှင့်ပဲ ကျေပါစေတော့ဟူ၍ စိတ်နှလုံးကို ဒုံးဒုံးချလိုက်သည်ထင့်။ မှူးသမားနှစ်ကောင်နောက် ပါသွားလေတော့၏။

"သွားပေဦးတော့ သမီးလေးရေ သွားပေဦးတော့ဟဲ့"

ဦးတုပ်ပေါ၏ ဆို့ဆို့နစ်နစ် ဟစ်ကြွေးလိုက်သည့်အသံက ဒေါ်သန်းမေတို့ မိသားစုအပေါ်တွင် နင့်နင့်နဲနဲ ရိုက်ခတ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ။ မင်း မဲ့

ပြင်ပြီးခဲ့ပြီ။

စိတ်လက်မကောင်းသောနေ့မို့ ဘာမျှ ဖွယ်ဖွယ်ရာရာ ချက်မထား။

ကိစ္စမရှိ။

ဘုန်းကြီးကျောင်းနေ ဘုန်းကြီးကျောင်းသားမို့ ပြေျုးအတွက်တော့ အစားအသောက် ကောင်းခြင်းမကောင်းခြင်းသည် ထုသားပေသား ကျနေပါပြီ။

"ဟဲ့ သမီး၊ နင့်အဘကို ထမင်းစားခေါ်လေကွယ်"

ဒေါ်သိန်းမေက သမီးလေးမိုးစိမ့်ကို သတိပေးသည်။ ဦးတုပ်ပေါ် အခွင်းမလှုပ်၊ အဲမလှုပ်။ နေရာမှမထ။ ထမင်းဝိုင်းသို့ မဝင်။



www.burmeseclassic.com

www.burmeseclassic.com



"စားကြပါကွယ် စားကြပါ။ သမီးတို့သားအမိတွေသာ စားကြပါ။ အဘာ ဒီနေ့ စားလို့ရမှာ မဟုတ်ဘူး။ စားလို့လည်း မျိုကျမှာ မဟုတ်ဘူး"

ဦးတုပ်ပေါ၏ အသံက တကယ့်ကို ဆို့ဆို့နစ်နစ်။

ဒေါ်သိန်းမေရင်ထဲ မကောင်းတော့။

စားပွဲပေါ်မှာတော့ ခရမ်းသီးနှပ်တစ်ခွက်၊ ပဲစောင်းခါး သီးသုပ်တစ်ပွဲ၊ ငါးပိရည်ဖျော်၊ ဗူးရွက်ဟင်းချို။ ဒါပါပဲ။ ပြေပြုံးကတော့ ပုံမှန်အတိုင်းပင် ဖြည်းဖြည်းသက်သာ စားနေသည်။

"ကိုတုပ်ပေါ်ရယ်။ ပြီးတာတွေလည်းပြီးပြီပဲဟာ။ 'ဆန် ဆုံတော့စား၊ ကံကုန်တော့သွား'တဲ့။ ဒီလိုပဲ 'ပြုသူအသစ် ဖြစ်သူအဟောင်း' သံသရာစက်ဝိုင်းကြီးက ကောင်းကောင်း ကြီး လည်နေတဲ့ဥစ္စာ။ 'သတ္တဝါတစ်ခု ကံတစ်ခု'လို့သာ သဘောထားလိုက်ပါရှင်။ ဒီလိုသာ မစားမသောက်ဘဲနေရင် အဆာခံလိမ့်မယ်။ ကိုယ့်အသက်အရွယ်လည်း ပြန်ကြည့်ဦး။ လာပါတော်။ ဝင်သလောက်တော့ စားလိုက်ပါ"

"စားတော့ သိန်းမေ။ နင်တို့ဘာသာ စားကြတော့။ ငါ ဘယ်လိုနည်းနဲ့မှ စားလို့ဝင်မှာ မဟုတ်ဘူး"

"ဖြစ်မှဖြစ်ရလေ ကိုတုပ်ပေါရယ်။ ရှင်ခုလောက် ခံစား ချက် ပြင်းထန်တဲ့လူစားတစ်ယောက် ဖြစ်လိမ့်မယ်လို့ ကျုပ် ဘယ်တုန်းကမှ သတိမထားမိခဲ့ပါဘူးတော်"

အိမ်ထောင်ဦးစီး ခင်ပွန်းသည်၊ တစ်နည်းအိမ်ဦးနတ်ကြီး တစ်ယောက်လုံးက သည်ကနေ့ ဖြစ်ရပ်နှင့်ပတ်သက်၍ စိတ်အကြီး အကျယ်ထိခိုက်ပြီး မစားနိုင်မသောက်နိုင် သောကပွားနေသည်ဆို လေတော့ အိမ်ဦးနတ်ကို အမြဲတစေ စောင့်ကြည့်နေရသော ဒေါ်သိန်းမေတို့ခမျာမှာလည်း အဘယ်မှာလျှင် ခံတွင်းမြိန်ကြမှာတဲ့နည်း



www.burmeseclassic.com

www.burmeseclassic.com



သည်အခိုက် ညမှောင်ရီက တဖြည်းဖြည်းပျိုးလာခဲ့သည်။

"ဗျို့ ဦးတုပ်ပေါ ဦးတုပ်ပေါ"

"ဟေလကွာ၊ ဘယ်သူတုံး ရှိတယ်ဟေ့။ ဝင်ခဲ့ဝင်ခဲ့"

မမျှော်လင့်ဘဲ ခြံဝမှအသံကြားသည်။ ဦးတုပ်ပေါက ဝင်ခွင့်ပြုသဖြင့် လူတစ်ယောက် ယိုင်တိယိုင်တိုင်ဖြင့် ဝင်လာသည်။

"ကေန္တ တို့တစ်အိမ်သားလုံး စိတ်မကောင်းဖြစ်နေကြတာသိသွားလို့ သနားစိတ်ဝင်ပြီး မဲတူကိုပြန်လာပို့သလား မပြောတတ်ဘူး"

သည်သို့ပင် ဒေါ်သိန်းမေ ရိုးရိုးသားသား တွေးမိပါသေးသည်။ သို့ရာတွင် လူစိမ်းလက်ထဲမှ ဝက်ဝမ်းတွင်းသားတစ်တွဲကိုမြင်ရတော့ ဒေါ်သိန်းမေ 'ဟိုက်ခနဲ' ဖြစ်သွားရသည်။ လူစိမ်းသည် ဝမ်းတွင်းသားအတွဲအား ဦးတုပ်ပေါလက်ထဲသို့ ထည့်နေသည်။

"ရော့ ကိုအောင်ဟိဏ်းတို့ ပို့ခိုင်းလိုက်တာ"

ဤသို့ ဦးတုပ်ပေါလည်း ယောင်ရမ်း၍ လှမ်းယူလိုက်ရင်း

"ဟာ မဟုတ်သေးပါဘူးကွာ။ ဒါ စားရမယ်ဆိုရင် ငါ့လောက်မိုက်မဲတဲ့သူ ကမ္ဘာမှာ ရှိပါ့မလား။ ကိုယ့်သားသမီး အသား ကိုယ်ပြန်စားရမယ်လို့"

မချိတင်ကဲ ပြောလိုက်သော စကားသံကြောင့် ဒေါ်သိန်းမေ အဖို့ လင်တော်မောင် သူတော်ကောင်းကြီးအပေါ် ခါတိုင်းထက်ပို၍ သာ၍ ကြည်ညိုသွားပုံရသည်။

"ဒါဖြင့်လည်း ပြန်ပေးလိုက်ဗျာ"

ဤသို့ ရှေ့ဆက်ပေါ်ထွက်လာသော လင်တော်မောင်၏ စကားသံကြောင့် ဒေါ်သိန်းမေခမျာ ဆွေ့ဆွေ့ခုန်မျှ ဒေါသမာန်တွေ ထရတော့သည်။

မထဘဲကော နေမှာတဲ့လား။ ကိုင်း နားဆင်ပေတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ပြန်ပေးလိုက်ရင် နှမြောစရာကြီး။ ဒီလောက်တောင် ဆူပြီးဖြိုးနေတဲ့ ဝမ်းတွင်းသားကြီးကို"

"အဲဒါကြောင့် ကိုအောင်ဟိဏ်းက ပြောတာပေါ့။ အလကားလူကြီး။ ဝက်ဝမ်းတွင်းသား စားချင်လို့လျှော့ရောင်းလိုက်တာတဲ့။ ဟုတ်ပါရဲ့။ ယူမှာဖြင့်ယူတာ မဟုတ်ဘူး။ အရာမဟုတ်အရာလုပ်ပြီး မူနေရသေးတယ် ဟွန်း"

လူစိမ်းထွက်သွားလေတော့ ဒေါ်သိန်းမေခမျာ အောင့်မထားနိုင်တော့ဘဲ

"ဟင် အဲဒါကြောင့် ဘယ်လိုနည်းနဲ့မှ စားလို့မဝင်ပါဘူးတို့ မျိုးကျမှာမဟုတ်ဘူးတို့ ပြောတာပေါ့။ လက်စသတ်တော့ ဝက်ဝမ်းတွင်းသားစားချင်လို့ ကူလီကူမာ လုပ်နေတာကိုး"

ဟူ၍ ပတ်ကြမ်းတိုက်ပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ကြောင် မြီး ပူ

တို့၊ ငပိန်တို့၊ ကျွဲသိုးတို့၊ ငပြူးတို့၊ ထုံကြီးတို့ မှီတင်းနေထိုင်ကြသော ထန်းပင်စုရွာကလေးသည် ရွာအနောက်၌ ထန်းပင်တွေ တော်တော်များများစု၍ ပေါက်ရောက်နေသောကြောင့် ရွာတည်သည့် သမယကပင် အနွတ္တသညာကိုက်ညီမည့် 'ထန်းပင်စု'ဟူသော အမည်နာမကို မှည့်ခေါ်ခဲ့ကြခြင်းဖြစ်သည်။ သာမန်မျှဆိုလျှင် သည်အမည် ကြားလျှင်ဖြင့် အညာဒေသဘက်ဆီမှ ရွာတစ်ရွာဟု ထင်ကောင်းထင်မှတ်လိမ့်မည်ဖြစ်၏။

စင်စစ် ထန်းပင်စုရွာကလေးသည် ဧရာဝတီမြစ်ကမ်းနား အနီး တံငါအလုပ်နှင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေကြသော ရွာတစ်ရွာဆိုလျှင် မမှားချေ။ တစ်ဖက်မှာ ရေလုပ်ငန်းရှိသလို၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာလည်း လယ်ယာကိုင်းကျွန်း လုပ်ငန်းရှိလေရာ ရေမှလည်းကောင်း၊ မြေမှလည်းကောင်း စီးပွားရှာဖွေရယူနိုင်သည့် ရေခံမြေခံကောင်းသော ဒေသတစ်ခုဖြစ်လေသည်။

ထန်းပင်စုရွာနှင့် မလှမ်းမကမ်းမှာတော့ အမြဲတမ်းလိုလို ရေတွေကြည်စိမ်းလျက် အစုန်အဆန်စီးဆင်းနေသည့် ပြည်မြန်မာ၏ အသက်သွေးကြော ဧရာဝတီမြစ်ကြီး ရှိလေသည်။ မိုးတွင်းကာလ ဆောင်းအခါသမယများ၌ ကမ်းစပ်တွင် မြေစိုက်တိုင်ကလေးများ စိုက်ကာ တဲငါတဲကလေးများဆောက်လုပ်ရင်း ဝမ်းစာရှာဖွေကြသည်။ လင်ဖြစ်သူက လှေတစ်စင်း၊ ပိုက်တစ်ဖုံဖြင့် ဧရာဝတီမြစ်တွင်း ငါးဖမ်းထွက်သလို၊ ဇနီးမယားတို့ကလည်း လင်ယောကျ်ားဖမ်းယူလာသော ငါးများကို အမျိုးအစားခွဲကာ ဖောက်သည်ပေးတန်ပေး၊ ကိုယ်တိုင်ရောင်းချတန်ရောင်းချ၊ ငါးခြောက်လှမ်းတန်လှမ်း၊ ငါးပိသိပ်တန်သိပ်နှင့် ထောင့်စေ့အောင် လုပ်ရသည်။ ထိုသို့လုပ်နိုင်လေ ပြေလည်လေပင် ဖြစ်၏။

အဆိုပါ မြစ်ကမ်းနံဘေး၌ တဲထိုးထားသော အိမ်တန်းစု အားလုံးလိုလိုပင် တဲငါတဲများ ဖြစ်ကြသည်။ ငါးစိမ်းသည်များသည် ရွာထဲသို့ လှည့်လည်ရောင်းချသည်ရှိသလို ကိုယ်တိုင် တဲငါတဲများ ရှိရာသို့ သွားရောက်ဝယ်ချင်လျှင်လည်းရသည်။ ရေလုပ်သားများအဖို့ လက်လီစိတ်မရောင်းချင်ဘဲ တစ်လုံးတစ်ခဲတည်း ရောင်းချင်ပါက ထန်းပင်စုတစ်ဖက်ကမ်းရှိ ဖက်တီးဝင်းမောင်၏ 'ရတနာပန်းခင်းငါး၊ ပုစွန်၊ ကြက်၊ ဘဲဒိုင်'သို့ သွင်း နိုင်သည်။ လက်လီရောင်းချသည်ထက် အမြတ်အစွန်းနည်းသော်လည်း တစ်ထိုင်တည်းနှင့် ငွေအလုံးအရင်း ရသည်။

ဘကြီးစိန်လင်းကား သည်နယ်မှမဟုတ်။ အညာအရပ်ဒေသဆီမှ 'ဝက်ခုတ်'ဟု အမည်ရသော ရွာသားတစ်ဦးဖြစ်ပြီး ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းမျိုးစုံကာ အသက် (၇၀) နား ချဉ်းမှပင် ဘယ်ရေစက်မှန်းမသိ။ ရေလုပ်ငန်းအလုပ်ဖြင့် ငပိန်တို့ထန်းပင်စုရွာသို့ ရောက်လာကာ တံငါတဲတစ်တဲ ဆောက်လုပ်လျက် နေ့စဉ် ပိုက်တစ်ဖုံ၊ လှေတစ်စင်းဖြင့် အေးအေးလူလူ စီးပွားရှာလျက်ရှိသော ရေလုပ်သားကြီးဖြစ်၏။ ရလာသမျှကို စုစုဆောင်းဆောင်း ပြုတတ်၍လည်း ရံဖန်ရံခါ မြစ်ထဲမဆင်းသည့်တိုင် အေးအေးလူလူ ထမင်းကြမ်းခဲယပ်ခတ်စားနိုင်သည့် အနေအထားဖြစ်လေသည်။

ဘကြီးစိန်လင်းတဲ၏ နံဘေးတွင်ကား 'ပိုးတီ' ဆိုသော တစ်ခုလပ်မကလေးရှိသည်။ အသက်အားဖြင့် ဘကြီးဦးမှာနည်း။ (၂၅) နှစ်ကျော်လောက်သာ ရှိမည်။ တစ်ခုလပ်ဆိုသော်ငြား အပျိုစင်နှင့်မလဲနိုင်လောက်အောင် အဖုအထစ်၊ အရစ်အပိုက်၊ အရှိုက်အဖို၊ အမို့အမောက်၊ အကောက်အဖြောင့်တို့က ခံစားမှုနှလုံးသားရှိသူအတွက်တော့ ညှော်ဆူးကလေးတွေ ဖြစ်လေမည်လားမသိ။ ပိုးတီသည် တစ်ခုလပ်ဖြစ်၍ ၎င်းအပေါ်အကဲစမ်းကြသူများရှိသော်လည်း အနေအထိုင်မယွင်းမှား။ လော်လည်ဖောက်ပြန်မှုမရှိ။ ပတ်ဝန်းကျင်မှ ငါးဖောက်သည်ယူ၍ ရွာစဉ်လှည့်ကာ ဒုက္ခသည်မျက်မမြင်မိခင်အိုကြီးကို ရှာဖွေကျွေးမွေးနေသူဖြစ်ချေသည်။

သည့်အတွက် ဘကြီးစိန်လင်းသည် ပိုးတီအား (အရွယ်လည်း ကွာဟလေသည်မို့) သမီးသဖွယ် သဘောထားကာ ဖမ်းဆီးရမိလာသော ငါးတို့ကို သက်သာသော နှုန်းထားဖြင့် ဖောက်သည်ပေး၏။ ငွေကိုလည်း လက်ငင်းမတောင်း။ ပေးမှသာ ယူသည်။ ရလာလျှင်လည်း ဆန်ကလေး၊ ဆီကလေးကအစ ပိုးတီတို့မိသားစုအားမပိုးပေး၏။

"ယူပါကွယ် 'ယူပါ။ ဘကြီးက မိဘကို လုပ်ကျွေးတဲ့ သမီးကောင်းရတနာ ပိုးတီရဲ့စိတ်ဓာတ်ကို ချီးကျူးလို့

www.burmeseclassic.com



ဂုဏ်ပြုတာပါ''

သည်လိုဆိုတော့လည်း ပိုးတီခမျာ ကျေနပ်စွာ လက်ခံလိုက်ရလေသည်သာ။ သည်သို့သည်ပုံ အိမ်နီးချင်းကလည်းဖြစ်၊ မိဘနှင့်သားသမီးအရွယ်လည်းဖြစ်၊ သူမ၏ လုပ်ငန်းအပေါ်တွင် အစစအရာရာ ကူညီသူလည်းဖြစ်၊ သားသမီးလိုလည်း သဘောထားသူဖြစ်ဆိုတော့ ပိုးတီအဖို့ ဘကြီးစိန်လင်းအပေါ် တုံ့ပြန် ကျေးဇူးပြုမိလေတော့သည်။

ထမင်းဟင်းကို သူမအိမ်မှာပဲ ချက်ပြုတ်၏။

ထမင်းပွဲကို ကျနစွာ ပြင်ဆင်ကျွေးမွေး၏။ ထမင်းစားသောက်ပြီးလျှင် ထမင်းလုံးစီရန်အတွက် ဆေးလိပ်၊ ကွမ်းအစ် တို့ကို အဆင်သင့်ထားရှိပေး၏။ ချိုးရေကိုလည်း အဆင်သင့်ခပ်ပေးပြီးသား။ ရေနွေးကြမ်းလည်း မပြတ်စေရ။ ရေနွေးဘန်း၌ ထန်းလျက်ခဲက အဆင်သင့်။

''ရေနွေးကြမ်းဆို တော်ပါပြီ ပိုးတီရယ်။ ဘကြီးက သွားတွေ အိုပ်မကောင်းဘူးကွယ့်။ ငယ်ငယ်ကလေးတည်းက နို့ပိုးစားတာ ခုထိနို့ပိုးစားတာ ရှင်းရှင်းမပျောက်သေးဘူး''

သို့ဆိုရင်း သူ့သွားတွေကို စေ့ပြသည်။

''ဟီ ဟီ''

သည်သွားတွေကိုမြင်တော့ ပိုးတီခမျာ ရယ်ချင်ပက်ကျိ။

ဟုတ်သည်။ ဘကြီးစိန်လင်းခမျာ ဘယ့်ကလောက်တောင် အချိုတွေ စွဲလမ်းတပ်မက်ခဲ့လေသည်မသိ။ သွားတွေတစ်ချောင်းမှ အကောင်းမရှိတော့။ အားလုံးလိုလို ငုတ်စိကလေးတွေပင်။

ပိုးတီအဖို့ ဘကြီးစိန်လင်း၏ဝေယျာဝစ္စအတွက် ထိုသို့ထိုပံ့ ထောင့်စေ့အောင် လုပ်ဆောင်ပေးရသည်ကို ပင်ပန်းသည်မထင်။ စိတ်ပျက်ခြင်း အလျဉ်းမရှိ။ သက်ကြီးရွယ်အို ကျေးလူငယ် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို တတ်နိုင်သလောက် ပြုစုရသည်ဟု သဘောထားကာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေစမြဲပင်။

နံနက်ဝေလီဝေလင်း၌ အိမ်မှာရှိနေသည့်ရက်ဆိုလျှင် ဘကြီးစိန်လင်း၏ 'စိန္တတိ အစိန္တတိ ဘဝတိ အဘဝတိ'' ဆိုသော ဘုရားရှိခိုးသံက သာယာနာပျော်ဖွယ် ကောင်းလှသည်ဟု ပိုးတီယူဆ၏။ ဘုရားရှိခိုးအပြီး တီးခတ်လိုက်သော ကြေးစည်သံက ပိုးတီ၏ စိတ်နှလုံးကို ညွတ်နူးစေသည်ဟု ဆိုလိုက်ချင်တော့သည်။ သို့ဖြစ်၍လည်း ဘကြီးစိန်လင်းကို ရှိသေလေးစားကာ နေထိုင်မကောင်းဖြစ်လျှင်ပင် ခြေဆုပ်လက်နယ် ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုပေးသည်အထိ အခြေအနေသို့ ရောက်ရှိလေတော့သည်။

ဤ၌ စဉ်းစားဆင်ခြင်စရာကောင်းသည်ကား ဘကြီးစိန်လင်းမည်သော အသက် (၇၀) အရွယ် ယောက်ျားရင့်မကြီးတစ်ယောက်နှင့် အသက် (၂၅) နှစ်ကျော် ဆူတုန်းဖြိုးတုန်း၊ သွေးသားစိုပြည်တုန်း ယောက်ျားသနာနှင့် ထိတွေ့ခဲ့ဖူးခြင်းရှိသော၊ အိမ်ထောင်ရေးအတွေ့အကြုံရှိသော မိန်းမသားတစ်ဦး။

သူတို့နှစ်ဦးသည် တစ်မိုးအောက် လုံခြုံသောအကာအရံအတွင်း၌ နှစ်ဦးသားတွေ့ကြပြီ၊ ဘကြီးစိန်လင်းသည် ဖွဲတစ်ဆုပ်မကာ ဖွဲတစ်အိတ်ကိုပင် အသာကလေးနိုင်သေးသည်ဆိုတော့ ဟိုစိတ်ဒီစိတ်တွေ ခန်းခြောက်နေပြီဟု မည်သူအတပ်ဆိုဝံ့အံ့နည်း။ ပိုးတီတော့ မည်သို့နေလိမ့်မည်မသိ။

ဘကြီးစိန်လင်းအဖို့ ၎င်းအပေါ် ချိုချိုရွှင်ရွှင် ပြုံးပြုံးရယ်ရယ် မျက်နှာကလေးဖြင့် ကြင်နာယုယစွာ ပြုစုလေသော ပိုးတီအကြောင်းကို တွေးမိလေတိုင်း သဘောအကျကြီး ကျမိလေတော့သတည်း။

"အင်း ပိုးတီ ပိုးတီ။ မင်းကလေးဟာ ထူးစိခုလပ်

www.burmeseclassic.com



အအိုလို့သာဆိုရပေမဲ့ သားသမီးမှ မရခဲ့လေတော့ ခုထိ တင်းတုန်း ရင်းတုန်း၊ တောင့်တုန်း၊ ဖြောင့်တုန်းပါပဲလားကွယ် ဂလု။

မင်း ဘကြီးကို နှိပ်နယ်ပေးတဲ့အခါများ မင်းရဲ့ ပြုံးပြုံးရွှင်ရွှင်မျက်နှာကလေးကိုမြင်ရတဲ့အခါ ဘကြီးရဲ့ရင်တစ်ခုလုံး ငြိမ်းချမ်းသွားတော့တာပဲ။ မင်းကလေးရဲ့ လက်ကလေးနဲ့ ဘကြီးရဲ့လက် မသိမသာထိတွေ့မိတဲ့အခါ မင်းတော့မသိဘူး ပိုးတီ။ ဘကြီးရင်ထဲ တရှုတ်နှစ်သစ်ကူးမှာထုတဲ့ ဗုံသံလို တုန်ခါလွန်းလှပါတယ်ကွယ်။ မင်းကို အသည်းစွဲ ချစ်မိနေပါပြီကော ပိုးတီရယ်၊ အင်း 'ဤသည်ကား အဘိဓမ္မာသုတ္တန် ဖြစ်ချေသည်' လို့ပဲ ဆိုချင်ဆိုပါတော့ ကလေးရယ်။ ဘကြီး မနေနိုင်တော့ဘူး''

သည့်လိုမျိုး ဒိန်းဒလိန်းနတ် အပမ်းခံရပြီးသည့်နောက် ဘကြီးစိန်လင်းအဖို့ ငါးဖမ်းမထွက်နိုင်တော့။

အို မထွက်နိုင်လည်း ဘာအရေးတုံး။ သူစုထားဆောင်းထားတာတွေက သုံးလေးနှစ်ထိုင်စားတောင် မကုန်နိုင်။ အချစ်နတ်၏ ဖမ်းစားခြင်းကို ခံလိုက်ရပြီမို့ ခါတိုင်းလို ဘုရားကျောင်းဆောင်ရှေ့၌ ကြေးစည်သံလေး 'နောင် ဝေဝေ'' ပေးလျက် 'စိန္တတိ၊ အစိန္တတိ ဘဝတိ၊ အဘဝတိ' ပင် မဟုတ်နိုင်တော့ဘဲ အိပ်ရာထက်၌ အချစ်များတွေ တက်နေလေတော့သည်။

ဒါကို ပိုးတီမသိ။

သွေးရိုးသားရိုး နာဖျားမကျန်းဖြစ်သည်ဟု ယူဆကာ ထုံးစံအတိုင်း အကြောအခြင်တို့ပြေဖို့၊ အပူတွေထွက်ဖို့ နှိပ်နယ်ပေးနေတော့သည်။

သည်အခိုက် ဘကြီးစိန်လင်း၏ အချစ်ဆင်ရိုင်းမှာ ချွန်းအုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှမရလောက်အောင် မှန်ယိုနေခဲ့ပြီ ဖြစ်တော့သည်။

"အို ဘကြီးရယ် မတော်ပါဘူး။ လွှတ်ပါနော်၊ ပိုးတီ ကိုလွှတ်ပါ"

ပိုးတီကို ပွေ့ဖက်သည်။ အားရပါးရနမ်းသည်။

ရုတ်တရက် အငိုက်မိသွားသည်မို့ ပိုးတီခမျာ လန့်ဖျပ်သွားပြီး အကြောက်အကန် ငြင်းဆန်ကာ တောင်းပန်ရှာသည်။

မည်သို့ပင် တောင်းပန်တောင်းပန် ဘကြီးစိန်လင်းကား 'ကောင်းကင်တစ်မွတ်၊ ကြယ်ကိုပင်ဆွတ်' တော့မည်မို့ မလွှတ်ဘဲ အတင်းဖက်တွယ်ထားရင်းမှ လက်မောင်းသားများနှင့် ကျောပြင်ကို အသာအယာပွတ်သပ်ပေးလေသည်။ ပါးစပ်မှလည်း ဆိမန်းမန်းသလို တတွတ်တွတ်နှင့်။

"ပိုးတီလေးရယ် မင်းကို ဘကြီးစိန်လွှေ တကယ့်တကယ် နှစ်နှစ်ကာကာ ချစ်လွန်လွန်းလို့ ဒီလိုမျိုး ကြံစည်ရတာပါ။ ပိုးတီ စိတ်ဆိုးလို့ အပြစ်ပေးမယ်ဆိုရင်လည်း ဘကြီးစိန် လည်စင်းခံဖို့အသင့်ပါ။ ဘကြီးစိန် ငယ်ငယ်က ကြည့်ဖူးတဲ့ ဇာတ်သဘင်ထဲကလို 'မင်းတို့ကိုလည်း အပြစ်မတင် မောင်တင် ကိုယ့်ကိုယ်ကိုယ်ပင် မသနားရှာ့လေသလား' လို့ ဟစ်လိုက်ချင်တော့တာပဲ ပိုးတီရယ်"

အပြောအဆို ညက်သည်နှင့်အမျှ လက်ကလေးတွေက ဆည်းသွက်လှသည်။ ရုတ်တရက်မို့ ပိုးတီ ရုန်းထွက်ရန်ပင်အင်အား ရှိတော့။

"တကယ်တော့ ပိုးတီလေးဟာ ချစ်စရာကောင်းတဲ့ အပြုံးချိုချိုလေးတွေ မပိုင်ဆိုင်ခဲ့ရင် ဘကြီးစိန် ဒီလောက် စွဲမက်မှာ မဟုတ်ဘူး။ ခုတော့

'ယွင်းမေ့စေ့ဝသုန်



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း သော်တာယုန်သို့
ကမ္ဘာကုန်ကျယ်သရွေ့
ဘယ်မေ့လိမ့်လဲ'ဆိုသလို ပိုးတီရဲ့ အပြုံးဟာ ဘကြီး စိန်လင်းရင်ထဲမှာ တွဲခိုနေပြီကလေးရယ်။ ပိုးတီရဲ့ကြင်နာမှု ယုယမှုတွေက ဘကြီးစိန်ရဲ့ အချစ်ရေကာတာကြီးကို သို လှောင်ထိန်းချုပ်လို့ မရတော့ဘူး။ ဒါကြောင့်လည်း အနှစ် နှစ်အလလ အောင့်အည်းထားရသမျှ ပေါက်ကွဲထွက် လာတော့တာပေါ့ ပိုးတီရယ်"

"အို ဘကြီးစိန်ရယ်။ ပိုးတီနဲ့ ဘကြီးစိန်တို့ရဲ့အရွယ်ဟာ သားအဖအရွယ်ပါ။ သင့်တော်မယ် မထင်ပါဘူး။ အရပ်က လည်း ကဲ့ရဲ့ကြပါလိမ့်မယ်"

ရှုန်းထွက်ကြည့်သေးသည်။

မရ။ သည်တော့ ပိုးတီခမျာ မျက်ရည်ကလေးတစမ်းစမ်း။

"ပိုးတီရယ် အချစ်မှာ အရွယ်နဲ့ မဆိုင်ပါဘူး။ လောက မှာ 'ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်'တဲ့။ ကိုယ်ကောင်းရင် ခေါင်းဘယ်တော့မှ မရွေ့ပါဘူး ပိုးတီ"

ဘကြီးစိန်လင်း၏ စကားလုံးမြားတံတွေက ပိုးတီ၏ နှလုံး သားတစ်ပိုက်ကို ဘယ့်ကလောက်များ စူးစိုက်သွားလေသည်မသိ။

ထို့အတူ ဘကြီးစိန်လင်း၏ အသွားအလာကလေးများက လည်း ခြံတစ်ခါခုန်ခဲ့ဖူးသော အဖြစ်ကိုလည်းကောင်း၊ ဆိတ်ငြိမ် ရာအရပ်၌ တစ်ပါးသူရင်ခွင်၌ ရောက်ရှိနေသောကြောင့်တစ်ကြောင်း၊ စိတ်ထဲမှာလည်း သာယာမှုတွေဖြစ်ပေါ်လာသော ကြောင့်လည်းကောင်း နောက်ဆုံးမှာတော့ ဘကြီးစိန်လင်း၏ လေးတိုင်စင်ငါတဲ ကလေးသည် လေမုန်တိုင်း မတိုက်ရပါဘဲနှင့် သိမ့်ခနဲ ပြိုသွားရလေ တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ထန်းပင်စုရွာ၌ ဘကြီးစိန်လင်းနှင့် ပိုးတီတို့၏ အိမ်ထောင်စုဦးရေ တိုးလာရတော့သည်။

သည်နေရာမှာတော့ ဘကြီးစိန်လင်းက ရဲရင့်ပြတ်သားပါပေသည်။ ရွာဦးကျောင်းသို့ မင်္ဂလာဆွမ်းချိုင့်ပို့သည်။ ပတ်ဝန်းကျင်ဘဝတူရေလုပ်သားတွေကို အသိပေးကြေညာကာ တတ်နိုင်သလောက် ကျွေးမွေးဧည့်ခံပြီး ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် အသိအမှတ်ပြုစေသည်။ ပိုးတီအမေကြီးကို အိမ်ဦးခန်းထားပြီး ပြုစုသည်။ သူပိုင်ဆိုင်သမျှ ငွေကြေးဥစ္စာပစ္စည်းများကို တစ်ပြားတစ်ချပ်မကျန် အကုန်အစင်အပ်နှံသည်။ သည်တော့လည်း ပိုးတီအဖို့ အသက်အရွယ်ကွာဟသည့် တစ်ချက်ကလေးသာ ပြောစရာဖြစ်၍ ကျန်အရာအားလုံးသည် စိတ်ချမ်းသာစရာတွေချည်း။

ဘကြီးစိန်လင်းအဖို့ ပိုးတီအား အရပ်တကာလည်ပြီး ငါးမရောင်းခိုင်းတော့။ သူပိုက်ချပြီး ပြန်လာလျှင် ရလာသောငါးများကိုသာ အမျိုးအစားခွဲလျက် ဖောက်သည်ပေးချင်ပေး၊ ငါးဒိုင်ရှိရာပို့ချင်ပို့၊ သည်မျှသာ လုပ်ခိုင်းပြီး ငါးဖမ်းမထွက်ဖြစ်သော ကာလများဝယ် ချစ်ခွန်းတုံ့တင်၍မဆုံး။

ဘကြီးစိန်လင်းအနေဖြင့် ပိုးတီအား ဇနီးမယားတစ်ဦးသဖွယ်လည်း ချစ်ရသည်။ သမီးကဲ့သို့လည်း ချစ်ရသည်။ ပိုးတီကလည်း ဘာထူးမှာတဲ့နည်း။ ဘကြီးစိန်လင်းအပေါ် ခင်ပွန်းလင်သားတစ်ဦးသဖွယ် ချစ်မြတ်နိုးရပြီး ဖခင်ကဲ့သို့လည်း လေးစားရသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



....မပိုးတီကတော့
ဘာကို သဘောကျလေသည် မသိ။
တဟင်းဟင်းနှင့် သဘောကျစွာရယ်နေသည်။
ကြောင်မြီးပူတို့ အုပ်စုကတော့
မှန်းချက်နှင့် နှမ်းထွက်
လွဲချော်သွားသည့်အတွက်
သိပ်တော့ ဘဝင်မကျချင်။
သို့ရာတွင် ....
'စောင့်နိုင်လျှင် အကျိုးရှိ
အောင့်နိုင်လျှင် သူခိုးမိ'ဆိုသကဲ့သို့ ....။

www.burmeseclassic.com

www.burmeseclassic.com



# ထန်း ပင် စု ရှု

ပီယမော်ပေါက်ထားသော ဦးဗလကျော် ပိန်တစ်ယောက် မရဏတရားကို မလွန်ဆန်နိုင်သည့်အတွက် ကိစ္စချောသွားရလေပြီ။

"ကျုပ်ညီရဲ့ သပိတ်သွပ်မှာ တစ်ရွာလုံးကို မီးခိုးတိတ်မှန့်ဟင်းခါး ကျွေးမယ်ဗျာ။ ဒေါ်စမ်းတင်ရဲ့ လက်ရာနဲ့ကျွေးချင်တယ်။ လိုအပ်တာပြော"

ဦးဗလကျော်ပိန်၏ အစ်ကိုကြီးဖြစ်သူ ဦးဝဏ္ဏကျော်ထိန်က သူ့ဆန္ဒသဘောထားကို ထုတ်ဖော်ပြောကြားသည်။

"ကောင်းကောင်းမွန်မွန် ကျွေးချင်လို့ကတော့ ဟင်းကို ရရာငါးနဲ့ ပြီးစလွယ်မချက်ဘဲ ငါးရှူသားကြီးသန့်သန့်



www.burmeseclassic.com

www.burmeseclassic.com



ချက်ရင် ဟင်းက ရှယ်ဖြစ်မှာဗျ''

''ကောင်းဖို့ပဲ အရေးကြီးတယ်။ ကုန်ချင်သလောက် ကုန်ပလေ့စေ။ ခင်ဗျားတို့ စီမံပေးပါဗျာ''

''ကောင်းပါပြီ ဦးဝဏ္ဏကျော်ထိန်၊ ကျုပ်တို့အပိုင်းက လိုအပ်တာ စီစဉ်ပေးပါ့မယ်''

ဆယ်အိမ်မှူးလည်းဖြစ်၊ ကာလသားခေါင်းဆောင်လည်း ဖြစ်သော ကိုအောင်ကြီးက မုန့်ဟင်းခါးကောင်းကောင်း ဖြစ်ဖို့အရေး တာဝန်ယူလိုက်သည်။

တာဝန်ကို ယူမည့်သာယူလိုက်သည်။ တကယ့်တကယ်က သူကိုယ်တိုင် ဆောင်ရွက်မည်မဟုတ်။ ငပိန်တို့အဖွဲ့ကိုပင် တာဝန် ပေးလိုက်သည်။

''စိတ်ချ ကိုအောင်ကြီး၊ လိုအပ်တဲ့ငါးခူရဖို့ ကျွန်တော်တို့ တာဝန်ထား''

''အေးကွာ ကျေးဇူးပါပဲ။ ငါတို့မှာလည်း အသုဘ မြေချ ဖို့ကိစ္စအတွက် လုံးပန်းရဦးမှာမို့ ငါးကိစ္စကို စိတ်ချတော့ မယ်''

သည့်နောက်မှာတော့ ငပိန်တို့သုံးဦးသား ငါးကိစ္စ စနည်းနာ ရန်နှင့် ခြေခင်းလက်ခင်း လျှောက်ရန်အတွက် ကမ်းနားဆိပ်ဘက်သို့ ထွက်လာခဲ့ကြ၏။ အချိန်ကား ညမှောင်ချည်သမ်းနေပေပြီ။ ည ကောင်းကင်မှာတော့ သုံးရက်လ ခုံးမျက်စသဖွယ် လခြမ်းလေး ကလေးသည် တိမ်စိုင်ထုကိုပခုံးချိတ်လျက် ပျပျကလေး လင်းနေ ပေပြီကော။

''ဟော့ကောင်တွေ။ ပူပူနွေးနွေး လင်မယားဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးစိန်လင်းနဲ့ မပိုးတီကြီးတို့ အချစ်နာလန်ထတာကို ချောင်းကြရင် မကောင်းဘူးလားကွ''

ကျွဲသိုးက အစထောင်ပေးလိုက်သည်။

''သိပ်ကောင်းပေါ့ကွာ။ အဘိုးကြီးက အသက်သာကြီးတာ။ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသံလောက်ကွ။ မပိုးတီကြီးကလည်း အအိုသာဖြစ်ရ အပျိုကအရှုံးပေးရလောက်အောင် တောင့်တောင့်ရောင့်ရောင့်ကြီးကွ အဟီး''

ထုံကြီးကလည်း လှူပျိုပေါက်ပီပီ ချိုသွေးနေချင်ပုံရလေသည်။

''အသံတော့ လုံပလေ့စေကွာ။ နို့မဟုတ်ရင် အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်တာမျိုးနဲ့ ကြုံလို့ကတော့ ခွပဲ''

''အေးပါကွာ အေးပါ''

သူတို့သုံးယောက်သား ခြေသံကို လုံအောင်ဝှက်ရင်း ဖြည်းညင်းစွာဖြင့် ဘကြီးစိန်လင်းတို့တံငါတဲသို့ အသာကလေး ကပ်သွားကြသည်။

အချို့အချို့သော တဲများကား မှောင်အတိကျနေသည်လည်းရှိသလို မီးရောင်လဲ့လဲ့ကလေး ဖြာကျနေသည်လည်း ရှိ၏။ မှောင်အတိကျခြင်းကား စောစောစီးစီး အိပ်ရာဝင်သည်လည်း ဖြစ်တတ်သကဲ့သို့ မြစ်ထဲဆင်းကာ ပိုက်တန်း၊ ပိုက်ချနေခြင်းလည်း ဖြစ်ကောင်းဖြစ်ပေမည်။

ဘကြီးစိန်လင်းတို့ တဲကလေးကား မီးရောင်ကို မှိန်ပျပျကလေးသာ ထွန်းထားသည်။ အိမ်ရှေ့ခန်းတွင် အဘွားကြီးတစ်ဦးအိပ်နေ၏။ အဘွားကြီးကား မျက်စိကွယ်နေသကဲ့သို့ နားလည်းအလွန်မတန် လေးရှာသည့် မပိုးတီ၏ မိခင်အိုကြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး အရှေ့ခန်းမှာ အဘွားကြီးကွ။ အိပ်ခန်းဘက် လှည့်ချောင်းရအောင်"

"ကောင်းတယ် ကောင်းတယ်"

တိုးလျှသော လေသံသဲ့သဲ့ကလေးဖြင့် အချိန်းအချက်ပြု လုပ်ပြီး နေရာကိုရွှေ့လိုက်သည်။ ဦးစွာ နားတို့နှင့် ထရံချပ်အား ထိတွေ့ကြည့်လိုက်သည်။ ဟော စကားသံသဲ့သဲ့ ကြားရပါပကောလား။ အခန်းတွင်းမှာတော့ အလင်းရောင်လုံးဝမရှိ လေသည့်အတွက် အရာဝတ္ထုတွေ သီးခြားဖြစ်နေသလား၊ ပေါင်းစည်းရွှေ့လျားနေသလား ဘာမျှမသိကြွ။ ဘာမျှမသေချာ။ ရုပ်မမြင်သော်လည်း အသံကြား နှအောင်တော့ဖြင့် အာရုံစိုက်ရမည်။

တကယ့်တကယ် အာရုံစိုက်တော့လည်း အခန်းတွင်းမှ ပြော စကားများကို ပီသစွာ ကြားရလေသည်သာ။

"ဘကြီးစိန် ပိုးတီကို ချစ်ရဲ့လားဟင်"

မူယာဟန် ပျူငှာသဏ္ဌာန်၊ ပူဆာသံဖြင့် ညုတုတုမေးလိုက် သော မပိုးတီ၏ အသံ။ တစ်ဆက်တည်းမှာပင် ဘကြီးစိန်လင်း၏ အသံလည်း ပေါ်ထွက်လာလေသည်။

"စိန္တတိ–အစိန္တတိ၊ ဘဝတိ–အဘဝတိ ဆိုသလို ကြံစည်တိုင်းလည်း မဖြစ်၊ မကြံစည်တိုင်းလည်း ဖြစ် တတ်တဲ့ ဘဝကြီးပါပဲ ပိုးတီရယ်။ 'ဤသည်ကား အဘိဓမ္မာ သုတ္တန်ဖြစ်ချေသည်' ဆိုသလို မှန်တဲ့အတိုင်း ဆိုရရင် ဘကြီးစိန်ရဲ့ဘဝမှာ မိန်းမတွေအများကြီးနဲ့ တွေ့ဖူးပါတယ် ပိုးတီ"

"ဟင် အများကြီး ဟုတ်လား"

"မှန်ပါတယ် ပိုးတီ။ ဒါပေမဲ့ တစ်ယောက်မှ မငြိဘူး။ သူတို့အားလုံးဟာ ဘကြီးစိန်ကို လှည့်စားသွားကြသောချည်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ဒါပေမဲ့လေ 'ပြုသူအသစ်၊ ဖြစ်သူအဟောင်း' ဆိုသလို 'သတ္တဝါတစ်ခု ကံတစ်ခု'အနေနဲ့ 'သဗ္ဗေသတ္တာ ကမ္မသကာ' လို့ သဘောထားပြီး 'သုခိ အတ္တာနံ ပရိဟရန္တု'လို့ ရင်ဝယ်ပိုက်ရင်း 'မင်းတို့ကိုလည်း မဆဲ မကျိန် မောင်စိန် ကိုယ့်ကိုယ်ကိုလေ မသနားရှာလေသလား' လို့ပဲ သဘော ထားခဲ့ပါတယ်။ ခုကျ မမျှော်လင့်ဘဲ အချစ်စစ်အချစ်မှန်ကို မွေးဖွားခွင့်ရလိုက်တာ ဘကြီးစိန်အတွက် အသက်ကြီးလေမှ သရက်သီးကြွေကျ အဲ ဟုတ်ပေါင် အသက်ကြီးလေမှ ကံပေါ်တယ်လို့ပဲ ဆိုရမှာပေါ့ကွယ်"

"ဘကြီးစိန်ဟာလေ အတော် အပြောကောင်းတယ်။ အသံကလည်း ဇာတ်မင်းသားအသံအတိုင်းပဲ။ ဇာတ်မင်း သားလုပ်စားဖို့ ကောင်းတယ်"

"အံမာ ပိုးတီက ဘကြီးစိန်ကို အထင်သေးတာလား။ အထင်သေးရင် မှားသွားလိမ့်မယ်နော်။ ဘကြီးစိန်ရဲ့ဇာတိ 'ဝက်ခုတ်ရွာ' မှာတုန်းကဆို ဘုရားပွဲကျရင် ဘယ်ဇာတ်မှငှား စရာမလိုဘူး။ 'ဇာတ်ဆရာမောင်မောင်စိန်လင်း (ဝက်ခုတ်) ဦးစီး၍ ကိုယ်တိုင်ဒါရိုက်တာလုပ်၊ တစ်ကိုယ်တော် မင်း သားလုပ်ကာ တစ်ယောက်တည်း ကပြမယ့်ဇာတ်' ဆိုပြီး နှစ်တိုင်း ရွာ့ကျက်သရေဆောင်ခဲ့တာဗျား"

အရေးထဲ အဘိုးကြီးက လိုရင်းမရောက်ဘဲ သူတစ်ချိန်က ပေါခဲ့၊ ကြောင်ခဲ့သည်များကို ပြန်ပြောင်းစမြုံ့ပြန်နေသေးသည်မို့ မနည်းအောင့်အည်းသည်းခံကာ နားသောတဆင်နေရတော့သည်။

"ကိုင်း ပြောပါဦး ဘကြီးစိန်"

"ဘာပြောရမလဲ ကလေးရယ် အဲဟယ် အဲဟယ်"

အဘိုးကြီးကား နွားပြာကြီး အောက်သွားမရှိ ဆိုသတဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေး မြူးနေဟန်ရှိသည်။

"ပိုးတီကို ချစ်ရဲ့လားလို့"

"ဟ ဘယ့်နှယ်ပြောလိုက်ပါလိမ့်။ သောက်ကျိုးနည်းကို ချစ်တာပေါ့ ပိုးတီရယ်။ သည့်မေးခွန်းကို မေးမှမေးရက် လေတယ်။ ပိုးတီလေးကိုလေ ဟောဒီ ဘကြီးစိန်က ည ကြီးအချိန်တောင်မှ အဲ အသည်းထဲ၊ နှလုံးထဲ၊ ကလီစာ တွေထဲကနေပြီးတော့ကို ချစ် ချစ် ချစ်ပါသတဲ့ကွယ်"

"အဟင်း ဟင်း ဒါထက် ဘကြီးစိန် ပိုးတီကိုချစ်တယ် ဆိုတာ ဘာကို ချစ်တာလဲဟင်"

ကောင်းခန်းမှ တကယ့်ကောင်းခန်း။

ကြောင်မြီးပူတို့ သုံးယောက်သားအတွက် ခြင်ကိုက်၊ ဖြုတ် ကိုက်ခံ၍ ချောင်းနားထောင်ရကျိုးနပ်စေမည့် ကောင်းခန်းပါတည်း။

"အဟဲ ဟဲ ဘကြီးစိန် ပိုးတီအပေါ် ဘာချစ်တယ်ဆိုတာ ပြောရမှာလား"

"ဟုတ်တယ်လေ ပိုးတီရဲ့ 'ဘာကို' သဘောကျပြီး ချစ်တယ်ဆိုတာ ပြော"

"အဟော့ ဘကြီးစိန် ပိုးတီကိုချစ်တာဟာ ပိုးတီရဲ့ အရည်ရွှန်းလဲ့နေတဲ့ မျက်လုံးကလေးကို ချစ်တာကွယ့်"

"အဟင်း ဟင်း"

မပိုးတီကတော့ ဘာကိုသဘောကျလေသည်မသိ။ တဟင်း ဟင်းနှင့် သဘောကျစွာရယ်နေသည်။ ကြောင်မြီးပူတို့အုပ်စုကတော့ မှန်းချက်နှင့်နှမ်းထွက် လွဲချော်သွားသည့်အတွက် သိပ်တော့ အ မကျချင်။ သို့ရာတွင် 'စောင့်နိုင်လျှင် သူခိုးမိ၊ ဆောင့်နိုင်လျှင် အကျိုးရှိ' ဆိုသကဲ့သို့ အကျိုးရှိရလေအောင် သည်းခံ၍ စောင့်ရ ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

# နောက်တီးနောက်တောက်

"ကိုင်း ပိုးတီ ပိုးတီမေးတာကို ဘကြီးစိန် ဖြေပြီးပြီ။ ဘကြီးစိန် မေးတာကိုလည်း ပိုးတီက ဖြေပေးဦးနော်"

"ဘာများ မေးမှာတဲ့လဲမေးလေ။ ပိုးတီ ဖြေမှာပေါ့"

"ပိုးတီကကော ဘကြီးစိန်ကို ချစ်ရဲ့လား"

"ချစ်တာပေါ့ ဘကြီးစိန်ရယ်။ ချစ်လို့ပဲ ကိုယ့်အဘိုးအရွယ်ကြီးကို အဘိုးအရွယ်မမှတ်ဘဲ လင်သားတစ်ယောက်လို တမြတ်တနိုးတယုတယနဲ့ ပေါင်းနေတာပဲ ကြည့်ပါတော့"

"အဲဒီမှာ ဘကြီးစိန် သိချင်တာကတော့ ပိုးတီရဲ့ ကွဲသွားတဲ့ အရင်ယောက်ျားနဲ့ အခုညား လာတဲ့ယောက်ျား ဘကြီးစိန်တို့ နှစ်ဦးအနက် ဘယ်သူ့ကို ပိုပြီးချစ်သလဲဟင်။ မှန်တဲ့အတိုင်း ဖြေနော်။ ဘကြီးစိန် စိတ်လည်းမဆိုးဘူး။ ကွဲပြီးလည်းမတိုဘူး"

ကြောင်မြီးပူတို့ သုံးယောက်သား ထရံနှင့် နားကိုကပ်ထားကြရင်း အချင်းချင်း လက်ကုတ်မိကြသည်။ ကောင်းခန်းတော့ စ,လာပြီဆိုသည့်သဘော။

"အဟင်း ဟင်း အရင်ယောက်ျားကို မချစ်လို့ ပိုးတီကွာခဲ့ပြီပဲဟာ။ အခုယောက်ျားဖြစ်တဲ့ ဘကြီးကို ပိုးတီက ပိုလို့၊ သာလို့ ချစ်တာပေါ့ရှင့်"

"အဟေး ဟေး၊ ဒါမှ ငါ့အယားလေး ဟုတ်ပေါင် ငါ့မယားလေးကွ။ ကိုင်း ဒါဆို ပိုးတီ မေးသလိုပဲ ဘကြီးစိန်က ပိုးတီကို ပြန်မေးရဦးမယ်။ ပိုးတီ ဘကြီးစိန့်ကို 'ဘာကို' သဘောကျပြီး ချစ်သွားတာ လဲဟင်"

"အဟိ ဖြေချင်ပေါင်"

"မရဘူး မရဘူး။ သူ့ကျတော့ ဒီကဖြေရတယ်။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျတော့ ရှောင်မသွားနဲ့။ ရှောင်သွားလို့ကတော့ စိစိညက်ညက် ဖြစ်သွားမယ် အဟွန်း ဟွန်း''

''ကြောက်ပါတယ် ဘကြီးစိန်ရယ်။ ပိုးတီ ဖြေပါ့မယ်။ ပိုးတီလေ ဘကြီးစိန်ရဲ့ သွားဖုံးထက်က ငုတ်စိငုတ်စိ သွားကျိုးသွားပဲ့ကလေးတွေကို သဘောကျပြီး ချစ်တာရှင့်''

''ဟေး ဒါမှ ဘကြီးစိန်ရဲ့ ပိုးတီကွ''

ချောင်းနေသူသုံးဦးသား ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွားကြသည်။ သို့သော် မကြာလိုက်

''ကိုင်း ပိုးတီရေ၊ ပိုက်ဖော်ချိန်ကျပြီမို့ ဘကြီးစိန် ကမ်းနားဆင်းလိုက်ဦးမယ်''

သို့ဆိုသည့်အတွက် သုံးယောက်သား တပ်ပြန်ခေါက်ခဲ့ရပါလေတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com



# သည်
# က
# နေ့

ကား ထန်းပင်စုရွာ၏ ကြေးရတတ် မျက်နှာဖုံးဟု ဆိုရမည့် ‘ဘောဂဗလ ဆန်စက်’ ပိုင်ရှင် ဦးဗလကျော်ပိန်၏ ဥတုဇရုပ်ကလာပ် ခေါ်မည်လော၊ ဒါမှမဟုတ် သက်မဲ့ခန္ဓာကိုယ် အတ္တဘောကြီးဟု ခေါ်မည်လော၊ ဒါမှမဟုတ် အသက်လုံးဝ မရှူနိုင်တော့သော ရုပ်အလောင်း၊ အသုဘကောင်ကြီးအား ထန်းပင်စုရွာသချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည့်နေ့ပေတည်း။

အခြားအခြားသောသူများ သေပါက ပြောစမှတ်တွင်စရာ ထူးထူးထွေထွေ မကျန်ရစ်သော်လည်း ဦးဗလကျော်ပိန် သေသည် ဆိုသောအခါမူ ပြောစရာဆိုစရာတွေ တစ်ပုံတစ်ပင် ဖြစ်ရသည်။ လူသူပရိသတ်အပေါင်း၏ စိတ်ဝင်စားမှုကိုလည်း ခံရသည်။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးပိုင်းကလည်းဖြစ်၊ ဥစ္စာပစ္စည်းတွေကလည်းအလျှံပယ်။ ပြီးတော့ ဆန်စက်ပိုင်ရှင် သူဌေးတစ်ဦး။

သည်ဂုဏ်ပုဒ်တွေလောက်နှင့်တော့ ပရိသတ် စိတ်ဝင်စား ဖွယ်ရာ ဆိုလိုက်လျှင် အမှားကြီး မှားသွားပါလိမ့်မည်။

ပရိသတ် ဘာတွေဘယ်လို စိတ်ဝင်စားကြသည်ကိုကား ရှေ့ လျှောက်ဖတ်ကြည့်သွားပါမှ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှား ချေလိမ့်မည်တစ်မုံ့။

ထန်းပင်စုရွာမှာက နာရေးကိစ္စပေါ်ပေါက်လာလျှင် အလောင်း မြေမချမီ၊ မီးမသင်္ဂြိုလ်မီ၊ ဂူမသွင်းမီ၊ မြေမမြှုပ်မီ များသောအားဖြင့် သေလွန်သည့်ရက်မှ စတင်ရေတွက်ပြီး သုံးရက်သာထားကြသည်။ အမှန်မတော့လည်း သုံးရက်သာ အကောင်းဆုံး။ တချို့ သုံးရက် တည်းနှင့်ပင် အပုပ်နံ့တွေထွက်၊ အပုပ်ရည်တွေ တတောက် တောက်ကျနှင့် ဘယ်သူမှ အခေါင်းမထမ်းချင်။ သည့်အတွက် အရက်မူးအောင်တိုက်ပြီး ထမ်းခိုင်းရသည်။

ခု ဦးဗလကျော်ပိန်၏ အသုဘကိုတော့ သုံးရက်တောင် မဟုတ်။ ငါးရက်ထိ ထားမည်ဆိုပဲ။

သည့်အတွက် ကာယကံရှင်တွေက အပုပ်နံ့မထွက်အောင် ဖွဲပြာတို့၊ ထုံးမှုန့်တို့၊ ကျောက်ဖရုံသီးတို့ဖြင့် စီမံပေးကြသည်။ ဤသို့ အစီအမံကောင်း၍ထင့်။ ဦးဗလကျော်ပိန်၏ ရုပ်အလောင်းမှ အပုပ်နံ့ မထွက်။ ဒါကိုပဲ ကပ်ဖားရပ်ဖားလုပ်လိုသူများက ဆိုကြ၏။

"စက်သူဌေးကြီးတို့များ သီလကောင်းလို့ထင်ပါရဲ့။ သေ ပန်းပွင့်သွား၍ဘတောင်မှ မနှစ်မြို့စရာ ဘယ်အနံ့ အသက်မှ မထွက်ဘူး"

အသုဘချမည့် နေ့မှာတော့ အသုဘပို့ကြသူတိုင်းအား ဆပ်ပြာတစ်ခဲ၊ ဖလားတစ်လုံးနှင့် ပဝါတစ်ပိုင်ပေးသည့်အပြင် ထန်းပင်



www.burmeseclassic.com

www.burmeseclassic.com



စုရွာမှ ရွာလုံးကျွတ်သာမက ရွာနီးချုပ်စပ်ကပါ လာကြသည်မှာ ဖွေးဖွေးကို လှုပ်ပါရော့။ အချို့ရသည့်ပစ္စည်းကို ရွာထိပ်ကုန်စုံဆိုင်ထဲတွင် လက်သိပ်ထိုးရောင်းချကာ အဝတ်အစားများ တစ်ဦးနှင့်တစ်ဦး လဲဝတ်ပြီး မသိမသာ ပစ္စည်းဝေသူထံ တောင်းကြပြန်၏။ တကယ့်လူလည်များပါပေ။

ဤ၌ ထူးခြားသည်ကား အသုဘရှုလာကြသူများသည် စည်ကားများပြားသည်မှာ မှန်ပါ၏။ လူတွေကလည်း တကယ့်ကို ကြိတ်ကြိတ်တိုး။ သို့ရာတွင် ဝမ်းပမ်းတနည်း ပူဆွေးငိုကြွေးသံများ အစား မှန်ခေါင်းထဲ၌ စန့်စန့်ကြီးအသက်ထွက်နေသော ဦးဗလကျော်ပိန်အား စေ့စေ့ကြည့်ကာ ပြုံးစေ့စေ့ ဖြစ်သူဖြစ်ကြ၏။ အချင်းချင်း တီးတိုးတီးတိုး သဖန်းပိုးလုပ်ကာ ရယ်ပွဲဖွဲ့ကြ၏။ တခိခိနှင့် ပွဲကျသူ ပွဲကျကြ၏။ တကယ်တော့ ဝမ်းနည်းပူဆွေး ကြေကွဲရမည့် အသုဘဖြစ်လင့်ကစား မသာအိမ်နှင့်မတူဘဲ မွေးနေ့ပွဲကျင်းပသော အိမ်၊ မင်္ဂလာပွဲကျင်းပသောအိမ်ကဲ့သို့ ဖြစ်နေလေတော့သည်။

"တို့ရွာ ဆန်စက်သူဌေး ဦးဗလကျော်ပိန်ကြီးကတော့လေ အသက်ရှင်တုန်းကလည်း စန်းအလွန်ပွင့်ခဲ့တဲ့လူကြီး။ ပွင့်တာမှ အချောအလှတွေချည်း လေးယောက်တိတိရတာ။ အားလုံးကို အလှည့်ကျပေါင်းတာပဲ။ ဒါကြောင့်ထင်ပါရဲ့။ သိကြားမင်း ဦးမာဃက တောင် သူ သက်ရှိထင်ရှားရှိနေတုန်းမှာ အိပ်မက်ပေးသကဲ့။

'ဟကောင် ကျော်ပိန်၊ မင်းက လူသား၊ ငါက သိကြားဖြစ်ပေမဲ့ တကယ့်တကယ်ကျ မယားညီအစ်ကိုတော်သကွ။ မင်းကလည်း လေးယောက်၊ ငါကလည်း လေးယောက်' လို့ဆိုပဲ"

"အင်း သူ့ကုသိုလ်နဲ့ သူပေါ့ဗျာ။ ဒါကလည်း သူ



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝတစ်ခုခုမှာ ထိုးစည်သော်လည်းကောင်း၊ မောင်းထောင်းတံသော်လည်းကောင်း၊ ကျည်ပွေ့သော်လည်းကောင်း လှူခဲ့လို့ ဖြစ်မှာပေါ့''

မကြာခင်မှာပင် ရုပ်ကလာပ်ကိုတင်ဆောင်မည့် လှည်းသည် အသုဘမဏ္ဍပ်ရှေ့သို့ ရောက်ရှိလာခဲ့သည်။ တကယ်တော့ ထန်းပင်စုသချိုင်းနှင့် ထန်းပင်စုရွာသည် သိပ်ဝေးလှသည်မဟုတ်။ ကာလသားတွေ တစ်ယောက်တစ်လက်ဆိုသလို ထမ်းချသွားလျှင်ရ၏။ ခုတော့သည်လိုမဟုတ်။ အလောင်းတင်သည့်လှည်းအား ကြိုးဖြင့်ဆွဲကြမည်ဆိုပဲ။

အဲသည်မှာတင် သူရှေ့ကဆွဲမည်၊ ငါရှေ့ကဆွဲမည် ဟူ၍ ဖြစ်လာ၏။ ဆွဲမည့်သူတွေကား အခြားမဟုတ်။ သွားလေသူ ဦးဗလကျော်ပိန်၏ ဇနီးသည်လေးယောက်ပင် ဖြစ်ပါသတည်း။ သည့်အတွက် သည်အသုဘကိစ္စကို ဦးစီးဦးဆောင်ပြုရသော ဦးဝဏ္ဏကျော်ထိန်အဖို့ ခေါင်းခဲရတော့၏။ ဦးဝဏ္ဏကျော်ထိန်ကား သွားလေသူ ဦးဗလကျော်ပိန်နှင့် အမြွှာညီအစ်ကို ဖြစ်လေသည်။ သူတို့အမြွှာညီအစ်ကိုနှစ်ဦးကား ရုပ်ရည်ချင်းဆင်ပါလျက် အကျိုးပေးကားမတူ။ ဦးဗလကျော်ပိန်သည် တရားမဝင်တာတွေအပထား တရားဝင်မိန်းမချည်း လေးယောက်တိတိ ရယူနိုင်ခဲ့သော်ငြား ဦးဝဏ္ဏကျော်ထိန်ကမူ ယခု ထိတိုင် ဂေါ်မစွံသေးသော တစ်ကိုယ်တည်း လူပျိုကြီးပင် ဖြစ်လေသည်။

အသုဘမြေမချမီ သရဏဂုံတင်ရမည်။

ခါတိုင်းဆိုလျှင်ဖြင့် ပြဿနာမရှိသော်ငြား ခုကျတော့ ပြဿနာ။

ဘာ့ကြောင့်ဆို ထန်းပင်စုရွာ ကျောင်းထိုင်ဆရာတော်ကြီးမှာ အသုဘမဖြစ်မီ တစ်ရက်အလိုက နှလုံးရောဂါဖောက်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ရှိ နှလုံးအထူးကုဆေးရုံကြီးသို့ ပို့ဆောင်လိုက်ရ၏။ အနီးကပ်ကြီးကြပ်ဖို့ရာ ဦးဇင်းကြီးဦးစန္ဒိမာနှင့်အတူ လက်တိုလက်တောင်း ခိုင်းနိုင်ရန်အတွက် ကြောင်မြီးပူနှင့် ငပြူးတို့လည်း ပါသွားခဲ့လေ၏။

ပြဿနာက ကွယ်လွန်သူအား သရဏဂုံတင်ပြီး ရေစက်ချ အနုမောဒနာခေါ်နိုင်ဖို့ တရားဟောနိုင်မည့် ဘုန်းကြီးတစ်ပါးလိုအပ်နေသည့်ကိစ္စ။ အလောင်းမြေချရန်ကလည်း သိပ်မလိုတော့။ တခြားရွာသွားပင့်လျှင်လည်း အချိန်ကြာဦးမည်။

ဤပြဿနာကို ဖြေရှင်းပေးလိုက်သူကား ငပိန်ဖြစ်ပါသတည်း။

"မပူနဲ့ ဘကြီးရှိန်။ ကျွန်တော်တို့အိမ်ကို မနက်ကပဲ အမေမောင်ဝမ်းကွဲ ဘုန်းတော်ကြီးကြွလာတယ်။ ဦးအာသဘတဲ့။ ငယ်ဖြူတော့ မဟုတ်ဘူး။ တောထွက် ခင်ဗျ"

"ဖြူချင်ဖြူ ထွက်ချင်ထွက်ကွာ။ အရေးကြီးတာက သရဏဂုံတင် ရေစက်ချဖို့ပဲ။ အဲဒါသာ သွားပင့်ချေ မောင်ပိန်ရာ။ အမယ်လေး လေး ကျေးဇူးကြီး ပါပေ့ကွာ ကျေးဇူးကြီးပါပေ့"

ငပိန်လည်း သူ့အိမ်သို့ သုတ်ခြေတင်ရပြန်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"အဲ .... တရားဟောပြီဆိုရင်
'ဟော'ဆိုတဲ့
ဩဇာရှိရှိ အသံရှည်ရှည်ကြီး စဆွဲရတယ်။
ပြီးတာနဲ့ ... ဒီရွာထဲပတ်ဝန်းကျင်မှာ
တွေ့တဲ့၊မြင်တဲ့ အကြောင်းတွေဆွဲထည့်
တရားဆုံးတဲ့အခါ
'ကြလေကုန်သတည်း'ဆိုတာနဲ့ ချလိုက်။
ဒါဆို တရားပြီးပြီပေါ့ ဦးစင်းရဲ့ ....၊
ဘာခက်တာမှတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



# တော ထွက်

ဦးဖင်းကြီး ဦးအာသဘာအဖို့ တူဖြစ်သူမောင်ပိန်က အတင်းကာရော ပင့်၍သာလိုက်ရမည်။ တကယ့်တကယ်ကျ စအို အတွန့်သား။

အကြောင်းကြောင်းသော အကြောင်းကို အကြောင်းရင်းခံလျက် ဘုန်းကြီးသာဝတ်ခဲ့ရသည်။ တရားစာပေတွေကို သူမသိ။ ကံအားလျော်စွာ သူသက်နီးစည်းခဲ့သော ကျောင်းမှ ကိုယ်တော်ကြီးတစ်ပါးက သရဏဂုံသုံးပါးပါသော သီလပေးတရားတော်ကို နှုတ်တိုက်သင်ကြားပေးခဲ့သည့်အတွက် ထိုအကျိုးရလဒ်ဖြင့် ခပ်တည်တည်မှိန်းနေနိုင်ခြင်း ဖြစ်လေသည်။ သူ့ရပ်သူ့ရွာ အသိုင်းအဝိုင်းကလည်း တောထွက်ကိုယ်တော်ကြီးဆိုပြီး အရမ်းကာရော ကြည်ညိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညို သည်နှင့်အမျှ အလှူအတန်းလုပ်သောအခါ ဦးအာသဘကို မဖြစ်မနေ ပင့်ဖိတ်ကြသည်။ သီလပေးခိုင်းကြသည်။ တရားဟော ခိုင်းကြသည်။

သီလပေးရသည်က ကိစ္စမရှိ။

ကိုယ်အလွတ်ကျက်ထား၊ အာဂုံဆောင်ထားသည့် ပါဠိ ပါဠ်သားများကို ရွတ်ဖတ်သရဇ္ဈာယ်လျက် ပရိသတ်နှင့် အတိုင် အဖောက်ညီလျှင် အဆင်ချောသွားသည်သာချည်း။ အဲ တရားဟော ဖို့ဆိုတာကျ သူ့မှာ ဘာမျှအတွေ့အကြုံမရှိ။ ဝမ်းစာဆိုသည်မှာ ပြောင်တလင်း။ ဘာအကြောင်းအရာကို ဘယ်လို ဟောရမည် ဆိုသည်ကိုလည်း နားမလည်။ သည်တော့ အကြံထုတ်ရသည်။

တရားပွဲ၌ တရားနာမည့်သူတွေက 'အဆင်သင့်ဖြစ်ပါပြီ ဘုရား' ဟု လျှောက်လျှင် သူက 'အေး ဒီကနေ့ ဘုန်းကြီး ဟောမယ့်တရားကို ဒကာတို့ သိကြရဲ့လား' ဟု မေးသည်။ ဒကာ ဒကာမတွေက မသိသည့်အတွက် 'မသိကြောင်းပါဘုရား' ဟု လျှောက်ကြလေသောအခါ

"အေး မသိတဲ့အတူတူတော့ ဘုန်းကြီးဟောလည်း အပိုပဲ ဖြစ်နေမှာ"

ဟုဆိုလျက် ခပ်တည်တည်ပင် တရားဟောစင်မြင့်မှ ဆင်း လာခဲ့သည်သာတည်း။ ထိုအခါ ဒကာ၊ ဒကာမများက တိုင်ပင် ကြ၏။

"ဟော့ ဒီတစ်ခါ တရားပွဲလုပ်ရင် တောထွက် ကိုယ် တော်ကြီးကိုပင့်ပြီး တရားဟောခိုင်းမယ်။ အရင်တစ်ခါကလို သူဟောမယ့်တရားကို 'မသိပါဘူးဘုရား' လို့ မဖြေကြဘဲ 'သိပါတယ်ဘုရား'လို့ ဖြေကြမယ်။ အဲဒီ ကျမှ သူဟောတဲ့ တရားကို နာကြရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တိုင်ပင်ရာ တစ်ညီတစ်ညွတ်တည်း ဖြစ်ကြလေ၏။ သည်လိုနှင့် အလှူပွဲတစ်ခုဖြစ်လာ၏။ ထုံးစံအတိုင်း တောထွက်ကိုယ်တော်ကြီး ဦးအာသဘအား ပင့်ဖိတ်ကာ တရားဟောစင်မြင့်ထက် ကြွစေပြီး တရားကိုတောင်းတော့၏။

"အေး ဒကာ၊ ဒကာမတို့ ငါဒီနေ့ဟောမယ့် တရားဟာ ဘာတရားဆိုတာ သိကြရဲ့လားကွယ့်"

တရားနာပရိသတ်များ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြ၏။ ပြီးတော့ အချင်းချင်းခေါင်းညိတ်ပြလိုက်၏။ သဘောက အထာနပ်ပါသည်ဆိုသော သဘော။

"အရှင်ဘုရား အရှင်ဘုရား ဒီနေ့ဟောမယ့် တရားကို တပည့်တော်တို့ သိကြပါတယ်ဘုရား"

"ဟေ ဟုတ်လား၊ ငါဟောမယ့်တရားကို သိနေကြမင့်ပဲဟာ။ သိသိကြီးကိုထပ်ဟောလို့ မောရုံရှိတော့မပေါ့ကွာ"

ဟုဆိုလျက် ခပ်တည်တည်ပင် တရားဟောစင်မြင့်မှ ဆင်းလာခဲ့လေတော့၏။ တရားနာပရိသတ်မှာတော့ မကျေမချမ်း။

"တောက် တော်တော်လည်းလည်၊ တော်တော်လည်းပါးတဲ့ တောထွက်ကြီး။ ဟေ့ ဒီတစ်ခါ သူ့ကို တရားဟောနိုင်းလို့ သူမေးတဲ့အခါ ပရိသတ်တစ်ဝက်က သူဟောမယ့်တရားကို မသိပါဘူး၊ ကျန်ပရိသတ်တစ်ဝက်က သူဟောမယ့်တရားကို သိပါတယ် လို့ နှစ်ပိုင်းကွဲအောင် လျှောက်ကြ။ ဒါဆို သူ တစ်ဖက်ဖက်ကိုငဲ့ပြီး မဟောဘဲကို နေလို့မရတော့ဘူး"

ပရိသတ်ကား ဖွဲ့မလျှော့ကြ။

သည်လိုနှင့် ရက်သတ္တပတ်အနည်းငယ်မှာတော့ အလှူပွဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲ ဖြစ်လာပြန်သည်။ တောထွက်ကြီးပင်လျှင် တရားဟော စင်မြင့်ထက်မှ သီလပေးရပြန်၏။ ပြီးလေသော် ပရိသတ်က တရား ချီးမြှင့်ရန် တောင်းပန်လျှောက်ထားကြလေ၏။

"အေး မင်းတို့က တရားဟောစေချင်တော့လည်း ဟော ရတာပေါ့လေ။ ဒါပေတဲ့ မေးပါရစေဦး။ ဘုန်းကြီး ဒီကနေ့ ဟောမယ့်တရားဟာ ဘာတရားလဲဆိုတာ သိကြရဲ့လား" ပရိသတ်တချို့၏အသံ ပေါ်ထွက်လာ၏။

"မသိပါဘူး ဘုရား"

ပရိသတ်ကလည်း လည်သည်။ ဘုန်းကြီး ထမပြန်ခင် မှာပင်

"သိပါတယ် ဘုရား"

ဟု ဖြေကြသည်။ သည်တစ်ခါတော့ဖြင့် ဘုန်းကြီးအဖို့ ရှောင် လွှဲမရတော့ဟု ထင်သည်။ သို့ရာတွင် တောထွက်ကြီး ဦးအာသဘ အား အထင်မသေးလိုက်ပါနှင့်။ လျှင်မြန်ပါးနပ် လိုက်လေခြင်း။

"အေး အဲသည်တော့ သိတဲ့သူက မသိတဲ့သူတွေကို ပြန်ပြောလိုက်ကြ"

တဲ့။ ကဲ မှတ်ကရော။

သို့ရာတွင် ဦးအာသဘ စဉ်းစားသည်။ သည်ပုံအတိုင်းသာ ရှေ့ဆက်ခရီးသွားလျှင် ပရိသတ်နှင့်သူ တစ်နေ့မဟုတ် တစ်နေ့ ထိပ် တိုက်တိုးမှာ သေချာသည်။ ထိုအခါတွင် သူ တရားမဟောတတ်မှန်း သိပါက အရှက်တော်ဗျန်းဗျန်းကွဲမည်။ လေးစားကြည်ညိုစိတ်များ လျော့ပါးသွားမည်။ လာဘ်လာဘပစ္စည်းများ တိတ်ဆိတ်သွားမည်။ သည့်အတွက် တုန်လှုပ်ကာ ဦးနှောက်ကို အနားပေးသည့်အနေဖြင့် အစ်မဝမ်းကွဲတော်စပ်သူ နေထိုင်ရာ ထန်းပင်စုရွာသို့ အာဂန္တုအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ အေးအေးလူလူ နားမည်ကြံကာရှိသေး။ တူတော်မောင် ငပိန်က အတင်းကာရော ချော့ဆွဲနေလေပြီ။ သူ ငြင်းဆန်ကြည့်ပါ၏။

"ဦးဇင်းရယ် တပည့်တော်တို့ရပ်ရွာအတွက် ကူညီကောင်းပါတယ်"

"မကူညီချင်လို့တော့ ဟုတ်ပါဘူးကွာ။ သီလပေးရင်းနဲ့ ကွယ်လွန်သူအတွက် ရည်ညွှန်းပြီး သရဏဂုံတင်တာတော့ ဖြစ်ပါတယ်။ အဲ မဖြစ်တာက တရားဟောနိုင်းရင်ပဲကွ"

"ဟာ ဦးဇင်းကလည်း၊ တရားဟောတာများ ဘာခက်တာမှတ်လို့။ တပည့်တော်က ကျောင်းအိပ် ကျောင်းစား ဘုန်းကြီးကျောင်းသားပါဗျ"

"ဟေ မခက်ဘူးဟုတ်လား။ လုပ်စမ်းပါဦး ငါ့တူရာ"

"ဒီမှာ ဦးဇင်းရဲ့။ ဒီရပ်ဒီရွာမှာ ဟောမယ်ဆိုရင် ဒီရပ်ဒီရွာရဲ့ ဖြစ်တတ်တဲ့ဓလေ့၊ မြင်ရ၊ ကြားရ၊ တွေ့ရတဲ့ အဖြစ်အပျက်ကလေးတွေ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး မှတ်သားရတယ်။ အဲဒါတွေကို ထည့်ဟောရင် ပရိသတ်က သူတို့သဘာဝ၊ သူတို့ပသာဒတွေနဲ့ ပုံထင်ဟပ်တယ်ဆိုပြီး သဘောကျကြတာဘုရား။ အဲ့ တရားဟော ပြီဆိုရင် 'ဟော့' ဆိုတဲ့ ဩဇာရှိရှိ အသံရှည်ကြီး စဆွဲရတယ်။ ပြီးတာနဲ့ ဒီရွာထဲမှာ၊ ပတ်ဝန်းကျင်မှာ တွေ့တဲ့မြင်တဲ့အကြောင်းတွေ ဆွဲထည့်။ တရားဆုံးတဲ့ အခါ 'ကြလေသတည်း' ဆိုတာနဲ့ ချလိုက်။ ဒါဆို တရားပြီးပြီပေါ့ဦးဇင်းရဲ့ ဘာခက်တာမှတ်လို့"

"ဟေ ဟုတ်လား။ သိပါဘူး ငါ့တူရယ်။ ဦးဇင်းက သိပ်ခက်ခက်ခဲခဲလို့ ထင်ထားတာ။ ကျေးဇူးပါကွာ၊ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကျေးဇူးဆပ်တဲ့အနေနဲ့ ကန်တော့ပွဲကို ဆုချမယ်ဟေ့"

"တကယ်လား ဘုရား"

"တကယ်ပေါ့ကွာ"

"ကိုင်း ဒါဆို သွားကြမယ်ဘုရား။ မဏ္ဍပ်မှာလည်း ပရိသတ်တွေ စုံနေပြီ။ လမ်းလျှောက်သွားကြတာပေါ့။ ဒါမှ လမ်းမှာ မှတ်သားစရာရှိတာလေးတွေ မှတ်သားလို့ရ အောင်"

"ကောင်းပါ့ကွယ် ကောင်းပါ့ ကောင်းပါ့"

သို့ဖြင့် တောထွက်ကိုယ်တော်ကြီး ဦးအာသဘလည်း တူတော်မောင် ငပိန်အား ယုံမှတ်လို့ ပုံအပ်ခဲ့ကာ တူတော်မောင် ဦးဆောင်ရာနောက် ကြွမြန်းခဲ့လေ၏။

"ဘုတ်"

"ဟ ဘာကျတာလဲဟ ငပိန်ရ"

"ဟောဟိုမှာ ကြည့်ပါလားဘုရား။ ရှဉ့်သားအမိလေ။ အုန်းပင်ပေါ်တက်ပြီး သီးကင်းကလေးတွေ ကိုက်ချနေတာ"

"အို ဟုတ်ပါရဲ့"

မှတ်သားစရာ ရှိသည်ကို မှတ်သားပြီး ရှေ့ဆက်ပြန်သည်။ ဤတွင် အိမ်တစ်အိမ်နှင့်တစ်အိမ် လှမ်းအော်စကားပြောသံများကို ကြားလိုက်ရ၏။

"အေးသာရေ ဟေ့ အေးသာ၊ ငါ့ထွန်ခြစ် ဘယ်မှာ ထားခဲ့တုံး"

"ကောက်ရိုးပုံမှာလေဟယ် ကောက်ရိုးပုံမှာ"

မှတ်သားရပြန်သည်။ ရှေ့ဆက်အသွား တဲတစ်ခုဆီမှ ကဇော်မူးသံကြီးဖြင့် လူတစ်ယောက်က မိန်းမဖြစ်သူအား ဟိန်းဟောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"တောက် ဗိုင်းတာမ။ သားတွေ ဘယ့်ကလောက် နှင်းကန်ထည့်သလဲမသိဘူး။ နှင့်ငါးပိချက်က တော်တော်ငန်တယ်။ ရောဝတီမြစ်ကမ်းစပ်မှာ မေးတင်နေမှရတော့မယ်"

အံမယ် ကဇော်သမားက လုတောသားထင်ပ။ ဥပမာစကားက အလွန်အကျူး။ ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းမြေကွက်ဆီမှ ကြက်မတစ်သိုက်သည် 'ကတော် ကတော်' အော်ဟစ်နေကြ၏။ ထိုအထဲမှ ကြက်ဖကြီးကား အောင်သေအောင်သား စားသောက်ပြီးသည့်အလား တောင်ပံနှစ်ဖက်ကို တဖြုန်းဖြုန်းခတ်ရင်း ဝင့်ကြွားစွာ 'အောက်အီအီးအွတ်' ဟု တွန်ကြူးလိုက်လေ၏။

ဒါကိုလည်း တောထွက်ကြီးခမျာ မှတ်သားဖြစ်အောင် မှတ်သားထားလိုက်ပါ၏။

ငပိန်၏ ကောင်းမှုကြောင့် ဦးဗလကျော်ပိန်၏ အသုဘကို သရဏဂုံတင်နိုင်ခဲ့ပါပြီ။ သရဏဂုံတင်အပြီး ဦးဝဏ္ဏကျော်ထိန်မှ တိုတိုတုတ်တုတ်နှင့် ထိရောက်သောတရားတစ်ပုဒ် ချီးမြှင့်ပေးပါရန် တောင်းခံလေသောအခါ တောထွက်ကိုယ်တော်ကြီး ဦးအာသဘာလည်း တကယ့်ခမ္မကထိကလေသံဖြင့်

"ဟေ.
အုန်းပင်ခွကြား ရှဥ့်အသားမိက
ဟေ.
အုန်းပင်ခွကြား ရှဥ့်သားအမိက
သီးကင်းကလေးတွေ ကိုက်ချသွားတယ်။
ဩော် အနိစ္စ အမြဲမရှိ။
ဟေ.
အေးသာရေ ဟော ကောက်ရိုးပုံမှာဟော့။



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ ဗိုင်းတာမ့

နင့်ငါးပိချက်က တော်တော်ငန်

'ကတော် ကတော်'ညံ့တဲ့ ကြက်မတွေအကြား

ဝင့်ကြွားရှာ ကိုကြက်ဖခမျာ

တောင်ပံကို ခတ်ကာတီးလို့

အောက် အီ အီး အွတ်ကြလေကုန်သတည်း''

ဟု တရားချလိုက်ရာ 'သာဓု သာဓု သာဓု''ဟူ သောအသံများ ပွဲတင်ရိုက်ညောင်းသွားပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# "သော ဂ ဗ လ ဆန့်ဝက်"

ပိုင်ရှင် ဦးဗလကျော်ပိန် လဲလျောင်းနေသော ရုပ်ကလာပ် မှန်ခေါင်းသည် နိဗ္ဗာန်လှည်းပေါ်သို့ ရောက်ရှိသွားပေပြီ။ ကြေးစည် ရိုက်သံတို့ ဆူဝေစွာထွက်ပေါ်လာ၏။ ထို့အတူပင် ပဏ္ဍာမြေလူး ဖြစ်နေကြသော ကျန်ရစ်သူ မိန်းမချော လေးယောက် အော်ဟစ်ငိုယိုသံ၊ တစ်ဦးနှင့်တစ်ဦး ကြက်ခေါင်းဆိတ်မခံ စောင်းမြောင့်ပြောဆိုသံများ ပေါ်ထွက်လာလေရာ အသုဘပို့ ပရိသတ်ခမျာ ထူးဆန်းထွေလာ ပွဲတစ်ပွဲကို ကြည့်ရသည့်လား များစွာမှ စိတ်ဝင်တစား ရှိကြကုန်၏။ ကွယ်ရာ၌ အချင်းချင်းလက်ဝါးအုပ်လျက် ရယ်ကြကုန်၏။

"ကျွန်မက မယားအငယ်ဆုံး။ အားလုံးထဲမှာ နောက်ဆုံး လည်းဖြစ်၊ အချိန်အတိုင်းအတာအားဖြင့်လည်း အသုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထက် လျှော့နည်းပြီး ချစ်ရတဲ့အတွက် ရှေ့ဆုံးက အလောင်းရဲ့ကြိုးကို ဆွဲပါရစေ''

အငယ်ဆုံးမယားက အသုဘကို ကြီးကြပ်ရသူ ဦးဝဏ္ဏ ကျော်ထိန်နှင့် ရပ်မိရပ်ဖများကို တိုင်တည်လျက် သူမ ရလိုသော အခွင့်အရေးကို စတင်တောင်းဆို၏။

ထိုအခါ မယားကြီးက တစ်စခန်း ထလာသည်။

''အို ဘယ်ဖြစ်မလဲ။ အားလုံးထဲမှာ ကျုပ်က အကြီးဆုံး မယား။ မယားကြီးဆိုတော့ ကျန်မယားတွေ ထက်စာရင် ရာထူးကြီးတာ အမှန်ပဲ။ ဒီတော့ ကျုပ်ရဲ့ ဆန္ဒသာလျှင် အမိကကျတယ်။ ဒါကြောင့် ကျုပ်ကပဲ ဦးဆောင်လို့ ရှေ့ ဆုံးက ကြိုးဆွဲမယ်''

ဤ၌ တတိယမယားကလည်း ဆိတ်ဆိတ်မနေ။ အခွင့်သာ အခါပေးတုန်း မဏ္ဍပ်တိုင်ကို တက်ပြပါလေတော့၏။

''အမယ်လေး လေး။ အဲသလိုမျိုး 'ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်' မလုပ်ကြပါနဲ့။ အစ်ကိုကြီး ယူထားတာ ရှင်တို့ချည်းပဲ မဟုတ်ဘူး။ ဟောဒီက ကျွန်မလည်းပါတယ်။ အစ်ကိုကြီး ကလေ ကျွန်မဆီမှာ လာအိပ်တဲ့အခါတိုင်း ပြောဖူးတဲ့စကား တစ်ခွန်းရှိလေရဲ့''

ပရိသတ်အားလုံး၏ နားများ ဖောက်ခနဲပွင့်သွားကြသည်။ သည်ပရိသတ်တွေထဲမှာ ပုရိသယောက်ျားပရိသတ်က ပို၍ နားစွင့် ထားကြသည်။

''အောင်မယ်လေး အဲဒီစကားကို ခုနေ ဒင်းတို့ကြွ ကြားအောင် ထပြောလိုက်စမ်းပါ အစ်ကိုကြီးရဲ့။ ဒါမှ ဒင်းတို့ တွေ ဝပ်စင်းသွားရအောင်။ 'အသက်ရေ အသက်ကလေးရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးတွေ့ခဲ့ဖူးတဲ့ မိန်းမတွေထဲမှာ အသက်ကလေး လောက်လှတဲ့ မိန်းမ လုံးဝမရှိဘူး'လို့ ထပြောစမ်းပါဦး။ ဟူး ဟူး ဟီး ရွတ်။ အဲသည်လို အားလုံးထဲ အမှတ်အများ ဆုံးရတဲ့ကျွန်မကို ရွှေဆုံးက ကြိုးဆွဲခွင့်ပြုပါရှင့် အဟင့် ဟင့်"

ချွဲချွဲပျစ်ပျစ် တောင်းဆိုလိုက်သံကြောင့် ယောကျ်ားသား အချို့ခမျာ ကရုဏာသက်ပြီး ရွှေဆုံးမှကြိုးကို ဒုတိယမယား လက်ထဲ ထည့်ပေးချင်စိတ်တွေ ပေါ်လာရသည်။

"ထည့်ပေးတာတော့ ဟုတ်ပါရဲ့။ ကြိုးက ခပ်ချောချော ရယ်။ မတော်တို့ 'ကြိုးလွတ်' သွားရင် ခက်ရချည့်"

"ဒါဖြင့် မင်းက ဘယ်သူ့ကို 'ကြိုးလွှဲ'ပေးချင်လို့လဲ"

"နေဦး ဒါတော့ စောင့်ကြည့်ရဦးမယ်"

ထင်မြင်ချက်ပေးသူတွေက ပေးကြသည်။ ဤတွင် သူပါ ဝင်လိုက်မှ ပြီးပြည့်စုံမည်ဟု မှတ်ထင်ထားသော ဒုတိယမယားက ဝင်လာပြန်တော့၏။

"အားလုံးဟာ မာယာတွေချည်းပဲ။ ပလီစီချောက်ချက် တွေချည်းပဲ။ အစ်ကိုကြီးဟာ သူနဲ့ညားခဲ့တဲ့ မိန်းမတွေထဲမှာ ကျွန်မကိုသာ အချစ်ဆုံးတဲ့။ အချစ်တွေဆုံးအောင် မလုပ် ခဲ့ပါနဲ့ အစ်ကိုကြီးရယ်။ အစ်ကိုကြီးရဲ့ နောက်ဆုံးခရီးမှာ အစ်ကိုကြီးရဲ့ အချစ်ဆုံးလေးက နောက်ဆုံးအမှတ်တရအဖြစ် ရွှေဆုံးကနေ ဆွဲပေးပါ့မယ်။ ဒီတော့ ကျွန်မ ကျွန်မ"

စကားပင် မဆုံးတတ်သေး။ မယားကြီးဖြစ်သူက ထဘီကို တင်းတင်းရင်းရင်း ပြင်ဝတ်ကာ ခါးထောက်ရပ်လိုက်သည်။

"နေစမ်းပါဦးအေ့၊ အစ်ကိုကြီးဟာ သူယူတဲ့ မိန်းမ တိုင်းကို ချစ်လို့ယူခဲ့တာချည်းပဲ။ မုန်းတယ်ဆို ယူပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစဉ်းစားစားလည်း ပြောပါအေ့''

''ချစ်တာချင်းပေမဲ့ အချစ်ရဲ့အတိုင်းအဆက ကွာတယ်ရှင့်''

''အတိုင်းအဆကွာတယ် ဟုတ်လား။ ဘယ် နေရာမှာ ဘယ်လိုကွာတယ်ဆိုတာ ပြောစမ်း ပြောစမ်း''

အခြေအနေက မထိန်းသိမ်းရှ်မရတော့။ အချိန်မှ မထိန်းသိမ်းလျှင် မိန်းမချင်းသတ်ပွဲတွေ ဖြစ်လာဦးတော့မည်။ သည်တော့ ဦးဝဏ္ဏကျော်ထိန်ကပဲ အခြေအနေကို တားဆီးလိုက်ရတော့သည်။

''ဟဲ့ တော်ကြစမ်း တော်ကြစမ်း။ နင်တို့ရဲ့ အတွင်းရေးကိစ္စတွေကို လူပုံအလယ်မှာချပြနေတာ မရှက်ကြဘူးလား။ နင်တို့ တစ်ဦးချင်း ပလူးပလဲကိစ္စတွေကို ဗာရာဏသီချဲ့ပြီး မဏ္ဍပ်တိုင်တက်နေကြရင် အလောင်းက သင်္ချိုင်းရောက်တော့မှာမဟုတ်ဘူး။ ဒီတော့ ဟောဒီ ရပ်မိရပ်ဖတွေရဲ့ ရှေ့မှာပဲ ဘယ်သူက ဘယ်နေရာကဆွဲရမယ်၊ အနောက်ကတွန်းရမယ်ဆိုတာ မဲချမှဖြစ်မယ်။ ကိုယ်ကျတဲ့မဲအတိုင်း ဆွဲကြ''

သည်သို့ ဟိန်းဟောက်ပြောဆို ဆုံးဖြတ်လိုက်မှသာ အသံတွေ တိတ်သွားကြတော့သည်။

တရားနည်းလမ်းကျစွာဖြင့် မဲချလိုက်ကြတော့လည်း ဘယ်သူမှ စောဒကမတက်သာ။ သို့ဖြင့် ကိုယ်ကျသည့် မဲအတိုင်း နီဗွာန်လှည်းကို ရွာအပြင်ကို ဆွဲ၊ ထိုမှ သုသာန်ရှိရာသို့၊ ဗလကြီး သန်းလွင်တို့၏ ခြိမ်းပဲ့ဝိုင်းကလည်း အသုဘချရာတွင် စိုစိုပြည်ပြည်၊ စည်စည်ကားကား၊ မြိုင်မြိုင်ဆိုင်ဆိုင်ရှိစေဖို့ ဗျိုင်းတောင်တီးလုံး၊ မျောက်မင်းအူသံတို့ဖြင့် လိုက်ပါပို့ဆောင်ခဲ့ကြပါ၏။

''အမယ်လေး လေး၊ အမ်မယ် လေး၊ ကိုဗလကျော်မိန့်ကိုကိုပိန်ကြီးရဲ့။ ကမ္ဘာရှားကြီးရဲ့။ တော် ကျုပ်ကို ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



အုပ်လုံးသိမ်းစကတည်းက ကြင်နာလွန်းလို့ပါ၊ စွဲလမ်းလွန်းလို့ပါ၊ မြတ်နိုးလွန်းလို့ပါလို့ ပတ်ချွဲနပ်ချွဲအကုန်လုံးချွဲပြီး ယူခဲ့၊ ညားခဲ့၊ တွယ်တာခဲ့ရသူကြီးရယ်။ ခုတော့လည်း တစ်ကမ္ဘာခြားခဲ့ပြီးလားတော့ အော့ ဟော့ ဟော့ ဟီး ရှိုတ်''

မယားကြီး၏အသံက ပရိသတ်အတွက် ဝမ်းပမ်းတနည်း ဖြစ်ရမည့်အစား တခွိခွိသံတွေသာ ပေါ်ထွက်လာစေခဲ့သည်။ ပရိသတ်သည် နောက်ထပ်ဘယ်သူ့ထံမှ ဘာတွေထွက်ကျလာဦးမည်နည်း ဟု မျှော်လင့်နေကြသည်။

''အစ်ကိုကြီးရေ အစ်ကိုကြီး ပြောခဲ့ဖူးတဲ့ 'အချောဆုံးလေး'လေ။ ခု အစ်ကိုကြီးရဲ့ နောက်ဆုံးခရီးကို လိုက်ပို့နေတယ်လေ။ ဒီဘဝမှာ ဒီလောက်ပဲရေစက်ရှိပေမဲ့ နောက်ဘဝကျရင်တော့ ရေကန်ထဲမှာ မကဘူး၊ ချောင်းထဲမှာ ဒိုင်ဗင်ထိုးပြီး ဆုံချင်သေးတယ်ရှင့် အဟင့် အဟင့် ဟင့်''

ဒါလည်း ပရိသတ်အတွက်အငြိုးပြေသော ဟာသတစ်ကွက် ဖြစ်ရပြန်လေသည်။ ဟော လာပါပြီ တတိယမယား။

''အို 'ချောတကာ့ချော အားလုံးထဲမှာ မင်းဟာ အချောဆုံး'လို့ ပြောမဆုံးပေါင် တောသုံးထောင် ဇာချဲ့ခဲ့တဲ့ မောင်ရယ်။ အားလုံးထဲမှာ မင်းကလေးက 'သဘောလည်းဖြူ၊ အချောလည်းသူ' မို့ တစ်သက်လုံး မခွဲချင်ပါဘူးဆိုပြီး ဘာဖြစ်လို့ လက်ပွဲဖြုတ်သွားတာလဲ။ တွေးမိတိုင်း အသည်းနာလှချည်ရဲ့ အီး ဟီး ဟီး''

ဒါလည်း ပရိသတ်အတွက် အပြုံးရသား။ ပြီးတော့ လက်ကျန်နောက်ဆုံး မယားကလေးဖြစ်သူထံ အာရုံပြောင်းလိုက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရေ ကိုကိုရဲ့။ ကိုကိုနဲ့ ပေါင်းရတာ ဘာမှ လိပ်ပတ်မလည်သေးတော့ အရူးတစ်ပိုင်းဖြစ်ကျန်ခဲ့ပြီ ကိုကိုရယ်။ ဘယ်လိုပဲချစ်ချစ်၊ ဘယ်လောက်ပဲ ချစ်ချစ် အားကိုမရနိုင်တော့ဘူး။ ဒီကြားထဲ ကိုကိုမသေခင် 'အသည်းလေးကို အချစ်ဆုံးမို့၊ အသည်းလေးဟာအငယ်ဆုံးမို့ အားလုံးထက် အခွင့်အရေးပေးရမယ်' ဆိုပြီး အမြွတ်တွေရှင်းတော့ 'ရော့ အင့်'ဆိုပြီး ငွေငါးထောင်လုံး ပက်ခနဲပေးခဲ့တာလည်း မမေ့ပါဘူး ကိုကိုရယ်။ 'မင်းကိုပဲ ငါးထောင်ပေးတာ။ ကျန်ဟာမတွေကို တစ်ပြားမှမပေးဘူး' လို့ ပြောခဲ့တာဟာ ကျွန်မအပေါ် သိပ်ချစ်တယ်လို့ သက်သေထူလိုက်တာ မဟုတ်လားကိုကိုရဲ့ အဲ့ ဟဲ့ ဟဲ့"

သည်ခဏ လှည်းသည် တံ့ခနဲ ရပ်သွားသည်။ မယားကြီး ဒုတိယမယား၊ တတိယမယားတို့သည် ခါးထောက်ကာ လက်ညှိုးကိုယ်စီထိုးလျက်

"ဟဲ့ အဲသလို ပေါက်ပန်းဈေးမပြောနဲ့။ ငါတို့လည်း ငါးထောင်စီရကြတာပဲ။ ငါတို့ကိုပေးတော့ 'မင်းကိုပဲ ငါးထောင်ပေးတာ။ တခြားဟာမတွေကို မပေးဘူး' လို့ ပြောတာချည်းပဲ။ ညည်း အလွမ်းသယ်တာ ဒီမှာရပ်တော့"

ဟုဆိုလိုက်လေရာ ပရိသတ်အားလုံး ဝါးခနဲ ပွဲကျသွားလေတော့သည်။ သွားလေသူ ဦးဗလကျော်ပိန်ကား ဤရွှေဤမျှထိ မိန်းမတို့၏ အညာကို ကိုင်နိုင်သည့် မိန်းမကျမ်းကျေသူပါတည်း။

"ကဲ ကဲ တော်ကြစမ်း တော်ကြစမ်း။ သုသာန်ထဲပဲ ရောက်တော့မယ်။ နင်တို့အချင်းချင်း ရန်လိုနေကြတာနဲ့ ညမှောင်သွားရင် မကောင်းဘူး။ နင်တို့ မဆွဲရင် ငါတို့ဆွဲမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏကျော်ထိန်က လှည်းကိုဆွဲမည့်ဟန် ပြုတော့မှပင် အသံဗလံတွေ တိတ်လျက် ရပ်နေသောလှည်းကို ရွေ့လျားစေတော့သည်။ လှည်းပေါ်၌ စန့်စန့်ကြီးဖြစ်နေသော မှန်ခေါင်းထဲရှိ အသုဘကြီးကတော့ ပြုံးနေသည်လား၊ မဲ့နေသည့်လား ဘယ်လိုမှ မသိတတ်နိုင်။ ဘာပဲဖြစ်ဖြစ် သေပန်းပွင့်သွားခဲ့တာတော့ သေချာသည်။

နိဗ္ဗာန်လှည်းသည် ဆောက်လုပ်ပြီးစ ဂူနားအရောက် တုံ့ခနဲ ရပ်လိုက်သည်။

"ကဲဟေ့၊ အခေါင်းကိုမ, အခေါင်းကိုမ၊ ပြီးတာနဲ့ ဂူထဲ တစ်ခါတည်းသွင်းမယ်။ ပန်းရံသမားတွေက တစ်ခါတည်းသာ ပိတ်လိုက်ကြတော့ဟေ့"

ထိုအချိန်တွင် နောက်ဆုံးအချိန်အဖြစ် ဗလကြီးသန်းလွင်တို့ ခြိမ်းပဲ့ဝိုင်းက အစွမ်းကုန် လက်စွမ်းပြတော့သည်။ မိန်းမသား လေးယောက် ရင်ဘတ်စည်တီး အော်ဟစ်ငိုကြွေးသံသည် ထန်းပင်စုရှာ သုသာန်၏ ကုက္ကိုပင်ထက်၌ နိုနားလျက်ရှိကြသော ကျီးအုပ်အား လန့်ဖျပ်သွားမတတ် ကျယ်လောင်စွာ ပေါ်ထွက်လာတော့၏။

"အောင်မယ်လေး ကျေးဇူးရှင်ကြီးရဲ့။ အချစ်ဆုံးကြီးရဲ့။ အချစ်ဘူးကြီးရဲ့။ ကျွန်မတို့လေးယောက် သောင်ပြင်မှာ လွတ်နေပါပြီတော့။ ဘယ်သူ့ကိုယုံလို့ ဘယ်သူ့ကို ပုံမလဲ ဆိုတာ ပြောသွားပါဦးလားတော့"

သည်ငိုချင်းအဆုံးမှာတော့ အမှတ်မထင် စိတ်ပေါက်ပေါက် နှင့် ပြောချလိုက်သော ဦးဝဏ္ဏကျော်ထိန်၏ စကားကြောင့် ကာယကံရှင် မိန်းမသားလေးယောက် ပါးစပ်အဟောင်းသားဖြစ်သွားရသလို အသုဘပို့ပရိသတ်မှာလည်း ကျွန်ုမထိန်းနိုင်တော့ဘဲ တဝါးဝါး တဟားဟား ဖြစ်သွားကြရလေတော့၏။

"ဘာမှ အားမငယ်နဲ့ ဘာမှ အားမငယ်နဲ့။ ငါ့ညီ



www.burmeseclassic.com

www.burmeseclassic.com



- မရှိတော့ပေမဲ့ ငါ့ညီရဲ့တာဝန် ငါယူတယ်။ ငါ့ ကိုယ့် ငါ့ကိုပဲ ပုံလိုက်ကြ''

ဟူလေသတတ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွဲ

သိုး

နှင့် ထုံကြီးတို့ ပြန်မလာကြသေး။

သည်တော့ ကြောင်မြီးပူမောင်သိုက်၊ ငပိန်နှင့် ပြေူးတို့ သုံးယောက်သား ဦးဗလကျော်ပိန်၏ ဆွမ်းသွတ်၌ ချက်ပြုတ်ကျွေး မွေးမည့် မုန့်ဟင်းခါးအတွက် ဆယ်အိမ်ခေါင်းကိုအောင်ကြီး၏ တာဝန်ပေးချက်အရ ငါးအဝယ်ထွက်ရန် တံငါတဲများရှိရာ ရောဝတီ မြစ်ကမ်းစပ်သို့ တောင်းနှစ်တောင်းဖြင့် ထွက်လာခဲ့ကြသည်။

"ဘယ်ငါးတဲမှာ ဝယ်ကြမလဲ"

"ဘကြီးစိန်လင်းနဲ့ မပိုးတီတို့တဲမှာပဲ အားပေးကြတာ ပေါ့ကွာ အပေါက်ဟိ"

သည်သို့ပြောဆိုရင်း အကြောင်းသိသူများပီပီ ပြူးစေ့စေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့ကြသည်။ မုန့်ဟင်းခါးက ငွေကြေးတတ်နိုင်သူများ ပိပိ ငါးခူနန်းချင်းနှင့် ချက်မည်ဆိုတော့ ချိုလိုက်မည့်ဟင်း။ ပြီးတော့ ချက်မည့်သူကလည်း ပိတ်စွယ်ရွာမှ ဒေါ်စမ်းတင်။

ဒေါ်စမ်းတင်က ခုလိုမျိုး သာရေးနာရေး ကိစ္စများ၌ လာရောက်အကူအညီ တောင်းခံလျှင် အဖိုးသားနား မည်ရွေ့မည်မျှ မတောင်းဆိုဘဲ စေတနာရှိသလောက်ပေးသော အခကြေးငွေဖြင့် အစပ်အဟပ်တည့်အောင် စေတနာပါပါ ချက်ပြုတ်ပေးလေ့ရှိသည်။ ခုလည်း ဒေါ်စမ်းတင်၏ မုန့်ဟင်းခါးလက်ရာကို တစ်ဝတစ်ပြ တွယ်ကြရမည်မို့ မုန့်ဟင်းခါးကြိုက်သော ကြောင်မြီးပူတို့ ပျော်ရွှင်တက်ကြွနေကြသည်။

ဘကြီးစိန်လင်းတို့ တံငါတဲကိုရောက်တော့ ဘကြီးစိန်လင်းလည်း ငါးတွေဖော်ပြီးလေပြီမို့ တဲရှေ့ဇလားထဲ ဖမ်းမိလာသော ငါးများကို ပုံထားလေသည်။

"ဗျို့ မပိုးတီ မပိုးတီ"

"ဟေ့ ဘယ်သူတွေလဲ"

"ကျွန်တော်တို့ပါဗျ"

မေးသံနှင့်အတူ မပိုးတီ ထွက်လာသည်။ မပိုးတီနှင့် ကပ်လျက် ဘကြီးစိန်လင်းလည်း သွေ့ခြောက်သောအဝတ်တို့ကို လဲလှယ်ရင်း ကပ်ပါလာသည်။

"ဟော ငပိန်တို့ပါလား"

"'ဟုတ်တယ် ငါးလာဝယ်တာဗျ။ ငါးခူလိုချင်တယ်"

"ရတယ်လေဟယ်။ ငါးတွေတောင် အမျိုးအစား မခွဲရသေးဘူး"

"ရတယ်၊ ကျွန်တော်တို့ဘာသာ အရင်ဖယ်ရွေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာလုပ်နော်။ ဆူးတောင် တွက်လိုက်ဦးမယ်"

"ကျွမ်းပါတယ်ဗျာ။ လေးငါးဆယ်ပိဿာ အောက်ထစ်ယူမှာဗျ"

"အယ် မနည်းမနောပါပဲလား"

"ဘာလုပ်မလို့လဲ ဒီလောက်အများကြီးဟာကို"

"မနက်ဖြန် ဦးဗလကျော်ပိန် သပိတ်သွတ်လေဗျာ။ အဲဒါ ပရိသတ်ကို မုန့်ဟင်းခါးကျွေးမလို့။ အဲဒါ မပိုးတီတို့လည်း လာခဲ့ကြပေါ့။ ပိတ်စွယ်က ဒေါ်စမ်းတင်ရဲ့လက်ရာလေ"

"လာမယ် လာမယ်။ ငါက မုန့်ဟင်းခါးဆိုရင် အသေအလဲကြိုက်တာဟဲ့။ အဲဒီကျမှပဲ အကူငွေ ထည့်ရမယ်"

"မလိုပါဘူးဗျာ သူတို့က သူဌေးတွေပဲ။ အကူငွေကို လက်မခံဘူးတဲ့"

"ဒါဆိုရင် ငါးတွေကို ပိုထည့်ပေးလိုက်မယ်"

"သဘောပဲ"

ငါးအမျိုးအစားတွေကို ကန့်ထုတ်လိုက်ကြ၏။ ငါးခူချည်း သက်သက်မဟုတ်။ ငအုပ်ဖား၊ ငါးထွေ၊ ငါးရံ့၊ ငါးတန်ပေါက်တွေတောင်ပါသေး။

"ကဲ အရှိအတိုင်း ချိန်ဗျာ"

မပိုးတီက လုပ်ငန်းကျွမ်းကျင်သည့်အလျောက် သွက်လက်ချက်ချာစွာဖြင့် ချိန်လိုက်သည်။ ကိုအောင်ကြီးမှာလိုက်သည့် အလေးချိန်အတိုင်းဝယ်ပြီး ကျသင့်ငွေကို ရှင်းပေးတော့ မပိုးတီက စေတနာဖြင့် ဆယ်ကောင်ခန့် အဆစ်ထည့်ပေးလိုက်သေးသည်။

"အင်း ဝယ်နိုင်းလို့သာ ဝယ်ရတာ။ ဟိုရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်ဦးမှာပဲ မပိုးတီ''

''ဟဲ့ ဘာဖြစ်လို့လဲ။ အချက်အပြုတ်အဖွဲ့က ငါးကိုင်ကြမှာ မဟုတ်ဘူးလား''

''ဟုတ်တော့ ဟုတ်တယ်ဗျ။ ဟိုရောက်ရင် ကျုပ်တို့ပဲ ငါးထီး ငါးမကို ခွဲခြားပေးရမှာ''

ငပိန်၏ စကားကြောင့် မပိုးတီ ကြောင်သွားသလို ရေနွေးကြမ်းငုံ့နေသော ဘကြီးစိန်လင်းပင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

''ဟ ကောင်လေးတွေရ၊ ဘကြီးတစ်သက် ငါးဖမ်းလာတာ ကြာ ကြာရော့မယ်။ ငါးဆိုတာ ဟင်းချက်စားစရာ သတ္တဝါပဲဟာ။ အထီးအမ ခွဲရတယ်လို့''

''ဟုတ်ပါရဲ့ ဘကြီးစိန်ရယ်။ ပိုးတီလည်း ဘကြီးစိန်နဲ့ မညားခင်ကတည်းက ငါးရောင်းလာခဲ့တာပါ။ ဘယ်တုန်းကမှ အထီးအမ မခွဲခဲ့ပါဘူး။ ခွဲလည်း မခွဲတတ်ပါဘူး''

''နေပါဦး ကောင်လေးတွေရ။ မင်းတို့ကြည့်ရတာ တကယ့်လူလည်မွတ်တားလေးတွေပဲ။ ကိုင်း ပြောစမ်းပါဦး။ ငါးအထီးနဲ့အမကို ဘယ်လိုခွဲမလဲ''

ဘကြီးစိန်လင်း၏ အမေးရှိလေသည့် တဒင်္ဂ၊ ကြောင်မြီးပူနှင့် ပြေပြူးတို့လည်း ငါးတောင်းကိုပခုံးထက်တင်ကာ ပြေးဖို့အဆင်သင့်ဖြစ်ကြလေပြီ။ ဤတွင် ငပိန်က

''အထီးအမခွဲတာ ဘာခက်လို့လဲ ဘကြီးရယ်။ ငါးကို သေသေချာချာကြည့်။ အရည်ရွှန်းလဲ့တဲ့ မျက်လုံးလေးတွေတွေ့ရင် အမ။ အဲ ငါးပါးစပ်ကိုဖြဲကြည့်လို့ ငုတ်စိငုတ်စိသွားကျိုးကလေးတွေ့ရင် အဲဒါ အထီးခင်ဗျ''

''အယ် ခွေးမသားတွေ ဒီကောင်တွေ ဟိုညက ဒီလာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းပြီး တောက် သိကြရော ပေါ့ကွာ"

ရေနွေးကြမ်းပန်းကန်လုံးကို ငွပ်ခနဲချပြီး ထလိုက်မည် အလုပ် ငပိန့်တို့အုပ်စုလည်း နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဟု သဘောထားကာ ဒရောသောပါး ပြေးထွက်သွားကြပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟ .... ပိုစတာတွေက
အပျံစားပါပဲလား ....။
ပြဇာတ်မင်းသား ရွှေပန်းတောညွန့်တင်ရဲ့
'ပျော်ဘွယ်သူ မတင်နွဲ့'အငြိမ့် ...တဲ့။
မင်းသားက အကျည်းတန်ပေမဲ့
မင်းသမီးက မျှစ်စို့ကြီးလိုပဲ ...။
အဲ ... သာစည်ကြည်သိန်းရဲ့
'ဖျာပုံသူ တင်တင်ကြွေး'အငြိမ့် ...တဲ့။
အံမယ် ... အချိုးအဆစ်တော့ ပြေသား။



www.burmeseclassic.com

www.burmeseclassic.com



# ထန်း
# ပင်
# စု

ဆရာတော်ကြီးလည်း နုလုံးရောဂါ အတန်အသင့် ပြန်လည် ကောင်းမွန်လာခဲ့ပြီမို့ ဆေးရုံမှ ပြန်ဆင်းလာခဲ့ချေပြီ။

ဆရာတော်ကြီးနှင့်အတူ လက်ထောက် ကျောင်းထိုင် ဦးစန္ဒိမာ၊ ကျွဲသိုးနှင့် ထုံကြီးတို့လည်း တစ်ပါတည်းဆိုသလို ထန်းပင်စုရွာသို့ ပြန်လည်ရောက်ရှိလာခဲ့ကြချေ၏။ သူတို့တစ်တွေ ပြန်ရောက်ပြီးသိပ်မကြာ ထန်းပင်စုရွာဘုရားပွဲကို ကျင်းပဖို့ရာ အကြောင်းဖန်လာခဲ့ချေ၏။ နှစ်စဉ်မပျက် ဆင်နွှဲနေကြမို့လည်း ဘယ်လို အကြောင်းပြချက်နှင့်မျှ အပျက်မခံလိုကြသည်မှာ ထန်းပင်စုရွာ အဘိုးအို၊ အမယ်အို လူကြီးပိုင်းမှအစ အေးသာတို့၊ ဖေဖေတင်တို့ လူငယ်ပိုင်းအလယ်၊ ပေတူးတို့ ပိစိတို့ ဘုစုခရုတွေ အဆုံး အား



www.burmeseclassic.com

www.burmeseclassic.com



လုံး‚အားလုံး၏ ဆန္ဒသဘောထားများပင် ဖြစ်ကြ၏။

'တစ်နှစ်တစ်ခါ၊ ငရဲရွာ၊ လူ့ရွာဘုရားပွဲ'ဟု ပညာရှိ သူတော်စင်တွေက သတ်မှတ်ယူဆထားသော်ငြား တစ်နှစ်ကလေးနေလို့မှ သည်တစ်ခါကလေးသာ ပျော်ကြရွှင်ကြရသည်မို့ လောကီလူသားများပီပီ ငရဲရွာသလိုဖြစ်ချင်ဖြစ်ပါစေ။ သည်ငရဲကို ကုသိုလ်ရေးနှင့် ပြန်ထေမည်ဟု သဘောထားကာ ဘုရားပွဲကို မဖြစ်ဖြစ်အောင် ကျင်းပကြမည်ဟု ဆုံးဖြတ်ထားကြလေသည်။ သည်ကိစ္စမှာလည်း ကျေးရွာလူထုအပေါ် သြဇာညောင်းသော ဦးဇင်းစန္ဒိမာပင်လျှင် အစစအရာရာ စီမံခန့်ခွဲရပေတော့မည်။

"ဟော့ ဒီနှစ်မှာ ရန်ကုန်က နာမည်ကြီးအငြိမ့်ကိုငှားပြီး နှစ်ညတိတိ ကမယ်တဲ့ဟေ့"

ရွာဆော်ကြီး ဦးရေမွှေး၏ အသံပြဲကြီးက တစ်ရွာလုံးအား နှလုံးပီတိ ဂွမ်းဆီထိစေခဲ့သည်။

သည်မင်္ဂလာသတင်းကို ကြားလိုက်ရသည့် ရှင်မိမြတ်ဆိုသော ဆတ်ကော့လက်ကော့မကလေးသည် သက်ငယ်ပျစ်နေရင်းမှ ဘဝင်လေဟပ်သွားချေ၏။

"ဟယ် ဘုရားပွဲမှာ ရန်ကုန်က နာမည်ကြီး အငြိမ့်ဝင်မယ်တဲ့။ ဒါဆို ဝါတို့ဘုရားပွဲမှာ ဘယ်ရွာက ဘယ်ဘုရားပွဲနဲ့မှမတူ၊ အကြီးအကျယ်ကို စည်ကားဦးတော့မှာပဲ။ အတော်ပဲ။ အစ်ကိုလေး မြို့ကဝယ်လာပေးတဲ့ နိုင်လွန်အကျီလေးကို အနွဲ့ရဲ့ အပ်ချုပ်ဆိုင်မှာ ပုံကောင်းကောင်းကလေး ချုပ်ရမယ်။ အထမ်းသည် ကုလားမူတူးဆီက တိတ်တိတ်ကလေး အဘတို့မသိအောင် ဝယ်ထားတဲ့ ကျွတ် (မိတ်ကပ်) ကို မတူမပါးလေးလိမ်း၊ နှုတ်ခမ်းနီကို ရဲနေအောင်ဆိုး၊ တူငယ် ပွင့်ရိုက် လုံချည်ကလေးကိုဝတ်လို့ အဟင်း ဟင်း ...ပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုထိုက်ရှေ့မှာ လမ်းသလားပြလိုက်ရင် နုလုံးတွေ၊ ကလီစာတွေ ခုန်သွားမှာ အသေအချာပဲ''

ခင်မိမြိုင်ကား စိတ်ကစားသည့်အရွယ်မို့ ကြွက်သား အဖုအဖုနှင့် ထုထုပြီး ခရာချင်စရာကောင်းလှသော လူပျိုကြီးကိုထိုက်အပေါ်တွင် တစ်ဖက်သတ် စိတ်ဝင်စားနေသူဖြစ်သည်။

တကယ်တော့ လူပျိုကြီးကိုထိုက်သည် ခင်မိမြိုင်အပေါ်တွင် လုံးဝဆိုလုံးဝ စိတ်မဝင်စားခဲ့။ ပေါင်ခြံသေးကြောင်းနှင့် နုပ်ချေးဗရပျစ်ထူသည့် ကလေးဘဝအရွယ်က ခင်မိမြိုင်အဖြစ်သာ မြင်နေသည်မို့ နည်းနည်းကလေးမှအာရုံမကျခဲ့။ လူပျိုကြီးကိုထိုက်ကသာ အာရုံမကျသော်လည်း လူပျိုပေါက်ရောက်နေပြီဖြစ်သော ၎င်း၏ညီကြောင်မြီးပူမောင်သိုက်ကမူ ခင်မိမြိုင်အပေါ်တွင် စိတ်ကစားနေပြီဖြစ်သည်။ သို့ပါသော်ငြား ခင်မိမြိုင်က တစ်စက်ကလေးမျှ မျက်နှာသာမပေးခဲ့။

ဘုရားပွဲ ကျင်းပတော့မည်ဆိုသဖြင့် လူပျိုပေါက်ရောက်နေကြပြီဖြစ်သည့် ငပိန်၊ ကျွဲသိုး၊ ပြေူးနှင့် ထုံကြီးတို့ကလည်း ဝတ်ကောင်းစားလှများဝတ်လျက် ဘိုကေကို ဆီရွှဲအောင်လိမ်းကာ ကျော့နေအောင်သပြီး ရေမွှေးဆွတ်ပြီး နေကာမျက်မှန်တကားကားဖြင့် အကြီးအကျယ် ရှိုးထုတ်ရန် ပြင်ဆင်နေကြလေပြီ။ တစ်ရွာလုံး ကလေးလူကြီးမကျန် 'ဘုရားပွဲ' ဆိုသည့်စကားကြောင့် လှုပ်လှုပ်ရွရွဖြစ်နေကြရသည်ကတော့ ဧကန်ပင်။

သည်နှစ် ရေထဲမှလည်းကောင်း၊ ကုန်းမှလည်းကောင်း ငါးတွေ၊ စပါးတွေ၊ ကောက်ပဲသီးနှံတွေ အတန်အသင့်ရရှိလိုက်သည်ကြောင့် ဗုန်းဗောလအောမဟုတ်တောင် အတန်အသင့်သုံးနိုင်ဖြုန်းနိုင်ဝတ်နိုင်စားနိုင်မည့် အနေအထားကြောင့် အားလုံးပစ်မှတ်ထားသည့်ရွာဘုရားပွဲအပေါ်တွင် ကျရောက်လျက်ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် မြို့တက်ကာအငြိမ့်ငှားရန် မူလတန်းကျောင်းဆရာကိုလှအောင်ကိုပင် ဦးဇင်းစန္ဒိမာက တာဝန်ပေးအပ်ခဲ့သည်။

ကျောင်းဆရာကိုလှအောင်ကား ခေသူတော့မဟုတ်။ မြို့ကျောင်းတက်ကာ ခုနစ်တန်းအထိ နေခဲ့ဖူးသည့် ထွန်းပေါက်သူတစ်ဦးဖြစ်သည်။ ရန်ကုန်ဆိုသည် သူနှင့်မစိမ်း။ မကြာခဏဆိုသလို ရန်ကုန်သို့ သွားလေ့ရှိ၏။ ရန်ကုန်မှပြန်ရောက်လျှင် ထူးဆန်းအံ့ဩဖွယ်ရာများကို သူ့ထံမှကြားရတတ်၏။ ဘိုစကားလုံးတွေကိုလည်း မြန်မာလိုပြောရင်းမှ ရှတ်ရှက်,ဒွတ်ဒက် ထည့်ပြောတတ်သဖြင့် တစ်ရွာလုံး၏ အထင်ကြီးလေးစားဖွယ်ရာ ပုဂ္ဂိုလ်တစ်ဦး ဖြစ်မှန်းမသိ ဖြစ်နေရလေ၏။

သို့ရာတွင် အားနည်းချက်တစ်ခု ရှိနေသည်ကို မည်သူမျှ ရိပ်စားမမိခြင်းပါပေ။

ထိုအားနည်းချက်ကား အခြားမဟုတ်။

တစ်ခါတည်းနှင့် ပြီးပြတ်ရမည့်ကိစ္စကို တစ်ခါတည်းနှင့် မပြီးပြတ်ဘဲ အောက်ထစ်နှစ်ခါ ဆောင်ရွက်မှသာ ပြီးပြတ်ခြင်းဖြစ်၏။ သည့်ထက်ရှင်းစွာ ဆိုရလျှင် တစ်ကျပ်နှင့် ပြီးပြတ်ရမည်ကို နှစ်ကျပ်လောက်နှင့်ပင် အပြတ်မဖြတ်နိုင်ဘဲ သုံးလေးကျပ်လောက်ကုန်မှသာ ပြီးပြတ်အောင် ဖာချဲ့ပြီး ဝေ့နေခြင်းပဲ ဖြစ်တော့၏။

သည်ကနေ့က ကျောင်းဆရာကိုလှအောင်တစ်ယောက် မြို့မှ ပြန်လာတော့မည့်ရက်ပေတည်း။ သည့်အတွက် ဦးစန္ဒိမာအပါအဝင် တစ်ရွာလုံးက ၎င်းပြန်အလာကို မျှော်လင့်စောင့်စားလျက်ရှိကြ၏။ လွန်စွာမှ စိတ်စောသော ရွာဆော်ကြီး ကိုရွှေမွေးဆိုလျှင် ဆန္ဒချုပ်တီးမထားနိုင်ဘဲ ငပိန်တို့အုပ်စုကို လှည်းတစ်စီးဖြင့်တင်ကာ သဘောဆိပ်တွင် သွားစောင့်နေသည်ဟူ၏။ ဦးဇင်းကြီး ဦးစန္ဒိမာဆိုလျှင် ကျောင်းပေါ်မှ တမျှော်မျှော်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းမြေကွက်လပ် အကျယ်ကြီး၌ အငြိမ့်စင်ဆောက်ဖို့ရာ ခလုတ်တံသင်းတွေကိုလည်းရှင်းလင်း မြေညှိတန်ညှိ၊ ချိုင့်ကျင်းတွေကို ဖို့တန်ဖို့နှင့် တက်တက်ကြွကြွ ပျော်ရွှင်စွာလုပ်အားပေးနေသော ရွာသူရွာသားတို့ကိုကြည့်လျက်

"ဩော် လောကီလူသား ငါ့ရွာသားတွေလည်း ပျော်နေကြတာပါကလား။ အင်း ပျော်ပါစေ၊ ပျော်ပါစေ"

ဟု ယောနိသော မနသိကာရ နှလုံးသွင်းလျက် ကိုယ်တော်တိုင်လည်း ကြည်နူးရွှင်လန်းနေမိသည်။

မကြာခင်မှာပင် ခပ်လှမ်းလှမ်းဆီမှ ချုံသံတညံညံဖြင့် ဖုန်တထောင်းထောင်းထလျက် ကဆုန်စိုင်းလာသော လှည်းယာဉ်တစ်စီးကျောင်းရှေ့တူရူသို့ မောင်းနှင်လာသည်ကို တွေ့လိုက်ရလေသည်။

"ဟေး ဆရာကိုလှအောင်ကြီး မြို့ကပြန်လာပြီဟေ့"

"ဝေး ဟေး ဟေး"

ကလေးလူကြီးအပေါင်း၏ နှစ်ထောင်းအားရသံကြီးကဘဝက်ညံသွားတော့သည်။ လှည်းက ကျောင်းပရိဝုဏ်အတွင်းသို့ဝင်လာပြီးနောက် ကုပ္ပိယကြီးဦးဝကြီး နေထိုင်သည့် ဆွမ်းချက်ရုံအနီးတွင် ရပ်လိုက်၏။ လှည်းရပ်သည်နှင့် ကျောင်းဆရာကိုလှအောင်လည်း လွယ်အိတ်ကိုသိုင်းကာ လှည်းပေါ်မှခုန်ချပြီး အိပ်ရာလိပ်ကိုထမ်းကာ ကျောင်းအောက်သို့လျှောက်လာခဲ့လေသည်။ ဦးစန္ဒိမာလည်းကျောင်းပေါ်၌ ဆူဆူညံညံ မဖြစ်လိုသည်မို့ ကိုယ်တော်တိုင် ကျောင်းအောက်သို့ဆင်းကာ၊ ဒကာတော်ကိုလှအောင်ကို စောင့်စားကြိုဆိုနေလိုက်သည်။

"အင်း ဒကာလှအောင် ရောက်လာမှကိုး"

"တင်ပါ့ ဘုရား။ တပည့်တော် အလုံ၊ ဗားဂရာ၊ မြိုည့်မြင်တိုင်တစ်ခွင်မှာရှိကြတဲ့ ပွဲငှားရာဌာနတွေ အလှည့်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို နှံခဲ့ပါတယ်ဘုရား''

''ဟော တယ်ဟုတ်ပါကလား။ ဒါကြောင့်လည်း ဒီတာဝန်ကို ပေးရတာပဲ''

ကျောင်းဆရာ ကိုလှအောင်လည်း အိပ်ရာလိပ်ကိုဖြေကာ စက္ကူကားချပ်လိပ်များကို ဆွဲယူလိုက်လေ၏။ ပရိသတ်ကား ကိုလှအောင်၏ လှုပ်ရှားမှုမှန်သမျှကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြလေ၏။

''ဒကာ့လက်ထဲက စက္ကူကားချပ်တွေဟာ ဘာတွေများ ပါလိမ့်''

''တင်ပါ့ တပည့်တော် နေရာအနှံ့ရောက်ခဲ့တဲ့ ပွဲအငြိမ့် ငှားတဲ့ ရွာ‌တွေက တောင်းလာခဲ့တဲ့ အငြိမ့် ပိုစတာတွေပါဘုရား''

''ဟော ဟုတ်လား။ ပြပါဦးကွယ်။ ဟဲ့ ကြောင်မြီးပူ ငါ့ စာကြည့်စားပွဲပေါ်က စာကြည့်မျက်မှန် သွားယူခဲ့စမ်း''

ကြောင်မြီးပူ မောင်သိက်လည်း သွက်လက်ချက်ချာစွာပင် ကျောင်းအပေါ်ထပ်သို့တက်လျက် ဦးဇင်းစန္ဒိမာ၏ စာကြည့်မျက်မှန် ကို ယူလာခဲ့၏။

''မှန်းစမ်း ဟာ ပိုစတာတွေက အပျံစားပါပဲလား။ ပြဇာတ်မင်းသား ရွှေပန်းတောညွန့်တင်ရဲ့ 'ပျော်ဘွယ်သူ မတင်နွဲ့' အငြိမ့်တဲ့။ မင်းသားက အကျည်းတန်ပေမဲ့ မင်း သမီးကတော့ မျှစ်စို့ကြီးလိုပဲ။ အဲ သာစည် ကြည်သိန်းရဲ့ 'ဖျာပုံသူတင်တင်ကြွေး' အငြိမ့်တဲ့။ အံမယ် အချိုးအဆစ်တော့ ပြေသားဟ။ အလှဲ 'ဆိုဗီယက်ပြန် နွဲ့နွဲ့စမ်း' အငြိမ့်။ အယ် 'ယိုးဒယားပြန် အမာစိန်'။ အို ဝင်းဝင်းအေးရဲ့ 'ဆေးငုံး အငြိမ့်'။ အံမယ် 'မြိုင်မဟာ မြနန်းရှင်' အငြိမ့်ဆိုပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ဟား လာပြန်ချည်သေးရဲ့ 'ကောလိပ်စိန်' အငြိမ့်၊ 'ရွှေလိပ်ပြာ' အငြိမ့်။ ဒေါင်မှာ 'မော်လမြိုင်သူမိုးပန်းမွှန်ရဲ့ ရာမည' အငြိမ့်နဲ့ မင်းသမီး ကြည်မွေ့အိမ်ရဲ့ 'ရွှေမုဒုံ' အငြိမ့်တောင်ပါသေးသကိုး''

''ကျန်ပါသေးတယ် ဘုရား။ အားလုံးဟာ မြန်မာပြည်တစ်ခွင်မှာတော့ တကယ့်ကို ဒိတ်ဒိတ်ကြဲတွေပါပဲ''

''နိပ်သဗျား 'မြမဥ္ဇူဝေရဲ့ ကျုံမငေး' အငြိမ့်တဲ့။ ဒါလေးလည်း မဆိုးဘူးပဲ''

အငြိမ့်တွေ အားလုံးကား ကျောင်းဆရာပြောသကဲ့သို့ပင် တကယ့်ကို အပျံစားအငြိမ့်တွေချည်းပါပေ၏။ သည်အငြိမ့်တွေထဲ ဘယ်အငြိမ့်ပဲ ထန်းပင်စုဘုရားပွဲမှာ လာက, လာက၊ ရွာနီးချုပ်စပ်တစ်ခွင်မှာတော့ ထန်းပင်စုရွာဘုရားပွဲသည် ထိပ်ဆုံးကဖြစ်သွားမည်မှ သေချာလှတော့၏။

''အင်း ကောင်းတယ်၊ ကောင်းတယ်။ ဘယ် အငြိမ့်ကိုမှ ပစ်ရက်စရာမရှိဘူး။ အတော်ကလေးကို အပင်ပန်းခံကြိုးစားခဲ့ပေတာပဲ''

''တင်ပါ့ ဘုရား''

''ဒါထက် အဲဒီအငြိမ့်တွေထဲက ဘယ်အငြိမ့်ကိုများ ငှားခဲ့သတုံး''

''အဟီး အားလုံး ပွဲငှားတွေ ပြည့်နေလို့ တစ်ခုမှ ရမလာခဲ့ဘူး ဘုရား''

''အယ်''

ဦးစန္ဒိမာနှင့်တကွ ဝိုင်းအုံကြည့်နေသော ပရိသတ်အပေါင်းမှာ စားရခါနီးထမင်းလုတ် ပါးစပ်ရှေ့တွင် ဘုတ်ခနဲပြုတ်ကျသွားသည့်အလား ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

www.burmeseclassic.com



"ဘယ်လို့ ဘယ်လို၊ တစ်ငြိမ့်ကလေးမှ ငှားလို့မရခဲ့ဘူး ဟုတ်လား"

"မှန်ပါတယ် ဘုရား။ အားလုံး စရံပေးပြီးသားတွေ ဖြစ်နေလို့ ပိုစတာတွေပဲ တောင်းလာခဲ့ရပါတယ်ဘုရား"

"ကောင်းရောကွယ်"

"မပူပါနဲ့ဘုရား။ တပည့်တော်နဲ့ ရင်းနှီးတဲ့ ဇာတ်ဆရာက နောက်ရက် တစ်ခုမဟုတ်တစ်ခုရအောင် ငှားပေးမယ်လို့ ကတိခံထားပါတယ်။ ရလည်းရပါ့မယ်။ အဲသည်အတွက် ဒီတစ်ည ရွာပြန်အိပ်တာပါဘုရား။ နက်ဖြန် မနက်စောစော တပည့်တော် ရန်ကုန်ပြန်သွားပါဦးမယ်။ တစ်ခါတည်း စာချုပ်ချုပ်လာခဲ့မှာပါ ဘုရား"

ဦးဇင်းကြီး ဘာမျှ မပြောတော့။ ကျောင်းပေါ်သို့သာ ပြန်တက်သွားတော့၏။

ဆိုခဲ့ပါပကောလား။

တစ်ခါတည်းနှင့် ပြီးပြတ်ရမည့်ကိစ္စကို တစ်ခါတည်းနှင့် မပြီးပြတ်ဘဲ အောက်ထစ်နှစ်ခါဆောင်ရွက်မှ။ သည့်ထက်ရှင်းစွာ ဆိုရလျှင် တစ်ကျပ်နှင့်ပြီးပြတ်ရမည်ကို နှစ်ကျပ်လောက်နှင့်ပင် အပြတ် မဖြတ်နိုင်ဘဲ သုံးလေးကျပ်လောက်ကုန်မှသာ ပြီးပြတ်အောင် ဇာချဲ့ တတ်သူဆိုတာလေ။



www.burmeseclassic.com

www.burmeseclassic.com



# တ
# ကယ့်

တကယ်ကျတော့လည်း ထန်းပင်စုရွာ ဘုရားပွဲသည် အခြားအခြားသောရွာတွေက မော့ကြည့်ရလောက်အောင် ဂုဏ်တက်ခဲ့ပါသည်။

ကျောင်းဆရာကိုလှအောင်၏ မိတ်ဆွေတစ်ယောက်မှ ကူညီစောင်မမှုဖြင့် 'ဦးစိန်ဖြိုး' စီမံအုပ်ချုပ်သည့် 'မြောက်ဒဂုံအေးကြည်မ' အငြိမ့်ကို ရရှိခဲ့ပါသည်။ လူရွှင်တော်တွေဆိုသည်မှာ အုံနှင့်တျင်းနှင့်။ လူရွှင်တော် မောင်တက်၊ ဒွန်မှူး၊ ညွန့်တင်ကျော်၊ လူ့ကန့်လန့်။ ရွာစားကျော် ဘိုကလေးစိန်မြင့်မား။ ခေတ်ပေါ်တေးဂီတ စန္ဒရားမောင်မျိုးတူ။ ရေ့ထွက်မင်းသမီး ကလေးသူမန္တယ်နှင့် မြသက်ကြူ။ ပြဇာတ်မင်းသား ကောလိပ်ဂျင်မိုးကြယ်နှင့် လူကြမ်းများအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သန့်လျှင်မောင်မောင်မှူး၊ ကြံပြား (စလေ)၊ သူ့ရဲ့သမိန်မောင်ချစ်၊ ပြဇာတ်ဒါရိုက်တာ ဆင်ဖြူကျွန်းဆရာစိမ်း စသဖြင့် တကယ့်ကို အင်အားတောင့်လှပါဘိ။ ဇာတ်သဘင်မဟုတ်သည့်အတွက် နောက်ပိုင်းဇာတ်ထုပ်တော့ မပါရှိ။

ဘာပဲဖြစ်ဖြစ် ပထမညမှာပင် ရွှေပွဲလာပရိသတ်အပေါင်းတို့ နှစ်ထောင်းအားရ ဖြစ်ခဲ့ကြသည်။

ပွဲစသည့်ညက ထန်းပင်စုရွာလူကြီး ဦးခေတ်ထွန်း၏ အမိန့်ကြေညာချက်က ဘယ်ကျေးရွာဘုရားပွဲမှ ကြေညာချက်နှင့်မတူ။ အံ့သြရယ်တဲ့ ဂုဏ်နိုင်ဖွယ်။ ကဲ မယုံချင်နေပါတည်း။ ဆော်သြသံက ဆယ်အိမ်ခေါင်း ကိုအောင်ကြီး။

ဓာတ်စက်မှ သူ့အသံပြကြီးက ဟိန်းထွက်နေသည်။

"ထန်းပင်စုကျေးရွာဘုရားပွဲလာ ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား ထန်းပင်စုကျေးရွာဘုရားပွဲလာ ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား နှစ်စဉ်မပျက် ကျင်းပမြဲဖြစ်တဲ့ ဘုရားပွဲကို ယခုနှစ်မှာလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်တဲ့အတွက် ရွှေပွဲလာ ဧည့်ပရိသတ်တွေအနေနဲ့ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အားလုံး မဖြစ်မနေ လိုက်နာကြဖို့ရာ ကျေးရွာလူကြီးဦးခေတ်ထွန်းမှ အထက်အမိန့်အရ ထုတ်ပြန်ကြေညာလိုက်တာကတော့

တစ်–ဘုရားပွဲလာ ဧည့်ပရိသတ်တွေအနေနဲ့ ပွဲခင်းအတွင်းအပြင် အရက်သေစာ ရောင်းဝယ်သောက်စားခြင်း လုံးဝမပြုလုပ်ရ။

နှစ်–အကယ်၍ ရောင်းဝယ်သောက်စားခြင်း ပြုလုပ်သည့်တိုင်အောင် မူးယစ်ရမ်းကားခြင်း မပြုရ။

သုံး–အကယ်၍ မူးယစ်ရမ်းကားခြင်း ပြုသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် တုတ်စားလက်နက်၊ ချွန်ထက်သောအရာများ မကိုင်ဆောင်ရ။

လေး-အကာယ်၌ တုတ်စားလက်နက်၊ ချွန်ထက်သော အရာများ ကိုင်ဆောင်လာသည့်တိုင်အောင် သွေးထွက် သံယိုဖြစ်အောင် ထိုးခုတ်ရိုက်နှက်ခြင်း မပြုရ။

ပုံ

ဦးခေတ်ထွန်း

ဥက္ကဋ္ဌ

ထန်းပင်စုကျေးရွာ"

ဟူလေသတည်း။

ဘာ့ကြောင့်ရယ်မသိ။ သည်အမိန့်ကြေညာသံကို ကြားလိုက်ရသူတိုင်း ဝါးလုံးကွဲမရယ်ကြသည့်တိုင် ပြုံးစေ့စေ့တော့ ဖြစ်သွားကြလေသည်။

မည်သို့ဖြစ်စေ ပွဲခင်းတစ်ခုလုံး ကြက်ပျံမကျ စည်ကားလှပါ၏။ ရွာနီးချုပ်စပ်မှ လာရောက်ကြသည်မို့လည်း လူအုပ်ကြီးမှာ ကြပ်ခဲလျက်။ လှည်းဝိုင်းကြီးမှာလည်း ဟီးထလျက်။

ပွဲခင်းထဲ၌ စားသောက်ဆိုင်များ၊ ကွမ်းယာဆိုင်များ၊ အကြော်အလှော်ဆိုင်များ၊ အဝတ်အထည် အရောင်းဆိုင်များ၊ အိမ်သုံးပစ္စည်းအရောင်းဆိုင်များ၊ အလှအပပစ္စည်းအရောင်းဆိုင်များ၊ လယ်ယာသုံးပစ္စည်းအရောင်းဆိုင်များ၊ ကလေးကစားစရာ အရောင်းဆိုင်များ အစရှိသဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှ၏။

ကျေးရွာလူကြီး ဦးခေတ်ထွန်းသည် ကျေးရွာအဖွဲ့ဝင်များခြံရံလျက် ရာဝင်အိုးနီးနီးရှိ ၎င်း၏မိုက်ကြီးကိုရှေ့ပစ်ကာ အိပ်ပွဲအိပ်ပြီး ပွဲခင်းတစ်လျှောက် လှည့်ပတ်ကြည့်ရှု၏။ ဦးခေတ်ထွန်းကိုယ်လျှင် ပစ္စည်းအလစ်သုတ်ရန်ကြံနေသော ဘိန်းစားလွှမ်းသောင်းနှင့် ကဖော်



www.burmeseclassic.com

www.burmeseclassic.com



သမား မှုတ်ဆိတ်ကေကြီးတို့သည် အလျှိုအလျှိုပင် အမှောင်ထုထဲ ကိုယ်ယောင်ဖျောက်သွားကြ၏။ ရည်းစားလုဘက်ဖြစ်သော ကိုစိုးဝေ နှင့် ကိုမင်းရွှေသိန်းတို့လည်း ဆဲဆိုသံ၊ စိန်ခေါ်သံများ တိတ်ဆိတ်သွား ကြကာ ဘာမှုမဖြစ်သလို ခေါင်းကလေးတွေငုံ့သွားကြ၏။ စုတ်ထိုး ဆရာ အောင်သျှင်သူသည် အောက်လင်းမီးကြီးထွန်းလျက် ရုပ်ပုံကား ချပ်များချကာ စုတ်အထိုးခံ သတ္တိခဲများအား ၎င်းတို့နှစ်သက်သည့် ရုပ်ပုံများကို လက်ခုံ၊ လက်မောင်း၊ လက်ဖျံ၊ ရင်ဘတ်၊ ကျောကုန်း တို့တွင် အစွမ်းပြရေးထိုးပေးနေ၏။ အငြိမ့်စင်နှင့် ခပ်လှမ်းလှမ်းမှာတော့ လောင်းကစားဝိုင်းများရှိ၏။ ထိုဝိုင်းများကို ဦးခေတ်ထွန်းက ကျေးရွာ မွံဖြိုးရေးအတွက်ဟု ဆိုကာ အကောက်ခံလျက်ဖွင့်ထားပေး၏။ ဂလုံး ဂလုံး အန်စာတုံးဝိုင်း၊ လေးကောင်ဂျင်၊ တစ်ချပ်မှောက်၊ ဖဲသုံးချပ် ကက်ဝိုင်း၊ ကိုးမီးဝိုင်း များလည်းရှိ၏။ ထိုဝိုင်းများမှာ ပွဲမထွက်ခင်တွင် လွန်စွာမှ စည်ကားလှ၏။ ငွေစကြေးစ ရှင်နေကြသူတို့ကား ထိုဝိုင်းများ၌တရုံးရုံး။



www.burmeseclassic.com

www.burmeseclassic.com



# ထန်း ပင် စု

ရွာ၏ ဒုတိယသည်။

ဤဒုတိယသည်လည်း ပထမသည်နှင့် ထပ်တူထပ်မျှပင် စည်ကားလှပါ၏။ ပွဲမစခင်ကပင် အန္တရာယ်ကို ကြိုတင်ကာကွယ် သည့်အနေဖြင့် ဆယ်အိမ်ခေါင်း ကိုအောင်ကြီးက ကျေးရွာဥက္ကဋ္ဌ ဦးခေတ်ထွန်း၏ အမိန့်အား ကြိုတင်သတိပေး ထုတ်ပြန်ထား၏။

ဘာမှ မဖြစ်တော့လည်း ဘာမျှ မဖြစ်ပါချေ။

အမည်သညာ ခေါ်စရာကား တင်သိုက်ထွန်း။

၎င်းကား ကျေးရွာဥက္ကဋ္ဌ ဦးခေတ်ထွန်း၏ သားကြီး ဩရသသဖြစ်၏။ တေလွှန်း,ပေလွှန်း,ပွေလွှန်းသဖြင့် ထန်းပင်စု လုံမေပျိုများက စိတ်ကူးထဲ မထည့်ကြ။ သူတို့မဆိုထားဘိ။ လင်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ဆာနေသော မုဆိုးမ အမိနာကပင် 'တင်သိုက်ထွန်း' အသံကြားလျှင်ပင် တူးတူးခါးခါး။ သည့်အတွက်ကြောင့်လည်း လူပျိုလူလွတ်၊ ဘာအလုပ်တစ်ခုမျှလက်ကြောတင်းအောင် မလုပ်ဘဲ 'ငါ့အဖေရှိလျှင် ငွေရှိသည်' ဆိုသောထုံးကို နှလုံးမူကာ နှစ်လုံးသောက်လူမိုက် မောင်ယုတို့အဖွဲ့နှင့် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်မွှေ့လျက် ဘဝကိုရေစုန်မျှောနေသူဖြစ်၏။

ခုလည်း ကဖော်အရှိန် ခပ်ထွေထွေဖြင့် ကစားဝိုင်းတစ်ဝိုင်းသို့ ရောက်လာသည်။

သူရောက်သွားသည့်ဝိုင်းက ခေါင်းတစ်ဖက် ပန်းတစ်ဖက်ပါသည့် မတ်စေ့တစ်စေ့အား ခေါင်းပန်းလှည့်သည့် လောင်းကစားဝိုင်းပါတည်း။

"ဟေ့ ထိုးသားတွေ ဖယ်ကြစမ်း။ အားလုံး ဖယ်ကြစမ်း"

သူ့အသံကြောင့် ထိုးသားတွေ မော့ကြည့်ကြသည်။

ထွေနေသောသူ ဖြစ်သည်ကတစ်ကြောင်း၊ ဤထန်းပင်စုရွာ၏ လူကြီးသားဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ဘာမျှ စောဒကတက်မနေတော့ဘဲ အလျင်အမြန်ထကာ နေရာဖယ်ပေးလိုက်ကြသည်။

"ဟေ့လူ ခင်ဗျားက ဒိုင်လား"

"ဟုတ်တယ် ကျုပ် ဒိုင်ပဲ"

"ဒါဆိုရင် ခင်ဗျားနဲ့ကျုပ် ရေကုန်ရေခန်း အနိုင်နဲ့မပိုင်းစတမ်း ကစားမယ်။ ကျုပ်က နှစ်အိမ်ထိုးမယ်။ ခင်ဗျားက ခေါင်းပန်းလှန်။ ဘယ့်နှယ်လဲ ကစားမလား"

"ကစားမယ်လေ"

အနယ်နယ်အရပ်ရပ် ခေါင်းပန်းလှည့်ပညာဖြင့် သိမင်းစား



www.burmeseclassic.com

www.burmeseclassic.com



နေသူမှ ဒိုင်လုပ်သူက ကြည်ဖြူစွာ ပြောလိုက်သည်။

"ကတိမဖျက်နဲ့နော်"

"အိုဘာလို့ဖျက်ရမှာလဲ။ ခင်ဗျားသာ ရဲရဲထိုးစမ်းပါ"

"ဟား စိတ်ချ။ ကြိုက်သွားပြီဗျာ ကြိုက်သွားပြီ။ မပူနဲ့။ ကျုပ်မှာ ငွေတွေတစ်ထပ်ကြီးပါတယ်။ ခင်ဗျားနိုင်ရင် စားသာသွား။ အဲ ကျုပ်နိုင်လို့ကတော့ လျော်ဖို့လက်မနှေးနဲ့။ ကူလီကူမာလုပ်ရင် ကျုပ်ဘာလဲဆိုတာ အားလုံးကိုမေးကြည့်လိုက်။ ကျုပ်နာမည် တင်သိုက်ထွန်း။ ဟောဒီ ထန်းပင်စုရွာဥက္ကဋ္ဌ ဦးခေတ်ထွန်းရဲ့သား"

သည်လိုမျိုး စကားပလ္လင်ခံလိုက်တော့ ခေါင်းပန်းဒိုင်ခမျာ နည်းနည်းတော့ ဖြုန်သွားပုံရသည်။

မဖြုန်ဘဲ နေမည်လား။

ကိုယ့်ရွာမှာတော့ ကိုယ်က ကြက်ဖ။ သူများရွာရောက်တော့ တိုယ်က ကြက်ဖမဟုတ်တော့။ ကြက်မ

"ကိုင်း ထိုးပါဗျာ"

"ဟုတ်ပြီ"

သို့ဖြင့် ရာတန်နှစ်ရွက်ကို ဆွဲထုတ်ကာ ပန်းအကွက်တွင် တစ်ရာ၊ ခေါင်းအကွက်တွင်တစ်ရာ ချထိုးလိုက်သည်။

ခေါင်းပန်းလှည့်သည်။ ပန်းကျ၍ ခေါင်းဘက်ကိုစားကာ ပန်းအတွက် လျော်ပေးလိုက်ရ၏။

"ဟုတ်ပြီ။ ဒီတစ်ခါ နှစ်ရာစီထိုးမယ်။ ခေါင်းဘက်က နှစ်ရာ၊ ပန်းဘက်က နှစ်ရာ"

ခေါင်းပန်းလှည့်တော့ ခေါင်းကျသည်။ ပန်းဘက်က နှစ်ရာကိုစား၍ ခေါင်းဘက်ကို ၎င်းနှစ်ရာအား လျော်ပေးလိုက်သည်။ ခေါင်းပန်းဒိုင်အဖို့ ဘာမျှမပြောသာ။ တစ်ဖက်နှင့်တစ်ဖက်ကို ဆတူ



www.burmeseclassic.com

www.burmeseclassic.com



ထိုးနေ၍ သူ့ခမျာ စားရသည့်မရှိဘဲ လက်အညောင်းခံလှည့်ရင်း ယူလိုက်၊ ပြန်ပေးလိုက် လုပ်နေရသည်။

ညဉ့်တဖြည်းဖြည်း နက်လာတော့ ဘာမျှ အကျိုးမရှိသည့် လုပ်ရပ်အတွက် ဒိုင်ခမျာ ချွေးသီးချွေးပေါက်ကျကာ စိတ်ညစ်လာရသည်။ တင်သိုက်ထွန်းက သူတစ်ဦးတည်းမှလွဲ၍ ဘယ်သူ့မျှ အထိုးမခံ။

ထိုအချိန်တွင် ဘယ်သူက သတင်းသွားပေးလိုက်သည် မသိ။

ဖခင် ဦးခေတ်ထွန်း ရောက်လာ၏။

သေသေချာချာ စူးစမ်း၏။ အဖြစ်မှန်ကို သိလေသော် မနေသာတော့။

"ဟော့ကောင် တင်သိုက်ထွန်း။ မင့်ဟာက တစ်ဖက်နဲ့ တစ်ဖက် ဆတူထိုးနေတော့ နိုင်လည်းမနိုင်၊ ရှုံးလည်းမရှုံးနဲ့ မင်း ရူး နေလား"

"မရူးမပါဘူး အဖေရ။ ကျွန်တော် နိုင်ပါတယ်။ ရှုံးတာက ဒိုင်လေ"

"ဟာ ဟော့ကောင် ဒိုင်က ဘယ်မှာ ရှုံး သလဲ"

"ဟား ဟား အဖေညံ့သွားပြီ။ အဖေ အကြီးအကျယ် ညံ့သွားပြီ။ ကျွန်တော် အဲသည်လို အကြာကြီးလုပ်နေတော့ ဒိုင်ထွန်းထားတဲ့ ရေနံဆီတွေခန်းပြီပေါ့။ ရေနံကုန်ရင် ဝယ် ထည့်ရတော့မယ်။ အဲဒါ သူရှုံးတာပေါ့ အဖေရ"

အတော်လည်း နောက်တီးနောက်တောက်လုပ်သည့် တင်သိုက်ထွန်း။ အခြေအကဲမလှသည်မို့ ဦးခေတ်ထွန်းက ခေါင်းပန်းနိုင် အား ပရိယာယ်ဖြင့် ပွဲရပ်နိုင်းလိုက်မှသာ ဒိုင်ခမျာ သက်သာရာရ သွားပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



သည့်ဝိုင်းက လေးကောင်ဂျင်ဝိုင်း။

ဒိုင်လုပ်သူက မြို့မှကူးလာသည့် ပေါက်ဖော်ထောင်ကဲ။ ဝိုင်း၏အနေအထားကို ကြည့်ရသည်က ထိုးသားတွေ မြူကာပြာကာကျ၍ ဒိုင်လုပ်သူ ပန်းပန်ရနေသည့် အနေအထား။ သည့်ဝိုင်းကို အကဲခတ်နေသည့် စုံတွဲတစ်တွဲရှိ၏။

ဘကြီးစိန်လင်းနှင့် မပိုးတီတို့ ဇနီးမောင်နှံစုံတွဲ။

လက်ရှိအနေအထားအရ သူတို့လည်း ဝင်ရောက်ထိုးပုံရ၏။ အတော်လည်း ထိသွားပုံရ၏။ ဘကြီးစိန်လင်းသည် အခြေအနေကို အကဲခတ်နေ၏။

"ပိုးတီလေး မင်းမှာ ငွေဘယ်လောက် ကျန်သေးလဲဟင်"

"ဘယ်ကျန်တော့မှာလဲ ဘကြီးစိန်ရယ်။ ပိုးတီထည့်လာတဲ့ ငွေသုံးရာလည်း ဘာမှမစားရမသောက်ရနဲ့ ဒီဝိုင်းဝင်ပြီးအထိုးကောင်းလို့ တက်တက်ပြောင်ပြီမဟုတ်လား"

"အေး ဟုတ်သဟ၊ ကုန်သွားတာတွေအတွက် 'သဗ္ဗေသတ္တာ ကမ္မဿကာ' လို့ သဘောထားလိုက်၊ ပိုးတီပန်ထားတဲ့ စိန်ခြယ်နားကပ်ကို ချွတ်လိုက်ကွယ်"

"အို ဘယ်လိုပြောလိုက်တာလဲ ဘကြီးစိန်ရယ်။ ငါ့မယားလေး လူရှိသေရှင်ရှိသေ ဖြစ်အောင်ဆိုပြီး ဘကြီးစိန်ပဲ ဝယ်ပေးပြီး တယုတယ ပန်ပေးခဲ့တာလေ။ ဘာလဲ ပိုးတီအပေါ် အချစ်တွေပြယ်သွားပြီလား"

"မဟုတ်ကဟုတ်ကကွယ်။ ပိုးတီမသိပါဘူး။ ယောက်ျားမသေမှန်းသိနေမှ မြင်းဝယ်မစီးရင် လူမိုက်ကွယ့်။ ကဲ ချွတ်ကွယ်မြန်မြန်ချွတ်။ ဘေးလူ တွေကြားရင် တစ်မျိုးထင်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှလည်း လုပ်ပါ ဘကြီးစိန်ရယ်။ စောစောတုန်းကလည်း အပိုင်ဆိုပြီး 'ကိုင်' ထည့်လိုက်တာ။ အုပ်ဆောင်းလည်းဖွင့်ရော 'ဝိုင်' ရတဲ့ကိန်း ရောက်ရောမဟုတ်လား။ သူတို့က လက်လှည့်ရော မျက်လှည့်ပါဖျဲတွေ။ အနယ်နယ် အရပ်ရပ် ဒါနဲ့ပဲစီးပွားရှာနေတဲ့ ကစားသမားတွေ"

"ဒီတစ်ခါတော့ ကျိန်းသေပါတယ်ကွယ်။ ကိုင်း ဒီမှာ ဘကြီးစိန် ရှင်းရှင်းပြောမယ်။ မင်း လက်ကောက် မဝတ်ချင်ဘူးလား ပိုးတီ"

'လက်ကောက်'ဆိုသည့်စကားက ပိုးတီ၏ နှလုံးသားကို ထိသွားစေခဲ့၏။ မိန်းမသားတစ်ယောက်အတွက် လက်ဝတ်ရတနာဟူသည် သည်းခြေခိုက်သည့် ပစ္စည်းမဟုတ်ပါကလား။ သည်စကားလုံးနှင့်ပင် ပိုးတီမှာ အထွန့်ထပ်မတက်နိုင်တော့ဘဲ ၎င်း၏နားနှစ်ဖက်၌ ပန်ထားသော နားကပ်ကို ချွတ်ပေးလိုက်လေ၏။

ဘကြီးစိန်လင်းသည် နားကပ်ကိုရလျှင်ရချင်း ဒိုင်လုပ်သူ ထောင်ကဲကြီးထံ ခပ်တည်တည် သွားကာ လက်ဖြန့်ပြလိုက်သည်။

"ဟေ့ ထောင်ကဲ၊ ဒီ စိန်ခြယ်နားကပ်ကို ငါးရာ သတ်မှတ်ပြီး ထိုးမယ်။ ရှုံးရင် မနက်အစောကြီးလာ ရွေးမယ် လက်ခံမလား"

ထောင်ကဲကြီးက ချက်ချင်း မဖြေသေး။ ဘကြီးစိန်လင်းထံမှ နားကပ်ကိုယူကာ သေသေချာချာကြည့်၏။ ရွှေအကြောင်း၊ လက်ဝတ်ရတနာအကြောင်း နှော့ကျေနေအောင် သိထားသူ ဆိုတော့

"အေး ရလယ် ရလယ်။ နိုင်ရှုံးလို့ နက်ဖန် လာမရွေးရိုး မိတတ်နိုင်ဖူးနော်။ ဆုံးပီလာမှတ်လော့"

"ကိစ္စမရှိဘူး အဆုံးခံမယ်"

"ရလယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို အဲဒီငါးရာစလုံးကို တစ်ကွက်ထဲအောမယ်ကွာ''

ပြောပြောဆိုဆိုနှင့် 'ငါးရှဉ့်အကွက်'ထဲသို့ နားကပ်တစ်ရံကို ထိုးချလိုက်၏။ ကျန်ထိုးသားများလည်း ဘကြီးစိန်လင်း၏ နိုင်မာသောသတ္တိကို ယုံကြည်ကိုးစားသဖြင့် ဘယ်အကွက်ကိုမှမထိုးတော့ဘဲ 'ငါးရှဉ့်အကွက်'ထဲသို့ ငါးကျပ်၊ တစ်ဆယ်၊ နှစ်ဆယ် စသဖြင့် ဝိုင်းထိုးကြလေ၏။ သည့်အတွက် ငါးရှဉ့်ရုပ်ကလေးမှာ ငွေစက္ကူပုံအောက်၌ တွယ်ပျောက်သွားတော့သည်။

ဒိုင်လုပ်သူသည် ဒူးတန့်န့်။

နှံ့ပေမပေါ့။ စောစောကအလှည့်များ၌ ငါးရှဉ့်ချည်း လေးလှည့်တိတိ ကျထားသည်ဆိုတော့ အခြားသုံးကောင်၌ ထိုးထားသောငွေများကို လေးလှည့်တိတိ စားလိုက်ရသည်မဟုတ်လား။ သည်တော့ အပျော်ကြီးပျော်ကာ တစ်စုံတစ်ခုကို မေ့လျော့သလိုဖြစ်သွားလေ၏။ ဂျင်အပေါ်၌ အုပ်ဆောင်းကို မှောက်ထား၏။

''ထိုးကယ ထိုးကယ ထိုးကယ်မှ အကာရိုး ရှိမယ်၊ ရုပ်ကယ်လို့ အီမြတ်မရှိဘူး''

ထောင်ကဲပေါက်ဖော်က မပီကလာပီကလာနှင့် ၎င်း၏ အိတ်ကြီးဖောင်းဖို့အရေး မထိုးချင်ထိုးချင်အောင် စိတ်ကို ဆွပေးနေလေသည်။

''သွေးကယောင်ရင် ဘေးရှောင် သွေးနည်းရင် ဘေးရဲ့ အသည်းကောင်းမှ ပွဲတောင်း ပွဲတောင်း''

ပေါက်ဖော် ဖြစ်နေပေလို့ ဗမာသာဆိုလျှင် ကဗျာတောင် ရေးဦးမည်လားမသိ။ စာသံပေသံ နဘေဟန်တွေနှင့်။

''ကိုင်း တော်ပီလား တော်ပီလား။ လက်ရှောင် ပေါက်ကောက်ဖွင့်မယ်။ လာစမ်းဟေ့ ဘာကောင်လီးလဲလို့



www.burmeseclassic.com

www.burmeseclassic.com



ဟိုက်ရော့"

အုပ်ထားသော အဆောင်းကို ဖွင့်လိုက်သည်။

"ဟေး"

ထိုးသားတွေအားလုံး ခုန်ပေါက်မြူးတူး သွားကြသည်။ ဝမ်းသာအားရ ဖြစ်သွားကြသည်။ မဖြစ်ဘဲကော နေပါမည်လား။ ပန်းကန်ပြားပေါ်မှာ ငါးရှဥ့်ကလေးသည် အထင်အရှား တစ်ပိုင်းလုံး မြူးနေကြ၏။ ပေါက်ဖော်ကြီးအဖို့ ငါးရှဥ့်ထိုးသားများအပေါ် အဆ များစွာ လျော့လိုက်ရသည့်အတွက် ဖြူကာပြာကာကျလျက် မျက်နှာ ကြီးတစ်ခုလုံး နီရဲသွားလေတော့၏။ စိတ်ကိုလည်း မထိန်းချုပ်နိုင်၍ထင့်။ ငါးရှဥ့်ရုပ်ကျသော ဂျင်ကလေးအားကောက်ကာ

"ကန့်နီနာ၀ နိမေရိုးလဲ့ ငီရှဥ့်။ နင် ဘာ ကောင်းလဲ အကုလိုကောင် ငီရှဥ့် စွား စွား နို့ရုပ်ကို ငါ မကယိ ချင်တော့ဘူး"

ပြောပြောဆိုဆိုဖြင့် မြေကြီးပေါ် ကောက်ပေါက်လိုက်ရာ လေးကောင်ဂျင်ကလေးမှာ တလိမ့်လိမ့်နှင့် ရပ်သွားလေ၏။ ပေါက်ဖော်ကြီး အပါအဝင် ထိုးသားအားလုံးသည် ရပ်တန့်သွားသော ဂျင်ကလေးကို ကြည့်လိုက်ရင်း

"ဟာ ငါးရှဥ့်ပဲ ကျသဟ"

ပေါက်ဖော်ကြီး ပို၍ဒေါသီးသွား၏။

"စေချင်းစိုး ငီရှဥ့် ခုလက်လိ ငါ့ကို ဒုက္ခ စုက္ခပေး နေဖုန်းပဲ။ ကဲ စေစမ်း စေစမ်း စီပိုင်းလန်ကျော်က်"

ပြောပြောဆိုဆိုနှင့် ဒေါသကို မထိန်းချုပ်နိုင်ဘဲ ဖနောင့်နှင့် ပေါက်ပါလေတော့သတည်း။ ထိုးသားတွေအားလုံးလည်း အငြိုးကြီး ရှုံးနေရာမှ အရင်းသာမက အမြတ်ပါရလေသည့်အတွက် စားသောက် ဆိုင်တန်း၌ တစ်ခုခုစားသောက်ပြီး 'မြောက်ဒဂုံ မြမြှင့်'အငြိမ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရန် နေရာမှ ထွက်ခဲ့ကြလေ၏။

"အံ့ပါရဲ့ ဘကြီးစိန်ရယ်။ ငါးရှဉ့်ပဲ လေးလှည့်တိတိ ကျထားတာ ဒီတစ်ခါ ငါးရှဉ့်ပေါ်မယ်ဆိုတာ အင်မတန်မှ ဖြစ်နိုင်ခြေဝေးပါသေးရဲ့။ ခုတော့ ငါးရှဉ့်ပဲ ပြန်ကျတယ်"

"အဟား ဟား။ အဲဒါ ပိုးတီတို့က တခြားအာရုံရောက်နေလို့ဗျ။ အမှန်မတော့ အလှည့်သမားက လှည့်ရမှာမေ့ပြီး အဲဒီကျထားတဲ့ ငါးရှဉ့်ရုပ်အတိုင်း အုပ်ဆောင်းကို ပြန်အုပ်လို့ ထိုးသားတွေထိုးဖို့ စိန်ခေါ်နေတော့ ဘကြီးစိန်လည်း အပိုင်ပဲဆိုပြီး ပိုးတီရဲ့ နားကပ်နဲ့ ရင်းလိုက်ရတာလေ ဟဲ ဟဲ။ နောက်နေ့ကျ ပိုးတီ လက်ကောက်တစ်ဖက် ဝတ်ရပါပြီကွာ"

"အဲဒါကြောင့် သွားကလေးတွေ ငုတ်စိငုတ်စိနဲ့ ဘကြီးစိန်ကို ချစ်ရတာ"

"အဟီး"

ချစ်ကြင်မဝသော ဖနီးမောင်နှံတို့မှာ ပျော်တပြုံးပြုံး။

အငြိမ့်စင်မှာတော့ မောင်တက်တို့၊ ဒွန်မှူးတို့၊ ညွှန့်တင်ကျော်တို့၊ လူကန့်လန့်တို့၏ ပြက်လုံးတွေကြောင့် ပရိသတ်မှာ တအုံးအုံး။



www.burmeseclassic.com

www.burmeseclassic.com

.... ဒါတောင်မှ

တစ်မြန်နေ့က

သူ့ဆီရောက်လာသည့် ထုံကြီးက

ပေါက်ကျော်အား

မဟုတ်မဟပ် လုပ်ပြသွားခဲ့သေးသည်။

ထုံကြီးလုပ်သမျှကို ပေါက်ကျော်က

သူ့အား ....

သင်ပြပေးသည်ဟု မှတ်ယူကာ

စေ့စေ့စပ်စပ် ကြည့်သည်။

သေသေချာချာ မှတ်သားသည်။


www.burmeseclassic.com

www.burmeseclassic.com



# …တော
# …တွင်း

တိရစ္ဆာန်တွေ ရှိကြသည့်အနက် လူနှင့်အနီးစပ်ဆုံး သတ္တဝါကို ပြောပါဆိုလျှင် 'မျောက်'ဟု ပြောကြပါလိမ့်မည်။

မှန်ပေစွ။

မျောက်သည် လူနှင့် အလွန်မတန် နီးစပ်၏။ အနောက်တိုင်း မနုဿဗေဒပညာရှင်ကြီး ချားလ်ဒါဝင်ကပင် 'လူဆိုသည်မှာ မျောက်ကဆင်းသက်လာကြောင်း' ဆိုမိန့်ဖူး၏။ ဟုတ်မဟုတ်တော့ မသေချာ။ သို့ရာတွင် အတုမြင်အတတ်သင်ရာ၌ မျောက်လောက် ဘယ်တိရစ္ဆာန်၊ သတ္တဝါမှ အစွမ်းမထက်ဟုဆိုလျှင် ငြင်းဆန်ကြလေမည်လားမသိ။

ငပိန်၏အိမ်ရှေ့၌ ကလေးများ ဝိုင်းနေကြသည်။

www.burmeseclassic.com



ပြီးတော့လည်း လက်ခုပ်လက်ဝါးတီး၍ တဟားဟား တယ်
ဟီး ဖြစ်နေကြပါသေး။

အကြောင်းကတော့ ဘယ်လိုမျိုး စူးရောက်သည်မသိ။

တောထဲသို့ ဝါးသွားခုတ်ရင်း လွှဲဆွဲသမားများထံမှ မျော
တစ်ကောင်ကို ငွေတစ်ရာပေး၍ ဝယ်လာခဲ့ပါသတဲ့။ မျောက်လည်း
မျောက်ပီပီ အငြိမ်မတန်မှ မျက်စိနောက်လောက်အောင် ဆော့လွန်း
ကမြင်းလွန်းသည်။ သည်တော့ ခါးတွင်ကြိုးပတ်ကာ သစ်ပင်ပေါ်
တင်ထားပေးလိုက်ရသည်။

ငှက်ပျောသီးလည်းကြိုက်၊ ပဲကြီးလှော်လည်းဝါး၊ ပြောင်းဖူး
လည်းစား၊ ကြံလည်းစုတ်၊ သဖန်းသီးလည်းကိုက်။

တွေ့ကရာမြင်ကရာ စားနိုင်သလို တစ်စက်ကလေးမှလည်း
အငြိမ်မနေ။ ခုန်လိုက်၊ ပေါက်လိုက်၊ သစ်ပင်ပေါ် ပြေးတက်လိုက်၊
သစ်ပင်အောက် ဖောက်ထိုးဆင်းလိုက်နှင့်။ လူကြီးသူမတွေအဖို့
မျက်စိနောက်စရာကောင်းသော်လည်း ကလေးသူငယ်တို့အဖို့တော့
တကယ့်ကို စိတ်အပန်းပြေစရာကြီး ဖြစ်နေသည်။

မောင်ပိန် မျောက်ဝယ်လာသည်ကိုကြားတော့ ကျေးရွာ
ဥက္ကဋ္ဌကြီး ဦးခေတ်ထွန်းက ဆူသည်။

"မောင်ပိန့်နှယ်ကွာ ဝယ်မွေးစရာ သတ္တဝါရှားလို့။ နွားမ
ဝယ်မွေးရင် နွားနို့ရမယ်၊ ကြက်မွေးရင် ဥစားရမယ်၊ အသား
စားရမယ်။ ဝက်မွေးလည်း အသားရသေး။ မင်းမျောက်က
ဘယ်နေရာမှာ အသုံးကျမလဲ။ နောက်ပြီး ဒီကောင်တွေက
အတုမြင်အတတ်သင်တဲ့ တိရစ္ဆာန်ကွ။ တစ်ခါက ငါ့
အဘိုးလေးတို့ရွာမှာ မျောက်အမွေးတော်လို့ တစ်ရွာလုံးပြောင
သွားပါပေါ့လား"

ဦးခေတ်ထွန်းက စကားပြောကောင်းသည်။ ပြောလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်လွှတ်စပယ် ဘယ်တော့မှ မပြော။ အကျိုးသင့်အကြောင်းသင့် ပြောတတ်သည်။

"ဘယ်လိုမျိုးကြောင့် ပြာကျတာလဲ ပြောပါဦး ဘကြီးရာ"

"ဘယ်လိုလဲ ဆိုတော့ကွာ။ ငါ့အဘိုးလေးနေတဲ့ အိမ်ကို ဧည့်သည်တစ်ယောက် လာလည်တယ်။ ဧည့် သည်ဆိုတော့ လည်း အိမ်ရှင်ထုံးစံအရ ကွမ်း၊ ဆေး၊ လက်ဖက် ဧည့်ဝတ်ပြု ရတာပေါ့။ ငါ့အဘိုးလေးက မင်းလိုပဲ တိရစ္ဆာန်ကိုချစ်တော့ မျောက်တစ်ကောင် မွေးထားတယ်။ မျောက်က အိမ်သား တွေအားလုံးနဲ့ ယဉ်နေတော့ ကြိုးတောင်မှ မချည်ဘဲလွှတ် ထားတယ်။ ဧည့်သည်ရောက်နေတဲ့အချိန် ထုပ်တန်းပေါ် ထိုင်ပြီး ဧည့်သည်လုပ်တာကိုင်တာ မှန်သမျှကို သေသေ ချာချာ ကြည့်နေတယ်။ ဧည့်သည်က ဆေးလိပ်မီးညှိရင် ရှိုးရိုးမညှိဘူး။ စက္ကူစတစ်စ ဖြဲဆုတ်ပြီး စက္ကူစကို မီးရှို့၊ ပြီးတော့မှ ဆေးလိပ်ခေါင်းနဲ့တို့ပြီး ဖွာတာကလား။ အဲဒါကို ကိုရွှေမျောက်က အသေအချာမှတ်ထားသဗျား။ ဧည့်သည် ပြန်တော့ အိမ်သားတွေက ခြံဝအထိ လိုက်ပို့တာပေါ့။ အဲဒီမှာတင် ကိုရွှေမျောက်က ဘာလုပ်တယ်မှတ်လဲ။ ထုပ် တန်းပေါ်ကဆင်းပြီး ဆေးလိပ်ခွက်ထဲက ဆေးပေါ့လိပ် တစ်တိုကို ပါးစပ်မှာခဲ၊ စက္ကူစနဲ့ မီးခြစ်ကိုယူပြီး အိမ်ခေါင် မိုးပေါ်တက်သွားတယ်။ ရွာဆိုတော့ အိမ်တိုင်းလိုလို သက် ငယ်တွေ မိုးထားတာကလား။ အမိုးပေါ်ရောက်ရင်ပဲ အိမ်ခေါင်ပေါ် အကျအန ခွထိုင်ပြီးတော့ မီးခြစ်ခြစ်၊ စက္ကူ ကိုရှို့၊ ပြီးတော့ ဆေးလိပ်ခေါင်း တော့ပြီးဖွာတော့တာပဲ။ မီးလောင်နေတဲ့စက္ကူစကို သက်ငယ်ပေါ်ချတဲ့အခါ ဘာပြော

www.burmeseclassic.com



ကောင်းမလဲ။ ရှိုတ် ရှိုတ် ရှိုတ် ရှိုတ်နဲ့ အိမ်ခေါင်မိုးကို မီးတွေ စွဲတော့တာပဲ။ ဒီတော့ ကိုရွှေမျောက်လည်း ကြောက်အားလန့်အားနဲ့ ဆင်းပြေးပြီး ဘယ်သူမှ သတိမထားမိခင် တခြားအိမ်ခေါင်မိုးပေါ်တက်ပြီး စောစောကအတိုင်းလုပ်ပြန်တယ်။ လောင်ပြန်တာပဲ။ တစ်အိမ်ပြီးတစ်အိမ် ရွာသူရွာသားတွေခမျာ ရေပုံးကိုယ်စီနဲ့ မနေမနားလိုက်ငြိမ်းပေမဲ့ မနိုင်တော့ တစ်ရွာလုံး မီးဘေးဒုက္ခရောက်ခဲ့ရတယ်။ ဒီတော့ မမွေးစေချင်ဘူးကွာ။ တောထဲပြန်ပို့ချင်ပို့၊ ဒါမှမဟုတ် ဆရာလေးကိုလှအောင် ရန်ကုန်သွားတဲ့အခါ ထည့်ပေးလိုက်ချေ။ 'တိရစ္ဆာန်ဥယျာဉ် လှူလိုက်ပေါ့''

''ဟုတ်ကဲ့ ဘကြီး''

ဦးခေတ်ထွန်းက လူကြီးသူကြီးပီပီ ဆုံးမသွန်သင်စရာရှိသည်တို့အား ဆုံးမသွန်သင်ပြီးနောက် အရှေ့ပိုင်းသို့ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ပြော မည် သာ

ပြောရသည်။

'ပေါက်ကျော်'ဟု အမည်ပေးထားသော မျောက်ကလေး အပေါ် ငပိန် သံယောဇဉ် တွယ်နေမိပါပြီ။ ပေါက်ကျော်ကလည်း ငပိန့်အား အရှင်သခင်ဟု မှတ်ယူကာ ငပိန်နှင့် နီးနီးကပ်ကပ် နေသည်။ ငပိန်သင်ပေးသမျှ လိုက်လုပ်တတ်သည်။ အသင် ကောင်း၍လည်း အုန်းပင်တက်သောကိစ္စများကို ငပိန်မလုပ်ရတော့။ ပေါက်ကျော်ကပင် ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်ပေးသွားသည်။ ယုတ်စွအဆုံး ရွာထဲ၌ အုန်းပင်တက်ဖို့ကိစ္စ၊ သရက် သီး၊ မရမ်းသီး ချူးဖို့ကိစ္စများဆိုလျှင် အခကြေးငွေယူ၍ ငပိန်က ပေါက်ကျော်အား ဆောင်ရွက်စေသည်။ ရလာသော အခကြေးငွေဟူသည် ပေါက်ကျော် အတွက် လိုအပ်သောအာဟာရများ လုံလောက်စွာ ဖြည့်ဆည်းပေး နိုင်မည် မဟုတ်လား။

တစ်ခုတော့ သတိထားရသည်။

ဒါက ဘကြီးဦးခေတ်ထွန်း သတိပေးသည့်အတိုင်း ပတ် ဝန်းကျင် ဘေးဒုက္ခရောက်စေမည့် အတုမြင် အတတ်သင် ကိစ္စများ မဖြစ်မိစေဖို့ပင်။

ဒါတောင်မှ ဝစ်မြန်နေ့က သူ့ဆီရောက်လာသည့် ထုံကြီး က ပေါက်ကျော်အား မဟုတ်မဟာ လုပ်ပြသွားခဲ့သေးသည်။ ထုံကြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်သမျှကို ပေါက်ကျော်က သူ့အားသင်ပြပေးသည်ဟု မှတ်ယူကာ စေ့စေ့စပ်စပ်ကြည့်သည်။ သေသေချာချာ မှတ်သားသည်။

ထုံကြီးလုပ်ပုံက ဤသို့တည်း။

အိမ်မှာက ဘယ်သူမှ မရှိလေတော့ကာ ပုဆိုးကို ချွတ်ချလိုက်ပြီး ခြေနှစ်ချောင်းကို ကားလိုက်သည်။ ပြီးတော့ ကားထားသော ခြေနှစ်ချောင်းအောက် ခေါင်းလျှိုလိုက်ပြီး အနောက်ဘက်သို့ကြည့်ကာ လျှာထုတ်ပြသည်။ တင်ပါးနှစ်ဖက်ကို 'ဖြန်း ဖြန်း' ဆိုပြီး ပုတ်ပြသည်။

သုံးလေးခါလောက် လုပ်ပြတော့ ပေါက်ကျော် ကောင်းကောင်းကြီး ကျွမ်းသွားသည်။ သခင်ဖြစ်သူ ငပိန့်ကိုပင် လုပ်ပြလိုက်ပါသေး။

"ထုံကြီးရာ ပေါက်ကျော်ကို အတတ်ကောင်းတွေ သင်ပေးလိုက်ပြန်ပါပြီ"

ငပိန် ညည်းရှာတော့သည်။ သို့သော် ဒီလောက်နဲ့တော့ ရပ်ရွာအနှောင့်အယှက် မဖြစ်တန်ဘူးဟူ၍လည်း မှတ်ယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်
မိ
မြိုင် အဖို့ ကိုကြီးထိုက်အပေါ် တစ်ဖက်သတ် ချစ်မိခြင်းသည် မိုက်ရူးရဲဆန်ခြင်းဟုသာ သဘောပေါက်လိုက်ရသည်။

သဘောမပေါက်လို့လည်း မဖြစ်။

ကိုကြီးထိုက်တစ်ယောက် တစ်ဖက်ရွာမှ သူနှင့် သက်တူရွယ်မျှ မိန်းကလေးတစ်ဦးနှင့် နားဖောက်ပြီးစီး၍ ဝါလကင်းလွတ်သီတင်းကျွတ်လျှင် တောင်းရမ်းလက်ထပ်ယူကာ ဆံထုံးနောက်သျှောင်ပါတော့မည် မဟုတ်လား။

"ညည်းကိုက မိုက်တာပါအေ။ ကိုယ့်ကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့တောင် မမှတ်တဲ့သူကိုများ သွားပြီး စိတ်ဝင်စားရတယ်လို့ ဒီမှာ သေသေချာချာမှတ်ထား ခင်မိမြိုင်။ လောကမှာ ကိုယ်က ချစ်ရတာ ပင်ပန်းတယ်အေ့။ ကိုယ်ချစ်ထက် သူချစ်ကိုရှာတာ အကောင်းဆုံး"

တဒင်္ဂခဏငယ်မျှ စိတ်ထိခိုက်ခံစားနေရသော ဇာမလေး ခင်မိမြိုင်ကား အဒေါ်ဖြစ်သူ အပျိုကြီးဒေါ်တင်မိခိုင်က ဆုံးမစကား နှစ်သိမ့်စကားတို့ကို ပြောကြားဖေးကူနေ၏။

"လောကမှာ 'သူကြွင်မှ ကိုယ်ကြွင်' ဆိုတဲ့ စကား အရှိသား။ သူကား ဂျင်းစိမ်းဆိုရင် ကိုယ်က မိသလင်လုပ်ပစ်လိုက်။ တစ်ယောက်သွားရင် နှစ်ယောက်လာလိမ့်မယ်။ ငါ့တူမက အဒေါ့်လိုပဲ ရုပ်ရည်လည်းမဆိုးဘူး။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အပျံစား"

"ဟင် အဒေါ်ကသာ ကျွန်မကိုပြောနေ။ အဒေါ်ကကော ဘာဖြစ်လို့ ခုထိ မစွံသေးတာလဲ"

"ဟဲ့ မစွံတာမဟုတ်ဘူး။ စွံလွန်းလို့ကို ချိတုတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာ။ ငါ့ဘဝမှာ အိမ်ထောင်သားမွေးကိစ္စကြီးကို ရှုံ့လွန့်လွန့်းလို့၊ ကြောက်လွန့်လွန်းလို့ကို တစ်ကိုယ်တည်း အပျိုကြီး လုပ်နေတာဟဲ့"

အမှန်မတော့ 'ရတာမလို၊ လိုတာမရ၍' အပျိုကြီးဖြစ်နေခြင်းသာတည်း။ ဒါကိုပင် မိုးကြိုးပစ်ထန်းလက်နှင့်ကာနေသေးတော့၏။

"အဒေါ်က အရွယ်ကလည်း ဟိုင်းသွားပြီ။ သည့်အတွက် အနာဂတ်မှာ စိတ်အေးရအောင် ဒီနှစ် စပါးပေါ်ပြီးရင် စစ်ကိုင်းချောင်သွားပြီး သီလရှင်အပြီးဝတ်တော့မှာ။ ငါ့တူမက ငယ်သေးတယ်။ ဖူးစာလမ်းကြောင်းလည်း ကောင်းတယ်။ ဒါ့ထက် ကိုကြီးထိုက်ရဲ့ညီ ကြောင်မြီးပူက တူမကို ကြိုက်နေတယ်ဆို"

"ဟုတ်တယ် မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ အတင်းကို ချစ်ရေးဆိုတော့တာပဲ"

"ကောင်လေးက မဆိုးပါဘူး။ ဘုန်းကြီးကျောင်းထွက် ငါးယောက်ထဲမှာ အလုပ်ကို အတော်ဝါယမစိုက်တယ်။ ဟိုအကောင်တွေလို နောက်တီးနောက်တောက်လည်း မဟုတ်ဘူး။ အကဲတော့ ခတ်ပေါ့ကွယ်။ သူက ချစ်နေတာဆိုရင် ရွေးချင်းရွေး 'သူချစ်' ကိုပဲ ရွေးကွယ့်"

"စဉ်းတော့ စဉ်းစားနေတာပါပဲ အဒေါ်ရယ်"

အဒေါ်ဖြစ်သူ သတိပေးမှပင် ခင်မိမြိုင် အာရုံထဲသို့ ကြောင်မြီးပူ၏ ရုပ်လွှာကပေါ်လာသည်။ သူနှင့် မတွေ့လိုက်နှင့်၊ တွေ့လိုက်တိုင်း ကြောင်မြီးပူက သူ့အချစ်တွေကို ထုတ်ပြောတတ်သည်။ ထိုအခါများ၌ ခင်မိမြိုင်အဖို့ သူ၌ ချစ်သူရှိနေပြီဖြစ်ကြောင်း မှသားသုံးရသည်။

"လူတိုင်း လူတိုင်းမှာ ရည်မှန်းသူ ရှိကြတာပါပဲဟာ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



အတည်မှ မဖြစ်ကြသေးတာပဲ။ ငါ့မှာတော့နင့်စိတ်နဲ့ အိပ်မပျော် စားမဝင်ပါဘူး ခင်မိမြိုင်ရယ်''

''ဒီလောက်တောင်ပဲလား ကြောင်မြီးမှူ''

''ဒါ့ထက်တောင် ပိုပါလိမ့်ဦးမယ်ဟာ။ နင်နဲ့မှ မရဘူးဆိုရင်လေ''

ကြောင်မြီးမှူက စကားကို တွံ့ခနဲ ရပ်လိုက်သည်။ ရပ်လိုက်သည်ဆိုမှ ပို၍သိချင်နေသည့်က မိန်းမသားတို့သဘာဝ မဟုတ်ပါကလား။

''ပြောလေ ငါနဲ့မှမရရင် နင်ဘာလုပ်မှာလဲ ကြောင်မြီးမှူ''

''နင်နဲ့မှ မရရင်လေ ဟောဟိုမှာတွေ့လား''

လက်ညှိုးညွှန်ပြရာကို ကြည့်လိုက်တော့ ရာဝင်စဉ်အိုးကြီးတစ်လုံး။

''တွေ့တယ်လေ ရာဝင်စဉ်အိုးကြီး''

''အေး အဲဒီထဲကို ခေါင်းစိုက်ပြီး ရေအမွှမ်းခံလို့ သေပစ်လိုက်တော့မယ်''

ဘာရယ်မဟုတ်။

ကိုယ့်အပေါ် တန်ဖိုးထားကာ မဟုတ်ကဟုတ်က ပြောဆိုလေသည့်တိုင် ရင်ထဲမှာတော့ ကြည်နူးရပါကလား။

''အဲဒီတော့ ငါ့ကိုချစ်တယ်မချစ်ဘူးဆိုတာ အဖြေပေးဟာ''

''အို ချက်ချင်းကြီးပဲ။ မပေးနိုင်ပါဘူး''

''ဒါဖြင့် ဘယ်နေ့ပေးမလဲ''

''မနက်ဖြန် စာနဲ့ပေးလိုက်မယ်''

''ကောင်းပြီ ငါမျှော်လင့်သလို ဖြစ်လာပါစေလို့ ဆုတောင်းပါတယ် ခင်မိမြိုင်ရယ်''

မိုးမြင့်ထား စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်စောင့်စားရသော မနက်ဖြန်ဆိုသည့် ဒီနေ့သို့ ရောက်ခဲ့ပြီး ခင်မိမြိုင်ကား သူ့မောင်လေး ကိုကိုဇော်အား မုန့်ဖိုး တစ်ကျပ်ပေးလျက် ကြောင်မြီးပူထံ စာကလေးပေးလိုက်သည်။

"ကြောင်မြီးပူ

နင့်ကို ငါ လုံးဝ မချစ်ဘူး။

ငါ့မှာချစ်သူရှိနေတယ်လို့ ပြောထားတယ်မဟုတ်လား။

အဲဒီ ငါ့ချစ်သူနဲ့မဲ ယူမှာ။

နင့်ကိုမချစ်တဲ့

ခင်မိမြိုင်"

သူ့မောင်လေးကိုကိုဇော် စာကလေးကိုင်ပြီး ထွက်သွားတော့ အခြေအနေကို အကဲခတ်ရန် ပုဏ္ဏရိက်ပင်များအကွယ်၌ ခေါင်းကလေးပုကာ ဝပ်နေလိုက်တော့၏။ ကိုကိုဇော်လည်း သူ့တာဝန်ပြီးဆုံးပြီဖြစ်၍ မုန့်ဝယ်စားရန် ကဆုန်ပေါက် ထွက်ပြေးသွားလေတော့၏။

ကြောင်မြီးပူအဖို့ ခင်မိမြိုင်ထံမှ ရလာသော အဖြေကြောင့် ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ကြောင်အမ်းအမ်းကြီး ဖြစ်နေသည်။

"ရက်စက်လိုက်တာ ခင်မိမြိုင်ရယ်၊ ငါကတော့ ချစ်လိုက်ရတာ။ ငါ့ဘဝမှာ တစ်ခါမျှပေါ်မလာခဲ့တဲ့ အချစ်ညှော့ အချစ်ဖူးကလေးတွေဟာ နင်နဲ့တွေ့မှ ပေါ်လာရတာ။

အိမ်မှာက ဘယ်သူမှမရှိ။ တစ်အိမ်သားလုံး တခြားရွာ



www.burmeseclassic.com

www.burmeseclassic.com



သွမ်းကျွေးရှိ၍ မနေ့ညနေကတည်းကပင် ထွက်သွားကြသည်။ သည်တော့ သည်ရွှေ့သည်မျှထိ နေမြင့်အောင် အိပ်နေခဲ့ခြင်း ဖြစ်သည်။

"တောက် ငါ ဘာလုပ်ရမလဲ ဘာလုပ်ရမလဲ။ လော လောလတ်လတ်မှာ ငါဟာ အချစ်ရှုံးသမားတစ်ယောက် ဖြစ်နေပြီ။ ခင်မိမြိုင်က သူချစ်သူနဲ့ယူမှာတဲ့။ ရှက်စရာ ကောင်းလိုက်တာ။ အင်း မြို့တက်ပြီး ကိုယ်ယောင်ဖျောက် ရင် ကောင်းမယ်။ အဲ လောလောဆယ် မျက်နှာတောင် မသစ်ရသေးဘူး။ မျက်နှာသစ်လိုက်ဦးမှပဲ။ ခင်မိမြိုင်ရေ နင်က မချစ်နိုင်ဘူးဆိုမှတော့ နင်ရှိတဲ့ဒေသမှာ မျက်နှာပြောင် တိုက်ပြီး မနေတော့ဘူးဟေ့"

သည်သို့ စိတ်ထဲက ကြုံးဝါးပြီး မျက်နှာသစ်ရန် အိမ်ရှေ့ သို့ ထွက်လိုက်၏။ သူထွက်လာသည်ကို ပုလ္လင်ရိက်ချုံမှ ချောင်းကြည့် နေသော ခင်မိမြိုင်အဖို့ သဲသဲကွဲကွဲ မြင်ရပါသည်။ ကြောင်မြီးပူ တစ်ယောက် ဘာတွေလုပ်မည်ကို ခင်မိမြိုင်သည် မျက်တောင်မခတ် စတမ်း ငေးကြည့်နေမိ၏။

ကြောင်မြီးပူလည်း မျက်နှာသစ်ရန် စဉ့်အိုးထဲရှိ ရေဖလားကို လှမ်းလိုက်၏။ ဤတွင် မမျှော်လင့်ဘဲ ကြိုးပတ်မထားသော လက်စွပ် က လျှောခနဲဆိုသလို စဉ့်အိုးထဲသို့ ကျသွားလေသည်။

သေသေချာချာကြည့်တော့ ရေကြည်ကြည်ကို ထွင်းဖောက် လျက် အိုး၏ အောက်ခြေ၌ လက်စွပ်ကလေးကို မြင်ရ၏။ ကလော် ယူဖို့အတွက် ပတ်ဝန်းကျင်ကို ကြည့်တော့ တုတ်လည်းမရှိ ဓနီးလည်း မမြင်။

"ဟာ မထူးပါဘူး။ ဖြစ်ချင်ရာဖြစ်။ ကုန်းပြီးတော့ နှိုက် ယူရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရာဝင်အိုးက ရင်ခေါင်းမဆ စောက်ကနက်သည်။

ဖစ္စည်းဇောဖြင့် ကမန်းကတန်း လှမ်းငုံကောက်တော့ အရှိန်လွန်ကာ စဥ့်အိုးထဲ ခေါင်းနှင့်ကိုယ်လုံးဝင်ပြီး ဇောက်ထိုးကြီးဖြစ်တော့သည်။ ခြေနှစ်ဖက်က အိုးအပြင်ဘက်မှာ ကားလျား ကားလျား။

"အား ဝူး ဝူး"

ရုတ်တရက် ပြန်ထွက်လို့မရ။

ရေတွေက နှာခေါင်းထဲ ဝင်လာသည်။ နားတွေလည်း အူလာသည်။ အိုးကိုလှိမ့်ချဖို့ ကြိုးစားတော့လည်း ရေတွေသည် လောက်များနေသည်မို့ မလဲ။ အိုးကို ခွဲရလောက်အောင်လည်း ကရာတေးပညာက မတတ်။ သူ ရေတိမ်နစ်ရပါတော့မည်။

သည်ခဏ မဏိမေခလာ ရောက်လာသည်လားမသိ။

တစ်စုံတစ်ယောက်က သူ့ခြေအစုံကို ဆွဲထုတ်လိုက်သည်။

"အား ဝူး ဝူး ဖလူး ဝေါ့ ဟောဟဲ ဟောဟဲ ဟဲ"

မျက်လုံးတွေ ကျိန်းစပ်နေရင်းမှ ကယ်တင်ရှင်ကို ကြည့်လိုက်သည်။

"ဟင် ခင်မိမြိုင်"

"ဟုတ်ပါတယ် ကြောင်မြီးပူရယ်။ ငါလေ နင် ငါ့ကို တကယ်ချစ်မချစ် စိတ်စမ်းမိတာပါဟာ။ နင် ဒီလောက်ထိ ငါ့အပေါ်ချစ်မှန်း မသိဘူး။ ငါ့ကို စိတ် မဆိုးပါနဲ့ဟယ်၊ ငါ့မှာ ဘယ်ချစ်သူမှ မရှိပါဘူး။ နင် ငါ့အပေါ် သက်သေသက္ကာရပြီး ချစ်တယ်ဆိုမှတော့ ငါကလည်း နင့်ကို ငြင်းစရာမရှိတော့ပါဘူး ကြောင်မြီးပူရယ်"

သို့ဖြင့် ကြောင်မြီးပူတစ်ယောက် 'မရွှယ်ဘဲ စော်ကဲ' ကြိုကိန်းနှင့် ကြုံရပါလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



အကျိုးဆောင်ပေးမှုဖြင့် ကြောင်မြီးမှုနှင့် ခင်မိမြိုင်တို့၊ ငပိန်တို့၏ ဇပါးကျိုးထဲမှာ ချိန်းတွေ့ကြသည်။

ငပိန်ကာ သည်လိုမျိုး ပါရမီဖြည့်ရသည့်ကို လွန်စွာမှပါသနာပါသည်။ စေတနာထားသည်။ သူ့ သူငယ်ချင်း ကြောင်မြီးမှုတို့ ချစ်သူမောင်နှံနှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောဆိုရင်း စားသောက်ရန် ချိုချိုချဉ်ချဉ်တွေကို စီစဉ်ပေးထားချေ၏။ အံမယ် မဆီလေးရယ်တဲ့အိုမဆိုင်။ ကြောင်မြီးမှုအတွက် ဆေးကြက်ဥလေးတွေပင် ပါလိုက်သေး။

"မောင်ကောင်ကြီး ကြောင်မြီးမှု။ လွတ်လွတ်လပ်လပ် သာနေကြ။ ဘာအကန့်မှမရှိဘူး။ ငါ အိမ်ရှေ့မှာ ထင်းတွေ ပေါက်စရာရှိလို့ အလုပ်လုပ်ဦးမယ်။ ငါ့ကျောင်း ပေါက်ကျော်တော့ ရောက်ချင်ရောက်လာမှာ။ ကိစ္စမရှိပါဘူး။ ဒီကျောင်းက လူတွေနဲ့ အင်မတန်ယဉ်နေတဲ့ဟာ။ ခင်မိမြိုင် မကြောက်နဲ့နော်။ ကြောက်ချင်းကြောက် ကြောင်မြီးမှုကိုသာ ကြောက်"

"မှတ်ထွေ့မှ မာကျော်တယ်"

"ဟာကွာ ငမိန်ကလေးညီး ချွန်ရှောမယ်"

ငပိန်က တဟားဟားနှင့် နောက်ဖြောင်ရင်း ထင်းတွေခွဲဖို့ ထွက်သွားသည်။ စမ်းရေတွေကို ရောင်းထုတ်လိုက်ပြီးမြှို့ နေရာ ထိုင်ခင်းသည့်ကို ဝါချိပ်ရာမယ်ဝန်းဝန်း။

"ဟဲ့ ကြောင်မြီးမှု ဒါက ဘာလဲဆိုတာလဲ"

"ဘာလဲမသိ ငါ ဘာမှ မရှုပ်ရသေးပါဘူး"

[illegible]

www.burmeseclassic.com



"အောင်မာ မသိရင်ခက်မယ်နော်။ သင်ဖြူးဖျာခင်းပြီး ခေါင်းဦးတွေ ချထားလို့"

"ဟာ အဲဒါ ငပိန်ညဘက် ဒီမှာ အိပ်လို့ပါဟာ။ ငါ့ကို တစ်မျိုးမထင်ပါနဲ့"

"ဒါပဲနော် နင့်ကိုချစ်လို့၊ ယုံလည်းယုံကြည်လို့၊ စကားတွေ လွတ်လွတ်လပ်လပ်ပြောချင်လို့ ဆိတ်ကွယ်ရာ လိုက်လာတာ။ တစ်မျိုးထင်ပြီး ကိုယ်ထိလက်ထိ လုပ်လာရင် အပြတ်ပဲနော်"

"အေးပါဟာ ငါကလည်း နင်နဲ့ မင်္ဂလာဆောင် မပြီးမချင်း ဘာညာသာရကာ မရှိပါဘူး ယုံစမ်းပါ"

"ဒါဆိုပြီးရော ဟော ဘာသံပါလိမ့်"

စကားတွေပြောနေကြရင်းမှ 'ဝရုန်း' ဆိုသောအသံကြားရ၍ တိတ်သွားကြသည်။ လားလား သူတို့ထဲ မျက်လုံးလေးပေကလပ်ပေကလပ်နှင့် လေးဘက်လှမ်းလာနေသော မျောက်ကလေးအလည်ပေါက်ကျော်ပါကလား။

"ဟော့ကောင် ရော့ စား စား"

"ဒွီး"

ကြောင်မြီးမှုက ပန်းကန်ပြားထဲမှ ငှက်ပျောသီးတစ်လုံးကို ပစ်ပေးလိုက်သည်။ ပေါက်ကျော်က ကျင်လည်စွာ ကျွမ်းထိုး၍ဖမ်းလိုက်ရာ ခင်မိမြိုင်မှ သဘောကျ၍မဆုံးတော့။

သို့သော် သို့သော်။

နောက်ဆက်တွဲ ပေါက်ကျော်၏အပြုအမူကြောင့် ခင်မိမြိုင်ခမျာ 'အလိုလေး' ဟု မျက်နှာကို လက်ဝါးနှင့်အုပ်၍ စပါးကျီဆီသို့ ဆင်းပြေးသွားပါလေတော့၏။

အကြောင်းမှု ပေါက်ကျော်သည် ထုံကြီးသင်ပေးထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ခင်မိမြိုင်၏ ရှေ့တည့်တည့်တွင် နောက်ပြန်ရပ်ကာ ခြေ
အစုံကားလျက် ခါးကိုချိုးလိုက်ပြီး ခြေကြားမှ ခင်မိမြိုင်အား [illegible]
ထုတ်ပြရင်း ၎င်း၏တင်ပါးနှစ်ဖက်အား တဖျန်းဖျန်းနှင့် ရိုက်ပြ
လိုက်သောကြောင့်ပါတည်း။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ဦးသူ

နှင့် တူမျှချစ်ရည် စ[illegible]တွေဝေစည်ရင်း ကြည်နူးလိုက်မည်ဟု အားခဲထားကာမှ ငပိန့်မျောက် ပေါက်ကျော်ကြောင့် အရေးကောင်း ဒိန်းဒေါင်းဖျက် ခံလိုက်ရလေရာ ကြောင်မြီးပူအဖို့ တောက်တခတ်ခတ် ဖြစ်ရသည်။

"တောက် အင်မတန် မျှောက်ပါးဝတဲ့ မျောက်။ငါ့ ရည်းစားကို မတော်တရော် လုပ်ပြတယ်။ သိကြရောပေါ့ကွာ။ မင့်သခင် ငပိန်မရှိတုန်း ခွကောင်းကောင်းကြီး ပညာ ပေးရမယ်"

"မင်းက ဘယ်လိုပညာပေးမှာလဲ"

"ဟိုရောက်တော့ သိမှာပေါ့ ပြေူးရယ်။ ကဲ ငါနဲ့ လိုက်ခဲ့"

ကြောင်မြီးပူက ပြေူးကိုအဖော်ခေါ်လျက် ငပိန်တို့ခြံထဲ ဘက်သို့ ထွက်ခဲ့သည်။ အခြေအနေကကောင်း၏။ ငပိန်က တောထဲ ထင်းသွားတိုက်နေသည့်အတွက် ပေါက်ကျော်အပေါ် ပညာပေးမည့် လက်သည်ကို သိမှာမဟုတ်။

ငပိန်တို့ ခြံအနောက်ဘက်မှ အသာဝင်တော့ အခွင့်သင့် ဆိုသလို ကိုရွှေမျောက် ပေါက်ကျော်ကို အုန်းသီးခွာနေသည်နှင့် ဆုံလိုက်ရသည်။

"ဟော့ ပေါက်ကျော် လာ လာ ဒီကိုလာ"



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကျော်က ကြောင်မြီးပွကို သိကျွမ်းပေ။ သည်တော့ သူ့အန္တရာယ်ကိုမသိရှာဘဲ ခေါ်သည့်ထံ လာသည်။ ပြေးကာမှ ကြောင်မြီးပွ ဘာတွေလုပ်နေသည်ကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေ၏။

"ရော့ စားကွ"

ပဲကြီးလှော်ထုပ်ကို ရှေ့ချကာ ကြောင်မြီးပွက အခွံခွာပြီး စားပြသည်။ အံမယ် ပေါက်ကျော်ကလည်း ခမ်းတည်တည်ဖြင့် ပဲကြီးလှော်ကို နှိုက်ကာ ကြောင်မြီးပွ စားသလိုမျိုး အခွံခွာပြီး စားလေ၏။ ပြုံးမှာတော့ အတတ်မြန်သော ပေါက်ကျော်ကို ကြည့်၍ ခေါင်းတညိတ်ညိတ်။

ပဲကြီးလှော်ကုန်တော့ မြေပဲလှော်ကို ချသည်။

ပေါက်ကျော် ကြည့်နေ၏။

ကြောင်မြီးပွက မြေပဲလှော်အနည်းငယ်ကို ဘယ်ဘက် လက်ဖဝါးပေါ် တင်ကာ ညာဘက်လက်ဖဝါးအုပ်လျက် ပွတ်လိုက်၏။ ပြီးနောက် ညာဘက်လက်ဖဝါး ပြန်ဖွင့်ပြီး ဘယ်ဖက်လက်ဖဝါးပေါ်ရှိ အခွံတွေတွေးနေသော မြေပဲလှော်ကာ ဖူးခနဲမှုတ်လိုက်ရာ အခွံများ လွင့်စင်သွားပြီး မြေပဲလှော်စေ့ သန့်သန့်များသာ ကျန်၏။ ထိုအခါ ပါးစပ်ထဲသို့ ထည့်ဝါး၏။

ပေါက်ကျော်ကလည်း မခေ။

ကြောင်မြီးပွလုပ်သည့်အတိုင်း ထပ်တူဖစ်မျှ လွဲချော် ခြင်းမရှိ။

"အင်း ဒီတစ်ခါတော့ သမ္မာသတ္တဝါကမှ သိတ္တာပဲ ပေါက်ကျော်ရေ"

"ဟာကောင် ကြောင်မြီးပွ မင်း ဘာလုပ်မလို့လဲ"

"မျှင်ငါးဗီကို လက်ဝါးထဲထည့်ပြီး ပွတ်ပြီးသား နှမ်းပြ

www.burmeseclassic.com



မယ်လေ။ မျောက်ဆိုတဲ့ တိရစ္ဆာန်ဟာ မျှင်ငါးမိ အနံ့ကို တကယ်ရှုံတာ။ ဒီတော့ အနံ့ပျောက်အောင် သူ့လက်ဖဝါးကို အထုပ်ထုပ်ပွတ်ရင်း နောက်ဆုံး အသားနီလန်ပြီး ဒုက္ခ ရောက်သွားမယ်''

''ဟာ တိရစ္ဆာန်တစ်ကောင်အပေါ် ဒီလောက် မရက်စက် သင့်ဘူးထင်တယ် ကြောင်မြီးမှူ''

''အို ဘာဖြစ်ဖြစ်ကွာ။ ငါ့ရည်းစားရှေ့မှာ မတော်တရော် လုပ်ပြတဲ့ မျောက်စုတ်။ ဒီတစ်ခါတော့ 'ကိုယ်ပြုသောကံ၊ ကိုယ်၏ထံ၊ တုံ့ပြန်ပဲ့တင်လာလိမ့် မည်'ပေါ့ကွာ ဟဲ ဟဲ ဟဲ။ မင်းမတားနဲ့။ ငါ ကတော့ လုပ်မှာပဲမြှူး''

ပြောပြောဆိုဆိုနှင့် မျှင်ငါးမိထုပ်ကလေးကို ရှေ့သို့ချ လိုက်သည်။ ပေါက်ကျော်ကလည်း မျက်တောင်မခတ်။

ငါးပိထုပ်ကိုဖြေပြီး လက်ညှိုးနှင့်ကော်ကာ လက်ဝါးပြင်၌ သုတ်ပြီး လက်ဖဝါးနှစ်ဖက်ဖြင့် ပွတ်သည်။ ပြီးတော့ ပြန်နမ်းသည်။ ကြောင်မြီးမှူလုပ်သည်က သေသေသပ်သပ်။

ပြီးတော့ မျှင်ငါးပိထုပ်အား ပေါက်ကျော်ရှေ့သို့ ထိုးပေး လိုက်၏။ မြှူးသည် သနားစိတ်ဖြင့် ပေါက်ကျော်အား ကြည့်နေ သည်။ စိတ်ထဲမှာလည်း ''မင်းတော့ ဒုက္ခရောက်တော့မယ် ပေါက် ကျော်ရေ။ အဲဒါ အတုမြင် အတတ်သင်ချင်လွန်းတဲ့ မင်းရဲ့အပြစ်ပဲ'' ဟု ပြောနေမိသည်။

ပေါက်ကျော် ဘာလုပ်လေသနည်း။

မျှင်ငါးပိထုပ်ကို ဆွဲယူ၏။

ပြီးတော့ လက်ဖြင့်ကော်မည့်အသွင်ပြု၏။

သို့သော် မကော်။ အထုပ်အစကလေးကို အသာဆွဲကာ ကြောင်မြီးမှူ၏ မျက်နှာတည့်တည့် ဖစ်ပေါက်ပြီးသကာလ ထုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးထားသည့် ခါးချိုးပြောင်ပြ တင်ပါးရိုက်ကကွက်လေးကို တစ်သဝေမတိမ်း လုပ်ဆောင်ပြီးနောက် သစ်တိုပင်ကြီးပေါ်သို့ တက်ပြေးသွားပါလေတော့၏။

ပြူးမှာတော့ တဟားဟား။

ကြောင်မြီးပူ၏ တစ်ကိုယ်လုံးမှာတော့ မျှင်ငါးပိနံ့တွေ နံ့စော်လျက်။

'ကိုယ်ပြုသောကံ၊ ကိုယ်၏ထံ၊ တုံ့ပြန်ပဲ့တင် လာလိမ့်မည်' ဆိုတာ အမှန်ပါပဲကလား။

(ကြည့်ရှင်ပြုံးပျော်နိုင်ကြပါစေ)

မြို့မေတ္တာခံယူမယ်သ့်

ကိုရွှေတောသား

၁၅.၄.၂၀၀၉

(နံနက် ၉း၄၀ နာရီ)



www.burmeseclassic.com